www.burmeseclassic.com

သိမ့်ထိုက်စာပေ

# မြလွှမ်းချို

(ဆေးတက္ကသိုလ်)

## တစ္ဆေနှင့် ကျွန်တော့်ချယ်ရီ



minn myint khaing

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ် မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၁၈၀၁၀၅၀၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၄၈၉၀၅၀၅ |
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၀၅၊ ဇွန်လ။ |
| ထုတ်ဝေသူ | - | ဒေါ်ဖြူနှင်းဝေ (မြလွန်းချိုစာပေ)<br>အမှတ်(၄၄)၊ ပထပ်(ဝဲ)၊ ၉၁ လမ်း<br>ကန်တော်ကလေး၊ ရန်ကုန် |
| အတွင်းပုံနှိပ်တိုက် | - | ဦးစိန်ဝင်း (စိန်ရတနာပုံနှိပ်တိုက်)<br>အမှတ်(၂၁)၊၁၆၂လမ်း၊<br>တာမွေ၊ ရန်ကုန်။ |
| အဖုံးပုံနှိပ်တိုက် | - | ဦးတိုးဝင်း (နေလရောင်ပုံနှိပ်တိုက်)<br>၉၆/ခ၊ ၁၁ လမ်း၊<br>လမ်းမတော်မြို့နယ်၊ ရန်ကုန်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၀၀၀ ကျပ် |




ကျွန်တော်ချစ်နေတုန်းဘဲလို့တော့ မညာချင်။ ဘယ်တော့မှပြောင်းလဲမှာ မဟုတ်ဘူးလို့လည်းမပြောချင်။

အဆိုတစ်ရပ် ရှိခဲ့ဘူးလေသည်မဟုတ်ပါလား။

“ လောက၌ပြောင်းလဲခြင်းတရားမှလွဲ၍ အရာအားလုံးပြောင်း လဲနေသည်။ ”

ကျွန်တော့်အမြင်မှာ အချိန်တွေကြာခဲ့သည် လူ့ဘဝမှာ တချို့အဖြစ်အပျက်တွေက ဟောင်းနွမ်းသွားပေမဲ့ ကျွန်တော်တို့ဘဝမှာမမေ့နိုင်အောင် ပျော်စရာကောင်းတဲ့၊ ကြေကွဲစရာကောင်းတဲ့၊ ကြည်နူးစရာကောင်းတဲ့ အချိန်တွေရှိခဲ့ကြဖူးသည်။ ထို့ကြောင့် လူ့ဘဝတွင် တချို့အဖြစ်အပျက်များကတော့ အချိန်ဘယ်လောက်ကြာကြာ ဟောင်းနွမ်းဆွေးမြေ့မသွားဘဲ လူဦးနှောက် တစ်နေရာ အသဲနှလုံးထောင့်တစ်နေရာတွင်တော့ အမြဲကြံ့ခိုင်တည်ရှိနေကြသည်။

ထိုသို့သောအဖြစ်အပျက်များအနက် အချစ်ဦးနှင့်ပတ်သက်သောအဖြစ်အပျက်များကတော့. . . ဘယ်ခါမှမရိုးနိုင်သော ခံစားချက်များကို (စဉ်းစားမိတိုင်း)ပေးစွမ်းနိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဦးနှင့်ပတ်သက်သမျှသည် ကြည်နူးစရာလည်းကောင်းသည်။ ကြေကွဲစရာလည်းကောင်းသည်။ လွမ်းစရာလည်းကောင်းပါသည်။

သို့သော် ကျွန်တော်သည် ဝတ္ထုရေးဆရာမဟုတ်ပါ။

ထို့ကြောင့် ကျွန်တော်ဒီထက်ပိုပြီး အချစ်ဦးဆိုသော ပတ်သက်မှုကို ဖွဲ့ဖွဲ့နွဲ့နွဲ့မပြောနိုင်တော့ပါ။

ကြုံရလေသမျှသည် ဝဋ်ကြွေးကြောင့်ဖြစ်မှန်း အသက်ရလာသောအခါ နားလည်လာပါသည်။

ထိုသို့နားလည်လာအောင် သင်ကြားပေးလိုက်သူသည် အချိန်ပင်ဖြစ်သည်။ ငယ်စဉ်တုန်းကတော့ မေ့မှမေ့နိုင်ပါ့မလား...

ဤသို့တွေးတောခဲ့ဘူးသည်။

အဘယ်ကြောင့်ဆိုသော် သူက .. ကျွန်တော့်ကို ဖုန်းနံပါတ်မှတ်သော မီမိုရီ (Memory) စာအုပ်လေးဖြင့် ကဗျာတွေ တစ်ရွက်ပြီးတစ်ရွက်ရေး၍ ပေးခဲ့ဖူးသည့်ချစ်သူ။

× × × × × × × × × × × × ×



ကျွန်မချစ်မြဲ၊ သံသာဝဲမှ
ခွဲထွက်ချင်ဘူး၊ တပ်မက်ဦးမည်
စိန်ခြူးကြယ်တန်း၊ လခြမ်းလဝိုင်း
ညတိုင်းမြင်ချင်။

“ မောင် ... ကြည်အေးရဲ့သစ္စာသစ်ကဗျာထဲကနေ ...းပေးလိုက်တာ .. ချယ်ရီ့ရင်ထဲက စကားလေးတွေနဲ့ ...နေလို့ .. ”

× × × × × × × × × × × × ×



www.burmeseclassic.com

www.burmeseclassic.com



## နိဒါန်း

## အခန်း(၁)

အချစ်ဆိုတာ. . . .

အချစ်ဆိုတာ. . .

အချစ်ဆိုတာ. . .

လွဲချော်မှုတစ်ခုပါပဲ ချယ်ရီ။

ကျွန်တော်ချစ်သောချယ်ရီ။

အဲဒီတုန်းက မှတ်မှတ် ရရ ကျွန်တော်တို့အရွယ်က ရင်ခုန်တတ်ခါစ။ ဆယ့်ခွန်သားသား။ ရင်ခုန်တာတော့ ငယ်ငယ်ကထဲက ခုန်နေတာပါပဲ။ သို့သော် ကိုယ်ချစ်သောသူကို နှစ်သက်သဘောကျ၍ ရင်ခုန်သောခံစားမှုသည် ပိုးသားတမျှနူးညံ့၏။

ကောင်းကင်မှ ကြယ်စင်များကဲ့သို့ လင်းလက်၏။





နှေဦး၏ လေညှင်းခပ်သာသာ ကလေးမျှသာ အင်အားရှိ၏။ ပြီးတော့ ချယ်ရီ့မျက်နှာက ဖွေးဖွေးနုနုကလေး။ (အခုကောင်လေးတွေ သိပ် သဘောကျနေတဲ့ အွန်စောဆိုလား အဲဒီ ကိုရီးယား မင်းသမီး ထက်တောင်လှသေးလို့ ကိုယ့်ဟာကိုယ်ထင်မိပါသည်။)

ချယ်ရီ့မျက်နှာတစ်ခုလုံးမှာ မလှတာဘာမှမရှိ။ မျက်နှာကမိတ်ကပ်မလို၊ သနပ်ခါးမလိုဘဲနဲ့ ဥနေတာဖြစ်သည်။ ကျွန်တော့်စိတ်ထင် အလှဆုံးက နှုတ်ခမ်းကလေးဖြစ်မှာပါ။

နှုတ်ခမ်းက စုစုလေး။ နှုတ်ခမ်းဆိုးဆေးမလိုဘဲ နီရဲနေသည်။ နှင်းဆီဖူးကလေးလိုပါပဲ။ ပြီးတော့ချယ်ရီက ဘယ်တော့မှ သနပ်ခါးမလိမ်း။ ပြောင်တလင်းခါနေသော မျက်နှာသည် လုံးဝ အရယ်အပြုံးမရှိ၊ တင်းမာနေသယောင်ထင်ရလေသည်။

သို့သော် ချယ်ရီက အလွန်အရယ်သန်ပါသည်။ ခိုးခိုးခစ်ခစ်မြည်သည်အထိ ရယ်တတ်သည်။ စာသင်ချိန်တွင် နေကြာစေ့ခိုးစားတတ်သည်။ နေကြာစေ့ခွံများကို ချယ်ရီသိမ်းဆည်းပုံကတော့ ကျွန်တော် ဘယ်တော့မှ မေ့နိုင်မည်မဟုတ်ပါ။

နေကြာစေ့အိတ်ကိုစဖောက်ကတည်းက ဖောက်မှန်း မသိအောင် အနားသတ်လိုင်းကနေ ညီညာစွာဖောက်သည်။ စားပြီးသော အခွံအားလုံးကို ထိုဖောက်ထားသည့်နေရာကနေ အထဲသို့ စနစ်တကျပြန်ထည့်ကာ. . ကော်ဖြင့်ကပ်သည်။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



သူခင်သောသူငယ်ချင်းတစ်ယောက်ယောက်ကို နေကြာစေ့ထုပ် (အသစ်) ကျွေးသလို လွယ်အိတ်ထဲအတင်း ထည့်ပေးတတ်လေသည်။ မသိသူကတော့ခံရသမြှ ။

ကျွန်တော်သည် သိပ်ဆိုးကာ သိပ်အရယ်သန်သော ဆယ်ကျော်သက်ကောင်မလေးများကို မတော်တဆလမ်း၌ တွေ့ရလျှင် ချယ်ရီ့ကို အလိုလို သတိရမိပါသည်။

မသိလျှင်တော့ ချယ်ရီသည် အလွန်မာနကြီးမည့်ပုံစံ။ (ချယ်ရီ က သိပ်ချမ်းသာသော အသိုင်းအဝိုင်းမှဖြစ်သည်။) အကြောင်းသိလျှင်တော့ ချယ်ရီ့လောက် ပြောင်နောက်အစသန်သူလုံးဝမရှိပါ။

ကျွန်တော်နဲ့ချယ်ရီသည် ဆယ်တန်းနှစ်တစ်ဝက်မှစတင် ၍ ရင်းနှီးကျွမ်းဝင်ခဲ့သည်ဆိုတော့ ကျွန်တော်တို့နှစ်ယောက်ရဲ့ ရန်သူသက်တမ်းက ချစ်သူ သက်တမ်းထက် ပိုရှည်ကြာသည်ဟု ဆိုရမည်။

ကျွန်တော်က လူကောင် သိပ်မထွားပါ။ ရွယ်တူချင်းယှဉ်လျှင် ခေါင်းတစ်ခေါင်းစာနိမ့်သော ကျွန်တော်သည် ဂျပုဟု သူငယ်ချင်းများ စသောအခါ "Great men are short" ဟူသည့် နပိုလီယန် လက်သုံးစကားကို အမြဲသုံးလေ့ရှိသည်။

ဆံပင်များက အနဲငယ်ကောက်ကွေးသော ကျွန်တော် သည် ပေါင်ကိုးဆယ်အလေးချိန်ရှိပြီး အသားဖြူလို့သာ တော်တော့သည်





ကျွန်တော့်ကို မုန့်လက်ညှိုးဟု ခေါ်ကြပြီး ထိုအမည်ကို ချယ်ရီ က ပေးခဲ့ခြင်းဖြစ်သည်။

ချယ်ရီ ကတော့ မုန့်လက်ညှိုးကို သူ့အိမ်က ကြောင်ကျွေးပစ်သူဖြစ်သည်။ လူ မုန့်လက်ညှိုးကိုတော့. . . .။

ကျွန်တော့်မှာ မလှပသော ဘဝရှိသည်။

မလှပသော လက်ချောင်းများရှိသည်။

သို့ရာတွင် ထိုသို့ မလှပသောဘဝမှ မလှပသောရုပ်ရည်နှင့်လက်ချောင်းများပိုင်ရှင်ဖြစ်သူ ကျွန်တော်သည် ဘယ်သူမှ လိုက်မမီအောင် လက်ရေးလှပသူဖြစ်ပြီး ကျွန်တော်က ဝတ္ထု၊ ကဗျာအသံအသန့်ဖတ်၍ ရည်းစားစာ အကူး ကျွမ်းကျင်သူ ဖြစ်လေသည်။

ပြီးတော့ကျွန်တော်က ပန်းချီတော်သူ။ ကျွန်တော်တို့ မြို့နယ်ရဲ့ Selection (လက်ရွေးစင်) ဖြစ်သည်။

ဤသို့ ကွာဟချက်များရှိသော ကျွန်တော်နှင့်ချယ်ရီသည် သူငယ်တန်းမှစ၍ တစ်ကျောင်းထဲအတူတူပင်ဖြစ်သည်။

သို့ရာတွင် ကျွန်တော်က အဆင့်တစ်ရာကျော်ရပြီး စီခန်းမှာသာ ကန်ထရိုက်ဆွဲသူ။

ချယ်ရီက အဆင့်လေးဆယ်ခန့်နှင့် အေခန်းမှာ အမြဲနေရသူ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် ကိုးတန်းနှစ်ဝက်အထိတော်တော်ကြည့်မရခဲ့ကြပါ။

ကျွန်တော့်ကိုသူကြည့်မရခြင်းမှာ သူအလွန်မုန်းသောမုန့်လက်ညှိုးနှင့် တူလို့ဖြစ်ပြီး ကျွန်တော်က ကြည့်မရခြင်းမှာ သူသည် ကျွန်တော့်သူငယ်ချင်းများ ကြိုက်သော ကောင်မလေးတွေကို အမြဲ ယောက်ကျားမကောင်းကြောင်း ဘက်ဆဲလားဝတ္ထုတွေဖတ်ပြီး ကပျက်ယပျက်လုပ်တတ်ခြင်း၊ ကျွန်တော်တစ်ယောက်တည်းနဲ့ သူလမ်းမှ တွေ့လျှင်

" ဟဲ့. . . ခွေး. . ဟဲ့ . . . ခွေး. . ပြော်. . ဒီခွေးနှယ်. . သူများ ချီးပဲစားဖို့တတ်တယ်. . "

ဟုအမြဲလိုလို ပြောတတ်ပြီး ကျွန်တော့်ကိုခပ်တည်တည်ကြည့်ကာ. . . " ဒီညနေထမင်းစားပျက်ရတော့မှာပဲ " ဟုပြောတတ်ခြင်းတို့ကြောင့် ဖြစ်သည်။

ပြီးတော့ သူနဲ့ကျွန်တော်က အိမ်တစ်လမ်းပဲခြားပါတယ်။

ထို့ကြောင့် တွေ့ဖို့လွယ်ကူပြီး. . အမြဲရန်စောင်နေခဲ့ကြသည်။ ဒါပေမဲ့ ကျွန်တော်က သူ့ကို စလျှင် သူရယ်ပြီးကျွန်တော့်ကို သူပြန်စလျှင် ကျွန်တော်စိတ်တိုရလေသည်။

ချယ်ရီက အဲဒီလိုလည်သော ကောင်မလေးပါ။

× × × × × × × × × × × × ×





ယောက်ျားတွေလုပ်ဆောင်တဲ့ အရဲဝံ့ဆုံးအရာဟာ မိန်းမတွေကိုချစ်တာပါပဲ။ အမေရိကန် သန်းကြွယ်သူဌေး ဒင်းနစ်တီးတိုးက အမေရိကန်ဒေါ်လာသန်း ၂၀ ပေးပြီး ရုရှား အာကာသယာဉ်ဆိုယုစ်နဲ့ အာကာသခရီးသည်အဖြစ် လိုက်သွားနိုင်တယ်ဆိုရင် မင်းကရော ကိုယ့်အချစ်ကို ဘာလို့ ဥပေက္ခာပြုနိုင်မှာလဲ။

ဒါပေမဲ့ငါကတော့ သေသည်တိုင် သူမကို ချစ်မိနေတော့တာ. . . .

သူရှိးသားတယ်လို့ အာမခံချက်ပေးဖို့ အသင့်မရှိပါဘူး. .

လောကနဲ့ သတ္တဝါအားလုံးဟာ ဥတုနိယာမ-ဗီဇနိယာမ-စိတ္တနိယာမ-ကမ္မနိယာမဆိုတဲ့ နိယာမကြီးတွေအရ ဖြစ်ပျက်နေရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘဝင်မကိုင်ပါနဲ့
လင်းလင်းမှောင်မှောင် သူ့သဘောသူဆောင်မယ်
တို့မင်းဆီ လှည့်လာခဲ့ပါပြီကွယ်
ဇာတိမြေက လေကိုရှူ
တင်းတိမ်ရောင့်ရဲစွာနေတတ်သူ
ကျောက်ဘီလူးတဖြစ်လဲ
ကျော်စွာ

မှတ်ချက်။ ။ ခိုင်လွင်ရေးပေးသောစာဖြစ်ပါသည်။

ကျွန်တော့်မှာ ဘောလုံးကန်ဖော်ကန်ဖက် ကျောင်းပြေး ဖော်ဖားရိုက်ဖော် သူငယ်ချင်းနှစ်ယောက်ရှိသည်။ တစ်ယောက် က ကျောက်ဘီလူးကျော်စွာ၊ မျက်နှာမှာ ဝက်ခြံတွေရှိသဖြင့် ကျောက်ဘီလူးဟုခေါ်ရခြင်းဖြစ်သည်။

နောက်တစ်ယောက်ကတော့ (ပုရွက်ဆိတ်) လှိုင်ငြိမ်းချမ်းဖြစ်သည်။

ပုရွက်ဆိတ် ဟုခေါ်ရခြင်းမှာ. . . လူကောင်ထွားထွား နှင့် ဆရာမရိုက်လျှင် အသံပြဲအောင် အော်ငိုတတ်သောကြောင့် ဆရာမကိုယ်တိုင် "ပုရွက်ဆိတ် အသဲနှလုံးပဲရှိတဲ့ကောင်"ဟု ကင်ပွန်းတပ်ခဲ့သည်။ ဒီကောင် အော်ငိုတာ. ပါးစပ်ကဟောင်ရှိုးရှိုး ငိုတာမဟုတ်ဘဲ. . . ဇာတ်ပြောပြော၍ငိုတာမို့ ဆရာမတောင်



ရယ်သွားသည်။

"ရှိကြီးခိုးပါရဲ့. . ဆရာမရယ် သားလက်ကလေးတွေက နုနုလေးတွေ ဆရာမကြိမ်လုံးကြီးက အကြီးကြီး. . . အဟီးဟီး. . ဆရာမကို ဒန်ပေါက်ဝယ်ကျွေးပါ့မယ်ဆရာမရယ်. . တားတားကို မရိုက်ပါနဲ့နော်. . . ."

ဟူ၍ လာဘ်ထိုးငိုသည့်ကောင်။ အဲဒါ ကျွန်တော်တို့လေး တန်းတုန်းကမို့ ကောင်းကောင်းမှတ်မိသည်။

အရွယ်ရလာတော့ ရည်စားလိုချင်စိတ် အရင်ဆုံးဖြစ်လာတာ ကျော်စွာဖြစ်သည်။ မျက်နှာက ဝက်ခြံတွေ မမြင်ရအောင် သနပ်ခါးထူထူလိမ်းပြီး ဆယ်တန်း "ဘီ" ဘက်ခဏခဏသွားတတ် (ချောင်းတတ်) သော ကျော်စွာသည် နှစ်ဝက်ခန့်မှာ. . . . အချစ် ရောဂါထတော့သည်။

အဲ. . . .။ ဆယ်တန်းမှာက ခါတိုင်းနှစ်လို အဆင့်တွေသတ်မှတ်ပေမဲ့ ရောထွေးထား၍ ကျွန်တော်တို့သုံးယောက် အခန်းကိုမရောက်စဖူးအရောက်ထူးကာ ကျွန်တော့်မှာ ချယ်ရီနှင့်တွေ့ရခြင်းဖြစ်သည်။ ကျော်စွာလိုက်တဲ့ကောင်းမလေးက သစ္စာမဒ္ဒီ တဲ့။ နာမည်က တော်တော်လာတဲ့နာမည်။ အဲဒီကောင်မလေးကို ကျော်စွအသဲအသန်ဖြစ်တော့. ကျွန်တော်က ထုံးစံအတိုင်း တွေ့ကရာမဂ္ဂဇင်း တစ်ခုကောက်လှန်၍ စာတစ်စောင်ဖြစ်အောင်ဖန်တီးရသည်။

www.burmeseclassic.com



ဤသို့ဖြင့် အထက်ပါစာတစ်စောင်ဖြစ်လာလေသည်။

" မင်းဟာက စာကြောင်းတွေ ထောက်နေတယ်ကွ... ဖတ်ရတာ..နဲနဲ..အဲ... ထမင်းနှင်သလိုကြီးပဲ "

ကျော်စွာက စာကို ခပ်ကျယ်ကျယ်အောင်ဖတ်ပြီး ဝေဖန်သည်။

လှိုင်ငြိမ်းချမ်းက ကျွန်တော်တို့ရှေ့က ခုံမှာ သူ့ဘောလ်ပင် (ဖောင်တိန်) မှင်ချောင်းထဲက မှင်တွေယိုနေတာကို လက်ဖြင့် ခါချနေရာ ရှေ့ဖင့်ထိုင်ခုံမှာ အစက်တွေပြန့်ကြကုန်တော့သည်။

" လုပ်ပါဦးကွ နိုင်လွင်.. ငါ့မှင်ချောင်း သွားပြီ "

" ဆက်မခါနဲ့တော့လေကွာ.. အဲဒီခုံမှာ.. ဝင်ဖင် ထိုင်တဲ့ဟာကို... "

ကျွန်တော်တို့ကို အခန်းကရှိနေမြလူများက မတွေ့မတန် သလို ဆက်ဆံကြပါသည်။ နှစ်တိုင်း ဤခန်းမှာ နေတဲ့ကောင်တွေ ကံစွပ်ပြီး အောရောက်လာတာဟူသော မျက်နှာပေးမျိုးဖြင့် အရေး မစိုက်ကြပါ။

အဲဒီလူတွေထဲမှာ "ဝက်ဖင်" ဟုကျွန်တော်ခေါ်သည့် ချယ်ရီက အဆိုးဆုံးဟုထင်ပါသည်။

ကျွန်တော့်စာကို ကျော်စွာကမကြိုက်။

မှင်တွေပေကျံနေသောလက်ဖြင့် လှိုင်ငြိမ်းချမ်းက



သူဖတ်တာ

"ဟာ..မေဒ်ဒင့်ပဲကွ..အောင်မယ်.. ကာရံ တောင်ပါသေး...လင်းလင်းမှောင်မှောင် သူ့သဘောသူဆောင် မယ်... ကျောက်ဘီလူးမကြိုက်ပေမဲ့ ငါကြိုက်တယ် "

" မင်းကြိုက်ဖို့အရေးမကြီးဘူး...မဒ္ဒီ ကြိုက်ဖို့အရေးကြီး တယ်..မဒ္ဒီ နားလည်ဖို့ အဓိကပဲ နိုင်လွင် မင်းလူနားလည်အောင် ရေးစမ်းပါကွာ"

ထိုအခိုက် မုန့်သွားစားသော ချယ်ရီ နဲ့သူငယ်ချင်းတို့ ရှေ့ခုံပြန်ရောက်လာသည်။ ကျွန်တော်က ချယ်ရီ ကိုမြင်သောအခါ

"ငါ လူနားလည်အောင် ရေးတာ..ဝက်တွေတော့ နားလည်မယ်မထင်ဘူး..ဝက်ဖင်က လူထက်အဆင့်မြင့်တယ် "

ချယ်ရီ တဆတ်ခနဲ နောက်လှည့်ကြည့်သည်။ သူ့ကို မမှန်းသိသည်။ ကျွန်တော်က ဟီးခနဲ တစ်ချက်ရယ်ပြလိုက်သည်။

"နင့်သွားမှာ ချေးပိသီးဖတ်ကြီး ကပ်နေတယ်.. ငါ့ကိုများ ချွဲစား မှတ်နေလားမသိဘူး... သွားချေးအထပ်ထပ်နဲ့ သွားကို ဖြီးပြနေတယ်"

ကျွန်တော့်မှာ အတန်းသားတွေ အလယ် ချယ်ရီ အသံပြ ကြောင့်အရှိန်းရှက်သွားရသည်။ လူပျိုပေါက်အရွယ် လှချင်ပချင်တဲ့ အရွယ်မို့... အစစအရာရာ ကိုယ့်မျက်နှာအရေးထား နေချိန်မှာ

www.burmeseclassic.com



လူကြားထဲ၌ မိန်းခလေးတစ်ယောက်က ထိုသို့ ကျွန်တော့်သဘ မထားမိသော အားနည်းချက်ကို အော်ကြီးဟစ်ကျယ် ပြောသောအခါ ‌ေတန်းသားတွေကလည်း ဝိုင်းဟားခံရသည့် အတွက် ကျွန်တော့်မှာ တော်တော်လေး ရှက်သွားရလေသည်။

ညနေကျောင်းပြန်တော့. . . ချယ်ရီတို့အိမ်ကကားက ခဲနဲ့ထုချင်စိတ်ပင် ပေါက်ခဲ့သည်။ ပိုခံရခက်တာက ချယ်ရီတို့က က သူကားကိုပေစောင်းစောင်း ကြည့်သော ကျွန်တော့်အား

"အဲဒီကောင်လေး ရှပ်ကိုက ကာလိမ်ကကျစ်ရှပ်နဲ့ တော်ကြ ငါ့ကားကို ဆယ်ပြားစေ့နဲ့ ခြစ်သွားဦးမယ်. . ."

ဟု မကြားတကြား (သူ့ဒရိုင်ဘာ) အား ပြောနေသံကို နား ဆတ်ဆတ်ကြားရသည့်အခါ ကျွန်တော့်မှာ ဒီမအေမျိုး ရှိလို့ဒီသ မျိုးရှိတာဟု စိတ်ဖြင့်စေးမှတ်ထားလိုက်လေသည်။

"မင်းကလဲ ဟုတ်သားပဲ. . သူ့ကားကို ပြူးပြဲ သွားကြည့်နေတာကိုး. . ဟိုက နဂိုကတည်းက လမ်းလျှောက်တဲ့ ဆို လူလို့ထင်တာ မဟုတ်ဘူး. . ကားစီးနိုင်မှ လူလို့ထင်တာ.

လှိုင်ငြိမ်းချမ်း ကကျွန်တော့်ကို ဆုံးမသည်။ ကျော် ကတော့ ကျွန်တော့်တို့ပြောနေတာကို စိတ်မဝင်စားဘဲ. သူ့ကောင်မလေးကို ညနေကျူရှင်မှာ စာပေးဖို့ စိတ်စောနေလေသည်။



"ခိုင်လွင် မင်းရေးထားတာ အဆင်မှပြေပါ့မလားကွာ. . . တော်ကြာ သူငါ့ကို နားပန်ကျင်းနေအုံးမယ်"

"ကျင်းတော့လည်း ခံလိုက်ပေါ့ကွာ. . . ."

"မင်း ခံပါလားကွ"

"ဟဲ့ကောင်မရဲ့. . အဲဒါ ညည်းကြိုက်တာလေ. . . . . ကျုပ်ကြိုက်တာမှ မဟုတ်တာ"

ကျွန်တော်တို့သုံးယောက်သည် အခါတော်တော်များများ သူငယ်ချင်းချင်းတွင် ဟဲ့ကောင်မ၊ ညည်း၊ တော်၊ ကျုပ်၊ အဲသလို တောဆန်ဆန် သုံးစွဲလေ့ရှိပြီး ထိုသို့သုံးနှုန်းရသည်ကို စိတ်ထဲတွင် ကျေနပ်ပီတိဖြစ်သည်။

(ချယ်ရီ ကတော့ သူ့သူငယ်ချင်းတွေကို ရှင် နဲ့ ကျွန်မ ဟုနားကြားပြင်းကတ်စရာကောင်းသော အသုံးအနှုန်းမျိုး သုံးစွဲရာ ကျွန်တော်က ချယ်ရီတို့ရှေ့ရောက်လျှင် တမင် အပြဲပြဲနဲ့ အဲဒီစကားလုံးများကို ပြောဖြစ်သည်။)

ညနေဘက်ကျူရှင်က ခြောက်နာရီမှစသည်။

ကျွန်တော်တို့သုံးယောက် ကျူရှင်လမ်းထိပ်က အုတ်ခုံ ပေါ်တွင်ထိုင်ပြီး လာသမျှကောင်းမလေးတွေကို ဗယ်ညာသံ ဟုညာသံပေးကာ နောက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်တန်းတုန်းက စကက်ဒ်ကလေးကို ဆယ်တန်းထိ ဝက်နေတယ်ကွာ. . . မာမီ့ကိုပြောပါလားသမီးရယ်. မာမီချုပ်ပေးမှာပေါ့"

" ပဲခူးကလှမ်းကြည့်ရင်. . . မော်ဒယ်လ်နဲ့တူတယ်. . "

" နောက်မှာပါလာပြီ. . ပါလာပြီ. . . မိနပ်. . "

"ခုနှစ်နှက်သားသမီးစိတ်အေးချမ်းဖို့ နေပြည်တော်ဆရာလှိုင်ရဲ့ မြစ် ငြိမ်းချမ်း. . အဲ လှိုင်ငြိမ်းချမ်းရဲ့ ဗေဒင်ဟောစာတမ်းလေးတွေရမယ်နော်. . . ဒီမှာ ဗေဒသျှတ္တရပညာရှင်ကျောက်ဘီလူးကျော်စွာကလည်း ကောင်မလေးတွေဆို အလကားအခမဲ့ ဟောပြောပေးပါတယ် "

ကျွန်တော်ပါးစပ်ထဲရှိတာ ပေါက်ကရအော်သည်။

တချို့ကောင်မလေးတွေက ပြုံးစိစိ၊ တချို့က မျက်စောင်းထိုးသည်၊ တချို့ကရယ်သွားကြသည်။

"လာပြီကွငါ့ရဲ့ သစ္စာမဒ္ဒီလေးလာပြီ"

ကျော်စွာဝမ်းသာအားရဆိုသည်။

"တောက်. . . ထမီလေးက ရှည်ရှည်လေး. . . လမ်းလျှောက် ရင် ခြေထောက်ဘယ်တော့မှ မမြင်ရဘူး. . ပန်းဝင်မြောက်တာ ကွ. . ဂန္တဝင်"





ကျော်စွာပါးစပ်က သားရေတွေတို့သိမ်းသည့်ဟန်နှင့် လှိုင်ငြိမ်းချမ်းကလုပ်ပြသည်။

သစ္စာမဒ္ဒီ ကျွန်တော်တို့ရှေ့ရောက်လာတော့. .

ကျော်စွာက မတ်တပ်ရပ်ကာ ကောင်မလေးရှေ့မှာ ပိတ်ရပ်လိုက်သည်။ ကောင်မလေးက အလန့်တကြားဖြစ်သွားပုံရတာ. .

" ဘာလုပ်မလို့လဲ "

ဟုမေးရှာသည်။

" ကြော်ငြာမလို့. . အဲ "

ကျော်စွာသည် အနီးကပ်မြင်ရသောအခါ ကြောက်ဒူးတုန်လာပါလိမ့်မည်။ ကောင်မလေးက ထိုသို့မေးသောအခါ ပါးစပ်ထဲတွေ့ကရာ ပြောလိုက်သည်။

" ဘာကြော်ငြာလဲ "

" ဆေး "

" ဘာဆေးလဲ ငါ့မှာဘာရောဂါမှမရှိဘူး"

" ဟို. . အဖိုးကြီးတွေကို နွားသိုးကြီးတွေလို. . သန်စေတဲ့ဆေး"

" ဘာ "

× × × × × × × × × × × × ×



www.burmeseclassic.com

www.burmeseclassic.com



" သွားပါပြီကွာ. . သွားပါပြီ. ငါ့ပါးစပ်ကလည်း. . ဘာလို ပေါက်ကရပြောမိသွားမသိပါဘူး "

" ဟိုက ပါးမရိုက်သွားတာကံကောင်း"

ကျွန်တော်က ရယ်စစနှင့်ပြောသောအခါ ကျော်စွာ ကျွန်တော့်ကို ကြည့်ပြီး တရားခံရှာသည်။

"မင်းကြောင့်"

"ဟ. . . ဘာလဲကွ"

" မင်းနဲ့အနေနီးလို့ ငါ့ပါးစပ်က သွပ်ချာပါဒ ရောဂါ ဖြစ်ပြီး ပေါက်ကရပြောတတ်လာတာ. . အိမ်ကတောင် ပြောနေကြတယ်. . ဘာလွှတ်ရှတ်တတ်ပြောလွန်းလို. . ဘယ်ကအကျင့်တွေကူးလာလဲမသိဘူးတဲ့ "





" ကောင်မ. . ဒါညည်းအလိုတူအလိုပါ ဖြစ်ခဲ့တာ. . ခုမှ ကျုပ်ကိုလှည်းကျိုးမထမ်းခိုင်းနဲ့. . . သားကြီးလှိုင်ငြိမ်းချမ်း. . မာမီ့ကို ဒီအတိုင်းကြည့်နေတော့မလား. . ဒီမှာမာမီ့ကို တူ. . . . တူ. စော်ကားနေတယ်. . ပါးစပ်နဲ့ "

ကျွန်တော်က စိတ်ပြေရာပြေကြောင်း နောက်လိုက်မှ ကျော်စွာမျက်နှာပြန်ပြုံးလာသည်။

" မင်းငါ့ကိုကူညီကွာ ခိုင်လွင်"

"လုပ်ပြန်ပြီ မင်းပဲ ခုတစ်မျိုး. . တော်ကြာတစ်မျိုး"

" မဒ္ဒီကို စာပေးပေးကွာ "

" ငါ "

" အေး "

" လှိုင်ငြိမ်းချမ်းရောမဖြစ်ဘူးလား"

" မဖြစ်ဘူး. . ငါ့ဘဝမှာ ဘယ်မိန်းမကိုမှ စာမပေးဘူး ခိုးပဲပြေးမှာ. . . ငါ့ကိုစိတ်ချရင်တော့ မင်းသဘောပဲ. . တော်ကြာငါမဒ္ဒီ့ကို ကြိုက်သွားရင်. . "

"တော်တော့ကွာ. . လှိုင်ငြိမ်းချမ်း. . မင်းလုပ်မပေးနိုင် ရင်ရတယ်. လာမထိနဲ့. . ခုတ်လိုက်တတ်တယ်နော်. . ငါ့ ကောင်မလေးကိုထိရင်. မင်းခေါင်းကဆံပင်တစ်မွေးမကျန် ငါဆွဲနုတ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ကျွန်တော့်မှာ ကျော်စွာ ကိုယ်စား စာပေးပေးရသည်။

ဖြစ်ချင်တော့ နောက်တစ်နေ့ ညနေမှာ ချယ်ရီပါ မဒွီနဲ့ အတူပါလာသည်။

ကျော်စွာ တိုကတိ ပေးထားရသောကြောင့်သာ . . . ကျွန်တော့်မှာ သူတို့နှစ်ယောက်နောက်သို့ လိုက်သွားရသည်။ စိတ်ကတော့ နောက်ကာ လူကလည်း မအီမလည်ကြီး။ ချယ်ရီက ကျွန်တော်သူတို့နောက်လိုက်လာမှန်း သိတော့ နောက်လှည့်မေးသည်။

" နင်ဘာဖြစ်နေတာလဲ "

" အန် "

" နင်ဘာဖြစ်နေတာလဲလို့ မေးနေတာလေ "

" ငါဘာမှမဖြစ်ဘူး"

" ဒါဆို ငါတို့နောက်က နင်ဘာလို့လိုက်လာတာလဲ"

သစ္စာမဒွီက သူ့လက်သန်းကို ပါးစပ်ထဲထည့်ကိုက်ကာ ကျွန်တော့်ကိုခပ်စွေစွေ ကြည့်သည်။ ချယ်ရီကတော့ ကျွန်တော့်ကို ဖိဟောက်သည်။

" ငါသစ္စာမဒွီ့ကို စာပေးမလို့ "





" မဒွီ . . . ရှင့်ကိုစာပေးမလို့ ဆိုပါလား . . သူကျွန်မတို့နောက်က တောက်လျှောက်လိုက်နေတာ ကျွန်မစိတ်မရှည်တော့ဘူး . . . သူ့စာကိုကျွန်မတို့ယူလိုက်ရအောင်"

" ရှင့်သဘောလေ ချယ်ရီ"

အသက်အားဖြင့် ဆယ်ခြောက်နှစ်။ ရှင်တွေ ကျွန်မတွေ နဲ့ ကျွန်တော်နားထဲ အကြားဆိုးလှသည်။ သူတို့ကိုယ်သူတို့ များ . . . အပျိုကြီးမမတွေမှတ်နေကြလား မသိ။

" ကဲ . . နင်ပေးမဲ့စာငါ့ကိုပေး "

" နင့်ဖို့မဟုတ်ဘူး ဝက်ဖင်ရဲ့"

" နင် . . နင် ငါ့ကိုခေါ်ပြန်ပြီလား . . . တောက်"

" ငါကချစ်စနိုးနဲ့ခေါ်တာပါဟာ"

" မခေါ်နဲ့ . . လူပုံက မုန့်လက်ညှိုးပုံနဲ့ . . အကြောက မသေးဘူး တော်တော်ထောင်တယ် ကဲပေး နင့်စာ"

" နင့်ဖို့မဟုတ်ဘူးဟ ဒါမပမဲ့ နင်လိုချင်ရင် ငါရေးပေးပါ့မယ်"

" နင်ပြောလေ ဆိုးလေပါလား မုန့်လက်ညှိုး . . . ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီဒေါသထွက်သောအခါ နှုတ်ခမ်းကလေးက ပိုနီလာသည်။ မျက်လုံးကလေးက ပိုပြူးလာသည်။ သစ္စာမဒွိက ကြားဝင်၍

" ကဲ . . မဒွိ့ကိုပဲပေးတော့ "

ဆိုကာ ကျွန်တော့်လက်ထဲကစာကိုဆွဲယူပြီး ချယ်ရီ့ ကို ဖြောင်းဖျသည်။ ချယ်ရီကတော့ ကျွန်တော့်ကို မျက်လုံးကြီးပြူးကာ စိုက်ကြည့်နေတုန်း။ အသားဖြူသူမို့ ပါးပြင်က သွေးကြောကလေးတွေ လှုပ်နေတာတောင် မြင်ရပါသည်။

"လာပါ ချယ်ရီရယ် . . ရှင်နေကောင်းတာလည်းမဟုတ်ဘဲ . . စိတ်တိုနေတော့ ခေါင်းပိုကိုက်ပါ့မယ် . . လာသွားကြရအောင် "

နောက်မှကျွန်တော်သိရသည်မှာ သစ္စာမဒွိနှင့်ချယ်ရီသည် ညီအစ်မနှစ်ဝမ်းကွဲ တော်သည်။

ပြီးတော့ ကျွန်တော် လိုက်နှောက်ယှက်သောနေ့ ချယ်ရီ အဆစ်အမြစ်တွေ ယောင်ယမ်းနေသဖြင့် ကျူရှင်နှင့် မျက်စောင်းထိုးက ဆေးခန်းမှာ လာပြခြင်းဖြစ်သည်။





ပိုက်ဆံရှိသော ချယ်ရီသည် အိမ်တွင်တစ်ဘာသာချင်း ခေါ်သင်သည်။ သစ္စာမဒွိတို့က ချယ်ရီတို့လို ကျိုကျိုမတက်ပေ။ ရေညှိတော့ တက်နိုင်လောက်ပါသည်။ သာမန် ဝန်ထမ်းမိသားစုဖြစ်သည်။

သစ္စာမဒွိ နှင့်သွားလာတာကို ချယ်ရီတို့အမေက သိပ်မကြိုက်ဟု နောင်တွင် ချယ်ရီက ပြောပြပါသည်။

သစ္စာမဒွိတို့က မချမ်းသာလို့ ဆွေးမျိုးဟုပြောရမှာရှက်သည့် ချယ်ရီ့အမေသည် နာမည်က ဒေါ်ချစ်မမဂုဏ်ဆိုတဲ့ နောက်နာမည်ကစီးပြီး . . လူကပါ နဲနဲ ဇာချော်နေတာ ဖြစ်ပါလိမ့်မည်။

× × × × × × × × × × × × ×



www.burmeseclassic.com

www.burmeseclassic.com



"ခိုင်လှုိင်"

ကျွန်တော့်ရှေ့ကို သစ္စာမဒ္ဒီက စာကိုချပေးတာ ခေါ်သည်။ အနားမှာရှိနေသော ကျော်စွာက မျက်နှာငယ်ဖြင့် ကျွန်တော့်ကို ကြည့်ကာ ခေါင်းငုံ့သွားလေသည်။

" ဘာတုန်း မဒ္ဒီ "

" ကျွန်မတို့ ဘဝင်မတိုင်ပါနဲ့လို့ရေးရော အကြောင်း ရှိလိုလား.. ရှင့်သူငယ်ချင်း ကျောက်ဘီလူးကိုကြိုက်မဲ့အစား ဝဝကျောက်ပဲ ဖတ်အိပ်တော့မယ်.. ကိုယ့်မျက်နှာကိုယ်.. မှန်ထဲ ပြန်ကြည့် ဝဝကျောက်က အဖေခေါ် ရမဲ့ရုပ်မျိုးနဲ့.. "





" ဟာ.. မဒ္ဒီ ရယ်.. ကျွန်တော့် သူငယ်ချင်းကို အဲဒီလောက်ထိ ရက်ရက်စက်စက် မပြောပါနဲ့ဗျာ.. သူခံစားရ တယ်ဆိုတာ ကျွန်တော်အသိဆုံးပါ.. ထမင်းစားရင် ပန်းကန်နဲ့ အမြဲခံစား.. လက်ဖက်ရည်သောက်ရင်.. ပန်းကန်နဲ့ အမြဲ ခံသောက်... "

' တော်ပါတော့ "

" ဗျာ "

" တော်ပါတော့လို့ပြောနေတာ... ကိုယ့်အခြေအနေ ကိုယ်သိပါ.. ကျောက်ဘီလူးက ကျောက်ဘီလူးလို့ အခေါ်ခံ နိုင်ပေမဲ့ ကျွန်မက ဘီလူးစောင့်တဲ့ပန်းလို့ အပြောမခံနိုင်ဘူး"

ကျော်စွာ့မျက်နှာမှာ ခေါင်းငုံ့နေရာမှ လူကပါပို ကျုံ့သွား သလို မဏီမသာ ဖြစ်သွားသည်။ သစ္စာမဒ္ဒီက သူ့ကို ကျော်စွာ ကြိုက်သည့်အတွက် တော်တော်လေး ဘဝင်မြင့်နေပုံပေါ်သည်။

"ကြီးကြီးကျယ်ကျယ်နဲ့.. ဟော့ကောင် ကျောက်ဘီလူး... မင်း ဆက်မလိုက်နဲ့တော့ကွာ ယောကျ်ားကွယောကျ်ား ဘာကိစ္စ နဲ့မှ မိန်းမတစ်ယောက်က ချိုးချိုးဖွဲ့ဖွဲ့ ပြောတာခံရစရာမလိုဘူး"

လှိုင်ငြိမ်းချမ်းက ဒေါသဖြင့်ဆော်သည်။

ကျောက်ဘီလူးကျော်စွာက ခေါင်းငုံ့ထားရာမှ ခေါင်းမော့ လာသည်။ မျက်နှာရှုံ့မဲ့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



" ဘာဖြစ်နေတာလဲ ကျော်စွာ "

" ဝမ်းနှုတ်ဆေးနဲ့ လျှက်ဆား မှားစားမိပြီထင်တယ်. . "

" မင်းတချိန်လုံး ခေါင်းငုံ့နေတာ. . သစ္စာမဲ့ဒွိကို ရင်မဆိုင်ရဲလို့မဟုတ်ဘူးပေါ့"

" ဒေါ့. . . ငါ့ဗိုက်က ရင်နာလာလို့. . သက်သာမလား ထင်ပြီး ကျုံ့ကျုံ့လေးထိုင်နေတာကွ. . အိမ်သာထဲဝင်လိုက်အုံးမယ်ကွာ. . . "

" နေဦး. . မင်း ဟိုကပြောသွားတာတွေ ဘာမှ မခံစားရဘူးလား. . "

" ဘာခံစားရမှာလဲ. . ကောင်မလေးတွေပေါလွန်းလို့. . သူမကြိုက်လည်း. . ငါနောက်ထပ် လိုက်လို့ရတယ်တွေရှိသေးတယ်။ သူနဲ့ကြိုက်လည်း. . ငါထပ်ကြိုက်ချင်မှကြိုက်မှာပဲ. . သွားတော့မယ်ကွာ. . ငါ့ဗိုက်က တော်တော်နာလာပြီ"

ကျုံရှင်အိမ်နောက်ဖေးရှိ အိမ်သာကို အမြန်ထပြေးသော ကျော်စွာကိုကြည့်ပြီး ကျွန်တော်နှင့်လှိုင်ငြိမ်းချမ်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ. . . ။

အချစ်ဆိုသောအရာကို ကျွန်တော်တို့ ဝတ္ထုတွေထဲ၊ သီချင်းတွေထဲတွင် ပေါပေါများများ ကြားရလေ့ရှိပါသည်။

အချစ်ဆိုတာ. . . ကိုယ်ကလိုက်တဲ့အချိန်မှာ ပြေးတတ်တဲ့လိပ်ပြာကလေးနဲ့တူပြီး ကိုယ်ကမလိုက်သောအခါ ကိုယ့်ပုခုန်းမှာလာနားသော လိပ်ပြာကလေးနဲ့တူသည်ဟူသော အဆိုကို ကျွန်တော်ဖတ်ဖူးခဲ့ပါသည်။ သို့သော် ကျွန်တော်တို့အရွယ်၏ စိတ်ထဲတွင် ဘောလုံးကန်၊ ညဘက် ကြိုက်တဲ့ကောင်မလေး အိမ်ရှေ့သွားပြီး ဂစ်တာသွားတီး. . . ကိုယ့်ကောင်းမလေးကို ကျောင်းမှာ ဖျတ်ခနဲ တစ်ချက်မြင်ရရုံဖြင့် ဆန့်ခနဲဝမ်းသာလုံး ဆို့တတ်သော ခံစားချက်သည် အချစ်ဟုပင်ထင်ကြပါသည်။

ကျွန်တော်တို့ဆုံခဲ့ကြည်။

ပြီးတော့ ရင်ခုန်ခဲ့ကြသည်။

ခွဲခွာရခက် မျက်ရည်စက်လက်ဖြင့်. . .

လွဲခဲ့ကြသည်။

ရင်ခွင်နှစ်ခုပူးပြီး ချည်ထားဖို့ ဖူးစာဖက်ကြိုးက. . . ကျွန်တော်တို့နှစ်ယောက်ကြားမှာ ပျောက်ရှခဲ့တယ် ထင်ပါရဲ့. . ။

ခွဲခွာခြင်းနောက်မှာ. . . လူမှုကျင့်ဝတ်တရားတွေ တန်းစီနေကြသည်။ လွမ်းလည်းမလွမ်းချင်တော့ပါဘူး မိချယ်ရီ။

နင့်နှုတ်ခမ်းနဲ့ နမ်းခဲ့တဲ့အနမ်းတွေကတော့ တစ်ခါ တစ်လေ တစ်ရေးနိုးအိပ်မက်ထဲမှာ ကဆုန်ပေါက်နေတုန်း။

ကျွန်တော်ကြည့်မရဆုံးအရာတစ်ခု ဤလောကတွင် ရှိသည်။ ထိုအရာသည် ငွေပဲဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



ငွေဆိုဖြသာအရာသည် ဘယ်ဘဝက ဆုတောင်းကြောင့် လူတိုင်းသည်းခြေကြိုက် စွဲလန်းဆုံးအရာဖြစ်နေရပါသလဲ။

ကျွန်တော်မသိပါ။

ငွေတွေ အထပ်လိုက်ပိုင်ဆိုင်ရခြင်းသည် လူ့ဘဝရဲ့ အနှစ်သာရလား။

ကျွန်တော်မထင်ပါ။

ကျွန်တော်က ပန်းချီဆေးရဲ့ Chemical နံ့ကြားမှာပျော်တဲ့သူ၊ ဂရပ်ဖစ် ဒီဇိုင်းများဖြင့် အချိန်ပြည့်အလုပ်လုပ်ရသူ။

ငွေများ. . .။ ကျွန်တော် ငယ်ရွယ်စဉ်က ကြုံရသော ချယ်ရီနှင့်ပတ်သက်သည့် အဖြစ်များကြောင့် ငွေကို ဟားတိုက်လှောင်ရယ်ဖူးပါသည်။

ကမ္ဘာမြေကြီးရဲ့ အဆုံးသတ်မကောင်းသော ခေတ်သစ်အချစ်ဇာတ်လမ်းတိုင်မှာ ငွေသည် အမြဲတမ်းပါဝင် ပတ်သက်နေလေ့ရှိသည်။

ငွေသည် လူမုန်းလည်းခံရသည်။

လူချစ်လည်းခံရသည်။

ဘယ်မလောက်လူမုန်းခံရပါစေ. . ငွေသည် ကျွန်တော်တို့ကို စိုးမိုးချုပ်ကိုင်နိုင်စွမ်းရှိတာကို ငြင်းမရ။





ကျွန်တော်ငွေကိုမုန်းသည်။

သို့သော် ယခုထိ ကျွန်တော် ငွေရှာနေရတုန်းဖြစ်သည်။ ငွေရရန် မိုးလင်းမိုးချုပ် အလုပ်လုပ်ရတုန်းဖြစ်သည်။

ငွေအတွက် ဆံပင်တွေလည်း ဖြူခဲ့လေပြီ။

အသဲလည်း ကွဲခဲ့ဖူးလေပြီ။

ကျွန်တော်သည်။ လက်ထဲမှာ ငွေတပြားမှမရှိဘဲ မိန်းမတစ်ယောက်ကို ခိုးပြေးခဲ့ဖူးပါသည်။

အလွမ်းတွေရှာချဖို့ ကျွန်တော့် ကောင်းကင်မှာ ခုဆိုချယ်ရီနဲ့ ပတ်သက်တာ ဘာမှ မရှိတော့ပြီမို့ အင်အားလည်းမရှိပါ။

ချစ်နေတုန်းပဲ. . ယုံ

မယုံရင် ကိုယ် ယုန်ကောင်လည်း မငုံပြနိုင်ပါ။

အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ ယောကျ်ားတိုင်းသည် တစ်ယောက်နှင့်လွဲခဲ့တဲ့အခါတိုင်း နောက်တစ်ယောက်အတွက် အဆင်သင့်ရှိနေကြသူများဖြစ်ကြလေသည်။

× × × × × × × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com



" ကလင်. . . ကလင်. . . ကလင်"

ပထဝီဆရာမက ဖတ်စာအုပ်ပိတ်လိုက်သည်။ ကျောင်း ဆင်းခေါင်းလောင်းထိုးပြီးလေပြီ။ ကျွန်တော်လွယ်အိတ်ထဲသို့ ပထဝီဖတ်စာအုပ်ကို ထိုးထည့်လိုက်သည်။

" မင်္ဂလာပါ. . ဆရာမ"

" အေး. . အေး. . မင်္ဂလာပါ"

အိမ်ကထွက်ပြေးသွားမည့်အလား အတန်းသားများသ ကိုယ့်ပစ္စည်းများကို အမြန်သိမ်းဆည်းကြသည်။ ထို့နောက် နှစ်ယောက်စာသာဆန့်သော ကျောင်းအခန်းပကလေးကို စု တိုးထွက်ကြသည်။



ခဏကြာတော့ လူရှင်းသွားသည်။ အဲဒီတော့မှ ကျွန်တော် ကို့ သုံးယောက်ထွက်ကြသည်။

ကျွန်တော်အခန်းတံခါးကိုဆွဲပိတ်ဖို့ တံခါးဖုဆီ လက်လှမ်း လိုက်သည်။ ကျွန်တော်က နောက်ဆုံးထွက်တဲ့သူဟု ကိုယ့်ဟာကိုယ် ဆင်သည်။

" ဟဲ့. . ဟဲ့ နေဦး. . ငါကျန်သေးတယ်"

အသံစူးစူးကြောင့် တံခါးဖုဆီ လှမ်းသော လက်တွန့် သွားသည်။

နောက်လှည့်ကြည့်လိုက်တော့ချယ်ရီ။

" နင်ဘာကိစ္စ ကျန်နေတာလဲ"

" အဲဒါ နင့်အလုပ်လား "

" ငါမေးတာသာ ဖြေစမ်းပါ "

" ငါမေးတာသာ ဖြေစမ်းပါ "

ပထမတစ်ခွန်းက ကျွန်တော်မေးတာဖြစ်ပြီး ဒုတိယ တစ်ခွန်းက ချယ်ရီမေးတာဖြစ်သည်။

ကျွန်တော်က

" ငါ့အလုပ်တော့မဟုတ်ပါဘူး. . ငါက တံခါးအပြီပိတ် နေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



" ငါလဲတံခါးပိတ်မလို့ပေါ့"

ဟု ချယ်ရီကပြန်ဖြေသည်။

"ကဲ. . . ကဲ. . လာ. . . နင်ပဲပိတ်တော့. . Lady's First ပေါ့။

" ဟွန်း "

ချယ်ရီမျက်စောင်းထိုးသည်။

" နင်က. . ဘာရပ်ကြည့်နေကာလဲ"

" နင့်သော့ခတ်တာ သေချာလား. . မသေချာလာ ကြည့်တာ"

"အောင်မယ်. . နင်ကဆရာလုလား"

" နင်ကရော ဆရာလား"

" နင်နော် စကားကိုကပ်မပြောနဲ့"

" ငါနင့်နားကိုမကပ်ဘူး. . ခွာပြောနေတာ"

" စကားကို. . . ရှပ်ကိုက. . . မုန်းဖို့ကောင်းတဲ့ကော . . . ရှစ်ထ် "

" ဟော့. . ဆဲချင်ရင် မြန်မာလိုဆဲ. . ရှစ်တွေကိုးေ လုပ်မနေနဲ့. . နင့်ဝတ္ထုထဲက ရှစ်တွေကိုးဟွေ ဘာပြင်လူေ နားမလည်ဘူး "



ပွစိပွစိပြောကာ ကျွန်တော့်ရှေ့က ချယ်ရီထွက်သွား သည်။ စက်ဘီးထားသောနေရာမှာ ကျွန်တော့်ကို စောင့်စွာနဲ့ လှိုင်ငြိမ်းချမ်းက စက်ဘီးကိုယ်စီဖြင့် ရပ်စောင့်နေသည်။

" မင်းနဲ့ချယ်ရီ. . . ဖြစ်ပါစေဆိုပြီးထားခဲ့တာ"

" ဘာဖြစ်ပါစေလဲကွာ မင်းဟာကအစမရှိ အဆုံးမရှိ. . သူများကြားရင်. . ဝက်ဖင်နဲ့ငါကို တမျိုးထင်နေဦးမယ်"

" အထင်ခံရနည်းလားကွ"

" မလုပ်ပါနဲ့ကွာ တော်ကြာ. . အနံကြီးကွင်းကျယ်နဲ့ ငါက ပိန်ပိန်လေး. . မကိုက်ဘဲ ပြဿနာတွေတက်ကုန်ပါမယ်"

× × × × × × × × × × × × ×



www.burmeseclassic.com

www.burmeseclassic.com



"ဟော. . ဟိုကောင်ပြန်လာပြီ. . စက်ဘီးဒေါက်ထောက်သံကြားတယ်"

အဖေအသံက ရုပ်ရှင်တွေထဲကလို မချိုပါ။ ဟော. . သားတော်ပြန်လာပြီ. . ဒီနေ့ကျောင်းမှာဘာတွေသင်ခဲ့ယဲကွ. . ငါ့သား တော်တော်မောလာတယ်. . စသော ခပ်ပေါပေါ စကားတွေကိုလည်း ဗွီဒီယိုထဲကလိုမပြောပါ။ တကယ့်လူ့နေမှုဘဝသည် သမားရိုးကျဆန်ပါသည်။ ပြောစရာရှိပြော၊ လုပ်စရာရှိလုပ်၊ လူဖြစ်လာတာအလုပ်နှစ်ခုပဲ။ ပြောမယ်၊ လုပ်မယ်။ လုပ်မယ်ဆိုတာထဲမှာမှ လိုင်းခွဲသွားသည်။ စားမယ်၊ သောက်မယ်၊ အိမ်သာတက်မယ်၊ အိပ်မယ်၊ ကောင်မလေးတွေစမယ်၊ အဖေမသိအောင်ဆေးလိပ်ခိုးသောက်မယ် စသည်ဖြင့် လိုင်းတွေ ကွဲထွက်သွားသည်။





ဖိနပ်ချွတ်သောနေရာတွင် ဆင်နှစ်ကောင်ဖိနပ်ကို သေချာချွတ်ရသည်။ ဖိနပ်က တောင်တစ်ဖက်မြောက်တစ်ဖက်ဖြစ်နေလျှင်. . အဖေက ခေါ်ပြပြီး နားရင်းတီးသောအကျင့်ရှိသည်။

အိမ်ပေါ်တက်လျှင် ကြက်သွန်ခွာနေသော အဖေ့ကိုတွေ့သည်။ ကျွန်တော့်ကိုမြင်တော့ အဖေ့လက်ထဲမှဓါးကို ဗန်းထဲထည့်ကာ

" ပေ့ကောင်. . ဝင်လုပ်ဦး"

ဟုခိုင်းသည်။

လွယ်အိတ်ကို အခန်းထဲဝင်ထားပြီးနောက် ဆီသတ်ရန်အတွက် ကြက်သွန်နီတွေခွာရန် ထိုင်လိုက်သည်။

ကျွန်တော်တို့အိမ်က ညနေဖက် မုန့်ဟင်းခါးရောင်းသည်။ အိမ်ကရှိသမျှလူ ပါးစပ်ပေါက်ဖြည့်ရန် ရှိသမျှ လူအားလုံး အလုပ်လုပ်ရမည်ဟု အဖေကခံယူသည်။ ဈေးမရောင်းလည်း စားလို့လောက်သည်။ အဖေ့လစာနဲ့ အမေ့ပင်စင်လစာ။ ကျွန်တော့်မှာ အမေမရှိတော့ချေ။ အစ်မနှစ်ယောက်နဲ့ ညီတစ်ယောက်ရှိသည်။ မုန့်ဟင်းခါးကို အစ်မနှစ်ယောက်က ရောင်းသည်။

ကျွန်တော့်ညီက ခြေတစ်ဖက်က ပိုလီယိုဖြစ်နေသဖြင့် အငုံ့စိတ်ရှိသည်။ ငါးတန်းအရောက်မှာ ကျောင်းဆက်နေဖို့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှပြောမရဘဲ ကျောင်းထွက်ချင်နေသဖြင့် အဖေက စိတ်ချမ်းသာလျှင်ပြီးရော ဆိုကာ ပေးထွက်လိုက်သည်။ ကျောင်းမနေသော်လည်း အိမ်ရဲ့ဝေယျာဝစ္စ အကုန်လုံးသူလုပ်သည်။ ကျွန်တော်နှင့်အဖေ့ ထမင်းဗူးတာဝန်ကို သူယူထားသည်။ ကျောင်းက ပြန်လာလျှင် ထမင်းဗူးဆေးဖို့ဂတော့ကိုယ့်တာဝန် ဖြစ်သည်။

ကြက်သွန်နီတွေခွာပေးပြီး နောက်တစ်ခါထဲလိုးသည်။

ပြီးတော့ ကျွန်တော် အဝတ်လျှော်ပြီးရေချိုးသည်။

ရေချိုးပြီးတော့ အပြင်ပြန်ထွက်သည်။ အဖေက

" ဘယ်လဲ" ဟုလှမ်းမေးတော့

" လက်ဖက်ရည်ဆိုင်"

ဟုကျွန်တော်ပြန်ဖြေသည်။

" အိမ်က အလုပ်မင်း ကူပြီးပြီလား"

" ကြက်သွန်နီ လိုးပေးပြီးပြီ အဖေ"

" ညဆယ်နာရီ မကျော်စေနဲ့"

" ဟုတ်ကဲ့အဖေ"

ဆိုင်ရောက်တော့ ကျွန်တော့်ကို ကျော်စွာနဲ့ လှိုင်ငြိမ်းချမ်းတို့စောင့်နေသည်။





" မင်းကလဲ. . . နောက်ကျလိုက်တာ နိုင်လွင်"

" အိမ်ကို ကူလုပ်ပေးရသေးတယ်ကွ"

ကျွန်တော်တို့အတွက် လက်ဖက်ရည်ဆိုင်ထိုင်ခြင်းသည် ဘာနဲ့မှ လဲမရသော အရသာဖြစ်ပါသည်။

ဆိုင်ရှေ့ကဖြတ်သွားသော ကောင်မလေးတွေကို မျက်လုံးဖြင့်လိုက်ကြည့်ကာ ဟိုကောင်မလေးက ငါးဖောင်ရှိုး၊ ဟိုတစ်ယောက်ဝတ်ထားတာ ကောက်ညှင်းထုပ်လိုပဲ. . ဟိုအဖွားကြီး ဆံပင်ဖြူနေပြီ. . သမီးနဲ့အပြိုင် ထမီစကတ်ဝတ်ထားတယ် စသည်ဖြင့် ရောက်တတ်ရာရာ ပြောကာ. . ရယ်ရသောအရသာ၊

ဆိုင်ကဖွင့်သော သီချင်းသံအလိုက်ကို ခြေရောလက်ပါ စည်းဝါးလိုက်ရသောအရာသာ၊

ရယ်စရာရှိလျှင် သိပ်အားနာစရာမလိုဘဲ ရယ်ရသော အရသာသည် လက်ဖက်ရည်ဆိုင်၏ ဖုံးကွယ်ထားသော အားသာချက်များဖြစ်ပါသည်။ လက်ဖက်ရည်ဆိုင်မှာ ပျော်သော ကျွန်တော်တို့ဘဝပွဲသည် ညရှစ်နာရီခွဲမှစ၍ လမ်းထိပ်ရှိ ဘုတ်ခုံတွင် ဂစ်တာတစ်လက်ဖြင့် ပတ်ဝန်းကျင်ကို သီချင်းမျိုးစုံ ဖျော်ဖြေပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤကား ကျွန်တော်တို့ အရွယ်၏တစ်နေ့တာ အလုပ်ဖြစ်သည်။ ကျွန်တော့်မှာ တစ်ပတ်တစ်ခါ အလုပ်တစ်ခုပိုပါသည်။

စနေ၊ တနင်္ဂနွေလိုနေ့မျိုးတွင် ရွှေတိဂုံဘုရားသွားပြီး ဖော်ရိန်နာမျှားနှင့်ရောက်တတ်ရာရာစကားများ ပြောခြင်းဖြစ်ပါသည်။

× × × × × × × × × × × × ×





ကျွန်တော်တို့အခန်းသို့ ကျောင်းသူအသစ်ကလေး တစ်ယောက်ရောက်ရှိလာသောနေ့က မိုးညို့နေပြီး မရွာသော နေ့လည်ခင်းတစ်ခုဖြစ်သည်။

သူ့နာမည်က စန္ဒီလွင်။ ခါးလည်ထိရှည်သော ဆံပင်များကို နှစ်ဖက်ခွဲကျစ်ဆံမြီးကလေးကျစ်ထားပြီး ရင်ဖုံး အင်္ကျီလက်ရှည် ကလေးများနှင့် ဖိနပ်အဖြူစီးသော စန္ဒီလွင်ကို ကျွန်တော် မျက်စိကျသွားတော့သည်။

ကံဆိုးချင်တော့ စန္ဒီလွင်က ချယ်ရီနဲ့ စရောက်သောနေ့မှာပင် အဖွဲ့ကျကာ ငယ်ပေါင်းကြီးဖော်လို ခေါင်းချင်းဆိုင်ပြီး စကားတတွတ်တွတ်ပြောကာ ကျွန်တော့်ကို ဖုတ်လေတဲ့ငါးဖိ ရှိတယ်တောင်မထင်။ ချယ်ရီနဲ့ပေါင်းမှတော့ ချယ်ရီအတိုင်းပင် ဖြစ်ရပေမည်။ သူတို့က ကျွန်တော်တို့ ရှေ့အတန်းတွင် ထိုင်မှာ သူတို့ပြောသမျှကို ကျွန်တော်တို့ကြားရပြီး ဟားရပါသည်။

မိချယ်ရီက ဆရာကြီးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလေ. . ယောက်ျားတွေကို လုံးဝကြည့်မရဘူး သိလား. . မစန္ဒီ"

ကျွန်တော်တို့သူငယ်ချင်းသုံးယောက်မှာ တစ်ယောက် မျက်နှာတစ်ယောက်ကြည့်ပြီး အစာနင်သလိုဖြစ်သွားသည်။

ချယ်ရီက စန္ဒီလွင်ကို ဟန်ကြီး ပန်ကြီးဖြင့်ဆက်ပြောသည်။

" မိန်းမဆိုတာ ကိုယ့်တန်ဖိုးကိုရှိသင့်တာထက် ပိုမြင့်အောင်ကြိုးစားရမယ်. . ယောက်ျားယူပြီး သမင်းချက်ကျွေးဖို့လောက်ပဲ စဉ်းစားရင် ခပ်ညံ့ညံ့မိန်းမဖြစ်သွားမှာပေါ့"

" ဟား. . ဟား. . ဟား"

"ခိ. . ခိ. . ခိ"

"ကိ. . ကိ. . ကိ"

ကျွန်တော်တို့သုံးယောက်မှာ မအောင့်နိုင်တော့ဘဲ ရယ်တော့ ချယ်ရီက နောက်သို့ တစ်ချက်လှည့်ကြည့်သည်။

" နင်တို့ဘာရယ်တာလဲ"

"ဘာကိုရယ်တယ်လို့ထင်လဲ"

ကျွန်တော်က မျက်နှာပိုးသတ်ကာပြန်မေးလိုက်သည်။

" နင်တို့ ငါပြောတာကို ဟားတာမို့လား"





"နင်ဘာပြောလိုက်လို့လဲ . . . ငါတို့မကြားလိုက်ပါဘူး. . ပြန်ပြောလေ. . ရယ်စရာကောင်းရင်. . ထပ်ရယ်ရအောင်လို့"

" နင်တော်တော်မျက်နှာပြောင်ပါလား မုန့်လက်ညှိုး"

" ပြောင်မှာပေါ့ ငါကသနပ်ခါးမှ မလိမ်းတာ. ."

" တော်တော်ရှူးတဲ့မျက်နှာရှူးတွေ. . . ရှစ်ထ်"

" ကိုး"

" တစ်ဆယ်"

" ဘူကွ"

ကျွန်တော်က ကိုးဟု အော်သောအခါ ကျော်စွာက တစ်ဆယ်ဟု ပြောပြီး လှိုင်ငြိမ်းချမ်းက "ဘူကွ" ဟု အော်သည်။

" လာပါ ချယ်ရီရယ်. . ခပ်ညံ့ညံ့ ယောက်ျားတွေနဲ့ စကားမပြောပါနဲ့"

" ဟော့ကောင် ကြားလား. . ခပ်ညက်ညက် ယောက်ျားတွေတဲ့. . . မင်းတို့နောက်နေ့ကျရင်. . . စွပ်ကျယ်နဲ့ ကျောင်းလာခဲ့ကြ. . ဒါမှ ငါတို့ဗလတွေမြင်အောင်"

" နင့်လိုမုန့်လက်ညှိုးကများ. . ငါကြောင်ကျွေးတဲ့အဆင့်ပဲ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



" မုန့်လက်ညှိုးကမှ ကြောင်ကျွေးလို့ရသေးတယ် . . ဝက်ဖင်က ဘယ်သူမှစားလို့မရဘူး . . ဟော့ကောင်ကျော်စွာ မင်းဝက်ဖင်စားတာတွေ့ဘူးလား"

" ဟော့အေး . . ကြွင်ဖင်ဆီဗူးစားတာပဲ တွေ့ဖူးတယ်"

ကျွန်တော့်ကို စကားနိုင်အောင် မပြောနိုင်သောအခါ ချယ်ရီသည် ကျွန်တော့်ခေါင်းကို သူ့ရဲ့ကွန်ပါဗူးနဲ့ခေါက် လေသည်။

" နင် . . . နင် . . "

"ဘာဖြစ်လဲ . . ငါ နင့်ကိုမကျေနပ်လို့ ခေါက်တာ"

" မိန်းခလေးမို့ . . နို့မို့ ငါဆွဲထိုးတယ်"

" မိန်းမနဲ့ဖက်ပြီး ရန်ဖြစ်ချင်သေးလို့လား. အခြောက်"

" ငါခြောက် မခြောက်နင်ဘယ်လိုသိလဲ"

ချယ်ရီ့မျက်နှာရဲခနဲရှက်သွားကာ စန္ဒီလွင်က ကျွန်တော့်ကို "အရိုင်းကောင်" ဟုဆိုပြီး ရှေ့ဘက်ပြန်လှည့်သွားသည်။

ကျွန်တော်ကမူ နာသွားသော အရှိန်ကြောင့် မျက်ရည်များပင်ဝဲလာသည်။ ချယ်ရီ့ကိုကျွန်တော်မုန်းသည်။ "ဝက်ဖင်မ" ဟုသူကြားအောင်ကျွန်တော်ဆဲလိုက်သည်။

× × × × × × × × × × × × ×





သောကြာနေ့တိုင်း ကျွန်တော်တို့ကို အင်္ဂလိပ်စာဆရာကြီး ဦးဌွေးလှိုင်က စာသင်ပါသည်။

ဆရာကြီးသည် မျက်လုံးမှေးမှေး၊ ကွမ်းအလွန်ဝါး၍ ဗိုက်နည်းငယ်ပူပါသည်။ ချင်းတောင်တွင် ဆယ့်ငါးနှစ်ကြာ စာသင်ခဲ့ဖူးသော . . အတွေ့အကြုံများကို . . စာမသင်မီ ရယ်စရာ အဖြစ် ပြောပြလေ့ရှိသည်။

မြန်မာစာ အလင်္ကာကျွမ်းကျင်သော ဆရာကြီးသည် လှပသော အင်္ဂလိပ်အလင်္ကာများကို တွေ့လျှင် . . သူဖတ်ဖူးသော . . မြန်မာဝတ္ထုများထဲက အလင်္ကာများကို . . ရွတ်ပြလေ့ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



" Said to ပဲရှိတယ်. . . Told to ဆိုတာ ဘယ်တော့မှ မရှိဘူး. . . Daw Mya Said to her pupils. (ဒေါ်မြသည် သူ့တပည့်များကိုစကားပြောသည်။)

Daw Mya told to ဆိုတာမရှိဘူး. . ဆရာချင်းတောင်မှာစာသင်တုန်းက မြန်မာစကားသိပ်မကျွမ်းတဲ့ ကလေးတစ်ယောက်ကို စာသင်တာပေါ့ကွာ. . ဆရာက Daw Mya said to her pupils လို့ဖတ်ပြတယ်. . . (ဒေါ်မြဆတ်တူ ဟာပျူးပဲလ်) အဲဒီကောင်ကိုပြန်ဖတ်ခိုင်းတော့ ဘယ်လိုဖတ်ပြတယ်မှတ်လဲ. . ဒေါ်မြဆတ်သူ့ဟာပြူးပြတဲ့. . မင်းတို့မှတ်ထားကြနော်. . . မင်းတို့ တစ်သက်လုံးပညာနဲ့အလုပ်လုပ်စားရင် အင်္ဂလိပ်စာ မတတ်လို့မရဘူး. . . ရယ်စရာပြောရင် ရယ်နေကြ. . စာကိုမှတ်ကြ. . ကဲ I (အိုင်) . . . ကျွန်ုပ်. . ကို. . were တို့၊ am တို့နဲ့ပဲတွဲတယ်. . is နဲ့တွဲလို့ရမယ်ထင်လား "

ကျွန်တော်တို့တွေက

" မရဘူး" ဟုဖြေကြသည်။

"ရတာပေါ့ကွ. . I is a pronoun (နာမ်စား) ကဲ . . . ဘယ်သူမှားတယ်ပြောမလဲ"

ဆရာကြီးသည် မှတ်သားစရာများကို အလက်ာလှလှလေးများနှင့်တွဲသုံးပြသည်။





" ဘုန်းကြီးနဲ့ဘိး. . ကြွေဇွန်းနဲ့ကြာဇံ ကမ္ဘာ့ရန်ဆိုသလို. . Help (ကူညီသည်)နောက်မှာ To တယ်တော့မှ မလိုက်ဘူး. . မင်းတို့တစ်ခုခုပြောချင်ရင် Can you help me.? (မင်း ကျွန်ုပ်ကို ကူညီနိုင်မလား)လို့ပဲမေးတယ်။ Can you help to me လို့ ဘယ်တော့မှ မပြောဘူး. . . ဖဟ့ကောင်မလေး. . ထစမ်း. . နင့်နာမည်ဘယ်သူလဲ"

ကျွန်တော်တို့အနားမှာ ဆရာက တစ်ယောက်ကိုမတ်တပ်ရပ်ခိုင်းသည်။ နောက်မှ မိချယ်ရီ။

" နင်အိပ်ငိုက်နေတယ်"

" ရှင်"

" ဟုတ်တယ်မို့လား "

" . . . . . "

" နင့်ကိုယ်နင် သိပ်တတ်တယ်များထင်နေလား. . ပြောစမ်း. . ကြွေဇွန်းနဲ့ကြာဇံဘာလဲ"

" စားလို့ရပါတယ် ဆရာကြီး "

တစ်ခန်းလုံးဝိုင်းရယ်ကြသည်။

(ကျွန်တော်ကြာဇံချက်ကို ကြွေဇွန်းနဲ့ တကယ်စားကြည့်ပါသည်။ လုံးဝခပ်လို့မရပါ။)

www.burmeseclassic.com

www.burmeseclassic.com



" မှတ်ထားဟဲ့ ကြွေဇွန်းနဲ့ကြာဇံကို ဘာတော့မှ ခပ်
စားလို့မရဘူး. . . နင့်အမေက နင်မကြိုက်တဲ့လူနဲ့အတင်းပေး
စားတဲ့အခါကျရင်. . အဲဒီလူကိုနင့်အိမ်ခေါ်. . ပြီးရင်. . ကြွေဇွန်းနဲ့
ကြာဇံချက်ကိုကျွေး. . အဲဒီကောင်. . ချွေးပြန်နေလိမ့်မယ်. .
ကြားလား. . ထိုင်. . နောက်. . အိပ်မငိုက်နဲ့. . ကျန်တဲ့အချိန်
မှာငိုက်. . . အင်္ဂလိပ်စာမတတ်ဘဲ. . . လစာကောင်းကောင်
ရတဲ့အလုပ်ရဖို့ အိပ်မက်မမက်နဲ့. . တတ်အောင်သင်တဲ့ ဆရာ
တုန်းမသင်ချင်ဘူး. . မင်းတို့ကိုငါဘာမှမရှင်းပြဘဲ. . ဒီတိုင်းဖတ်
ပြသွားလို့ရတယ်. . ဒါပေမဲ့ မင်းတို့ဘာမှ တတ်မှာမဟုတ်ဘူး. .
နားလည်လား. . နောက်. . ငါ့အချိန်မှာ ငိုက်ရဲတဲ့လူ သံပုရာသီ
ငုံပြီး ကျောက်သင်ပုန်းရှေ့ထွက်ရပ်ရမယ်။

ချယ်ရီမျက်နှာက ငိုမဲ့မဲ့ဖြစ်လာသည်။

" ငိုမလို့လား. . . မိန်းမတွေငိုလို့များ ငါက သနား
ဆရာထဲမှာမပါဘူး. . မင်းတို့မှတ်ထားကြ. . ကောင်လေးတေ
. . မိန်းမမျက်ရည်ဆိုတာမိကျောင်းမျက်ရည်ကွ. . မိကျော
တွေက သူတို့သားကောင်ကို စားကာနီးကျရင် မျက်ရည်
ကြတယ်။ မိန်းမတွေလည်း ဒီလိုပဲ. . မျက်ရည်ကိုအသုံးချ
မကောင်းမှုကျူးလွန်ကြတယ်"

"ဟုတ်ပါတယ်"

အခန်းထဲကကောင်လေးတွေ(ကျွန်တော်အပါအဝ





ဆရာကြီးကို ထောက်ခံကြသည်။ ချယ်ရီ့မျက်နှာက ငိုချတော့မဲ့
ဆဲဆဲဖြစ်လာသည်။

" ဟော့ကောင်မလေး. . မငိုနဲ့နော်. . ငိုရင်နင်အသိပဲ"

ဆရာကြီးက မိန်းမများကို တစ်စက်စ မျက်နှာသာမပေး
ပါ။

ယောက်ျားလေးတွေဆို ဘက်လိုက်တတ်သည်။

တစ်ခါတစ်ရံ ဆရာကြီးက သူအသဲကွဲခဲ့ရခြင်းအကြောင်း
ရင်းကိုပြောပြတတ်သည်။

"ငါ့ကိုကွာ. . ဆယ်တန်းတုန်းက လူလိုလိုကို မထင်တာတဲ့. .
အဲဒီမိန်းမ သူရတော့ ဆယ်တန်းမအောင်တဲ့ ကားပွဲစားနဲ့. . ငါက
သူ့ကိုစိတ်နာနာနဲ့ နောက်နှစ် ဆယ်တန်းမှာ အင်္ဂလိပ်စာ
ဂုဏ်ထူးနဲ့အောင်ပြီး အခု S.A.T... ငါ ဘီအီးဒီတွဲ တောင်ရခဲ့
တယ်... ဆောင့်ကြွားကြွားနိုင်တဲ့ မိန်းမတွေဆို. . ငါသိပ်အမြင်
ကပ်တယ်. . . ."

ဆရာကြီးကို အားကျစွာကြည့်ကြသော ယောက်ျားလေး
များ စိတ်ထဲတွင် ဆရာကြီးကဲ့သို့ပင် ယောက်ျားများကို အထင်
သေးသောမိန်းမများကို အမြင်ကပ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမတွေ မလုပ်နိုင်တာအများကြီးကွ. . . လမ်းဘေးမှ
ကိုယ့်ကိုဖြီတီတီကြည့်နေတဲ့ယောကျ်ားတွေကို ပါးဖြန့်ရိုက်လို့မရဘူး.
ဘတ်စ်ကားစီးရင်. . မိန်းမတွေချိတ်ကြီးကြီးဆောင်ရတယ်. .
ညသိပ်မှောင်ရင် သူတို့အပြင်ထွက်လို့မရဘူး. . ငါတို့ယောကျ်ား
တွေ့ပုဆိုးလှန်ပြီး လမ်းလျှောက်လို့ရတယ်. . မိုးရေထဲမှာ ထ
မဆောင်းဘဲ လမ်းသွားလည်းတင့်တယ်တယ်. . . ရှေးခေတ်
တည်းက ပြည့်တန်ဆာမဆိုတာပဲရှိတယ်။ ပြည့်တန်ဆာကျား
တာမရှိခဲ့ဘူး. . ငါတို့က ပုဆိုးလှန်ပြီး လမ်းဘေးသေးထိုင်ပေါ
လို့ရတယ်။ သူတို့မိန်းမတွေမရဘူး. . . မိန်းမထဲမှာ အဆိုးဆုံး
ယောကျ်ာ်းမပဲကွ. . ဥပမာ ငါယောကျာ်းမပေါ့ကွာ. . . အင်မတန် ပါ
ပါးစပ်များတယ်. . တစ်ခါတစ်လေ သူ့ကို ကတုံးတုံး
ရှစ်ထပ်တိုက်ပေါ် မတ်တပ်ရပ်ခိုင်းလိုက်တော့ အအေးပတ်
သေသွားစေချင်တယ်. . အသုဘရက်လည်မှ မုန့်ဟင်းခါး
စားမယ်စိတ်ကူးတာပဲ"

ဆရာကြီးရဲ့စကားများက ဟာသဘက်သို့စွယ်သော်လ
တာဟယ်မဉ်းစားလျှင်မှန်ပါသည်။

လမ်းဘေးမှာ ကျွန်တော်တို့ ရှူးထိုင်ပေါက်လို့ရသ
ကိုယ့်ကို မကြည့်ကြည့်နဲ့လာကြည့်တဲ့ကောင်ကို ဟော့ကေ
မင်းမိုက်လားဆိုပြီး ဆွဲထိုးလို့ရသည်။ အလွန်ဆုံး ရဲစ
ခေါက်ရုံပဲရှိမည်။





ဘတ်စ်ကားကျပ်ကျပ်စီးလျှင် ကျွန်တော်တို့ကို
လက်သရမ်းမည့်သူမရှိ။

ညသိပ်မှောင်မှောင်မှာ အပြင်ထွက်လျှင် အရှက်တကွဲ
အကျိုးနည်းအဖြစ်ကို ကြောက်လန့်စရာမရှိ။ ဘာဆွဲကြိုးလက်စွပ်
ာရီမှ မဝတ်ဘဲဆို ပိုအန္တရာယ်ကင်းသည်။ တစ်ခုတော့ရှိသည်။
သူများမယားကိုတော့ ကုလီကုမာသုပ်တတ်သူ ညမှောင်မှောင်
အပြင်မထွက်နှင့်။ ပြဿနာကြီးနိုင်သည်။

ဆရာကြီးက ဟာသတွေပြော၊ အတန်းတွေက ဝိုင်းရယ်
ငြင့်ချယ်ရီ့အသံမှာ အသံမထွက်ဘဲ မျက်ရည်ကျလေသည်။

" တိတ်. . နင့်မျက်ရည်တွေသုတ်. . ငါဆော်ထည့်
ိုက်ရ. . ဇက်ကျိုးသွားဦးမယ်. . . လူကြားထဲမှာ ငိုတဲ့အလုပ် က
ရှက်မရှိဆုံးပဲ. . . ငါဆူရုံဆူတာတောင် နင်ငိုတယ်. . .
က်ငိုရင် အတန်းထဲက ထွက်သွားတော့"

ထိုသို့ဆိုအပြီး ဆရာကြီး အခိုန်စေ့သွားလေသည်။

အရာကြီးထွက်သွားသောအခါမှ ချယ်ရီ စားပွဲပေါ်မှ
ည်နှာမှောက်ပြီး ငိုလေသည်။ စန္ဒီလွင်က ချော့မော့ ဖျောင့်ဖျ
ည်၊

" ဆရာကြီး စာသင်တာ ဒီနေ့အကောင်းဆုံးပဲကွ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်အသံကျယ်ကျယ်ဖြင့် ပြောလိုက်သည့်အခါ စန္ဒီလွင်က ကျွန်တော်ကိုလှည့်ကြည့်သည်။

" အသဲနှလုံးမရှိတဲ့လူ"

ထိုစကားကို ကျွန်တော်သဘောကျသွားပြီး. . စန္ဒီလွင်ကို လိုက်ရန်ဆုံးဖြတ်မိတော့သည်။

× × × × × × × × × × × × ×





သူများအလှည့်မှာ စာတွေကူးရေးပေးဖို့ လက်မတွန့်သော်လည်း ကိုယ်အလှည့်မှာတော့ ဘယ်လိုရေးရကောင်းမလဲဟု စဉ်းစားရတာ ခက်ခဲကြန့်ကြာလွန်းပါသည်။

ကျောင်းစာအုပ်ရှေ့ချပြီး စာရွက်တွေကို တစ်ရွက်ရေး လိုက် သုံးခြေလိုက်ဖြင့် ကြာတော့ လုံးချင်းဖြစ်လာသည်။

ကျွန်တော်ရေးထားဖူးသော ကဗျာတွေက ပြန်ဖတ်ကြည့်တော့ လုံးဝအသုံးမကျသော ကဗျာများဖြစ်နေသည်။

ကျွန်တော့်စန္ဒီ ကိုသူများနဲ့မတူသော ရည်းစားစာပေးချင်သည်။

" သံသရာ. . . ဆွဲဆန့်လို့. . ဘယ်လောက်ပင်ရှည်ရှည်. နှစ်သူ့ရင်ခွင်သည်သာ 'ငြိမ်းချမ်းရာမြေ. . . "



www.burmeseclassic.com

www.burmeseclassic.com



အဲဒီစားသားက အလက်ာခြောက်ပေမဲ့ ဖန္ဒီက မိဘအရိပ်မှာနေတဲ့သူ၊ ပွပင်စရာဘာမှမရှိ။ ကျွန်တော်နှင့် ကြိုက်မှ သူစိတ်ညစ်ချင်ညစ်ရလိမ့်မည်။ ချစ်သူ့ရင်ခွင်သည် ကျွန်တော့်ဆရာကြီးဦးဌေးလှိုင်ပြောသော ငြိမ်းချမ်းရာနယ်မြေ Exaictly (တိတိကျကျ) မဖြစ်နိုင်ပါ။ Absotute truth (အကြွင်းမဲ့အမှန်တရား) ဘယ်လိုမှမဖြစ်နိုင်ပါ။ အင်္ဂလိပ်သဒ္ဒါတွင် အမှန်တရား လေးမျိုးသင်ရတာ ကျွန်တော်သတိပြုသည်။ ခက်တာပဲ။

အဲ.. အင်္ဂလိပ်လိုရေးရင်တော့ မကောင်းလားဆန်းဆန်းပြားပြားလည်းဖြစ်.. ကျွန်တော်လည်း အလေ့အကျင့်ရသည်။

" Dear

I call you like this from my heart deep.

Both of us are growing odler,

So I want to be grow lovely as well as Eikyarkyae.

Ok

You & me are the one which is composed of two parts to be one such as Eikyarkyae.

Don't be tense.





Depending on your desirable to love, part of my life can to be crushbed or be beautiful.

I notice when you get to laughing your eyes shutting from one to another & your teeth nibbing your lower lip. I guess that the truth is your face is one of those clean wide browed ones that all along the line childhood,

aldolescence, young womanhood, and you, I think really pretty miss.

Love is so marvellous.

Why I love you all is because of you think I'm lack of feeling. For me, you're the mascot.

Five to twelve

Sunday

With great expecting to be lovers,

Khaing Lwin.



www.burmeseclassic.com

www.burmeseclassic.com



စနေ၊ တနင်္ဂနွေ နှစ်ရက်လုံး ယိုင်စဉ်းစားပြီး ရေးသောစာက အပျံစား။

ကျွန်တော်ရေးပြီးသောစာကို ပြန်ဖတ်ပြီး ကျွန်တော် သဘောကျလျက်ရှိသည်။ ဒီစာကို စန္ဒီလွင် သာဖတ်မိလို့ကတော့ ကျွန်တော့်ကို အထင်တွေကြီးကာ. . ပြန်သဘောကျမှာ ကျိန်းသေ ပေါက်ပင်ဖြစ်မည်။ စာကို သေသေသပ်သပ်ခေါက်ကာ စာအိတ် ထဲထည့်သည်။ တနင်္လာနေ့ နေ့လည်မှာ စန္ဒီလွင့် လွယ်အိတ်ထဲ ကျွန်တော်စာထည့်ပေးလိုက်သည်။

သို့သော် ကျွန်တော်မျှော်လင့်ထားသလို စန္ဒီလွင်တစ် ယောက်ထဲ ကျွန်တော့်ကိုသဘောကျတာမဟုတ်ဘဲ ဆရာကြီးကပါ သဘောကျသွားခြင်းဖြစ်သည်။

သောကြာနေ့ ဆရာကြီးအချိန်မှာ

" ကဲ. . ဒီနေ့ Letter Writing (စာရေးနည်း)သင်မယ် အရင်ဆုံး နမူနာ ရည်းစားစာရေးနည်းပြောပြမယ်. . စာမေးပွဲ အတွက်က ခဏထားလိုက်ဦး. . ရည်းစားစာရေးတတ်ဖို့က ပိုလိုအပ်တယ်မို့လား. . "

" ဟုတ်ပါတယ် ဆရာကြီး"

ကျွန်တော်သည် ကိုယ်မွေးသောမီးကိုယ်ကို ပြန်မလောင် မှန်း မသိခင်က အသံအပြဲဆုံးနှင့်အော်လေသည်။





ဆရာကြီးက သူ့လွယ်အိတ်ထဲက စာအိတ်တစ်အိတ်ကို ဆွဲထုတ်လိုက်သည်။ စာအိတ်က ပန်းရောင်။

ကျွန်တော့်ရင်ထဲ ထိတ်ကနဲဖြစ်သွားသည်။

ပြဿနာတော့စပြီထင်သည်။

**စာအိတ်. . ကျွန်တော့်စာအိတ်။**

လက်ဖျားခြေဖျားတွေ အေးစက်လာကာ ကျွန်တော့်မျက် လုံးများပင် ပြာဝေဝေ ဖြစ်ချင်လာသည်။ ဆရာကြီးက စာအိတ်ထဲက စာကိုထုတ်က ကျောက်သင်ပုန်းပေါ်တွင် မြေဖြူဖြင့် ချရေးသည်။

ကျွန်တော်တို့ကျောင်းမှာ. . စာသင်ခန်းတစ်ခန်းလျှင် ကျောက်သင်ပုန်းတစ်ချပ်နှင့် ဝိုက်ဘုတ်တစ်ချပ်နှစ်ချပ်တွဲလျက် ရှိပါသည်။

ဝိုက်ဘုတ်ပေါ်မှာ Marker ဖြင့်ရေးရတာထက် ကျောက် သင်ပုန်းပေါ်တွင် မြေဖြူဖြင့် ရေးရသောအရသာကို ဆရာတွေ ပိုကြိုက်ပါသည်။

ကျွန်တော်ငယ်စဉ်က ကျောက်သင်ပုန်းပေါ်တွင် ကျောက်တံချွန်ချွန်ဖြင့် စာရေးရသော အရသာကဲ့သို့ပင် နေပါ လိမ့်မည်။

ပထမဆုံးစာကြောင်းကို ချရေးကတည်းက ကျွန်တော် ဘယ်ထွက်ပြေးရမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



" Dear တဲ့... ဒါ ရည်းစားကို အချစ်ရေလို့ခေါ်တာပေါ့...မင်းတို့ဓာမေးပွဲဆိုရင် Dear Mg Mg, My Dear Mg Mg အဲဒီလိုရေးရတယ်။ အချစ်၊ မောင်မောင်တော့ မဟုတ်ဘူး It's formal

Dear Mg Mg,

How're you.? (ဘယ်လိုလဲ)

How your lessons..(စာလိုက်နိုင်ရဲ့လား)

I'm fine (ငါတော့အဆင်ပြေတယ်)

ဒါအလွတ်ကျက်ထား... အင်္ဂလိပ်တွေကသိပ်နူတာ.. ချစ်သောမောင်မောင် သင့်ရဲ့သစ္စာရှိသော အဲဒီလိုရေးတာ သူတို့အတွက် (Formal) ပုံမှန်ပဲ၊ တစ်ခုခုမသိရင်... ကိုယ်မသိတာရဲ့ရှေ့မှာ I'm afraid, I don't know ဆိုတာမျိုးပြောကြတယ်။ ဒီစာက ဆယ်တန်းကျောင်းသားတစ်ယောက်ရေးတာ.. ဒါပေမဲ့ ဆယ်တန်းကျောင်းသူက နားမလည်ဘူး.. ဒီစာကို ဆရာက တော့ အရမ်းသဘောကျတယ်.. မင်းတို့ အင်္ဂလိပ်စာကို လေ့လာပါ.. ရေးပါ.. နားထောင်ပါ..ပြောပါ.. မင်းတို့ မြန်မာစကားတောင် ကောင်းကောင်း မပြောတတ်တဲ့ပုံ ပေါက်နေ ပြီ.. အငှခေတ်စကားတွေလေ..မိုက်တယ်..ခိုက်တယ်.. ကပ်လိုက်မယ်..ဆိုတာတွေပေါ့.. သိပ်အောက်တန်းကျတဲ့ စကားတွေပဲ... စကားဆိုတာခန့်ရတယ်..သန့်ရတယ်..





သုံးတတ်ရတယ်.. Western က နိုင်ငံခြားသားတစ်ယောက်နဲ့ ဆရာခင်သွားတော့ မေးကြည့်တယ်၊ သူတို့နိုင်ငံမှာ လူတစ်ယောက်က အနဲဆုံး လေးဘာသာပြောတတ်တယ်"

" ဟာ "

" မဟာနဲ့ .. မေဂျာနဲ့ ခိုင်နာဆိုပြီး သူတို့က ကျောင်းမှာ ဘာသာနှစ်မျိုးသင်ရတာ.. ဆရာဆို အင်္ဂလိပ်နဲ့ပြင်သစ် ကျွမ်းတယ်..ဒါတောင် ညံ့သေးတယ်.. အေး မင်းတို့ဆို သုံးမရဘူး. အဲဒါကြောင့်..မင်းတို့ကိုဆုံးမနေတာ..တဲက စာကို ဆက်ပြောမယ်။

I call you like this from my heart deep.

မင်းကို ငါ့ကသဲနှလုံးကနေ အချစ်ရေလို့ ခေါ်ချင်လိုက်တာ.."

တစ်တန်းလုံးဝိုင်းရယ်ကြလေသည်။

ချယ်ရီ့အသံက အကျယ်ဆုံးဟုထင်မိသည်။ ကျွန်တော်ကတော့ ဝမ်းချုပ်နေသောခံစားမှုမျိုး ဖြင့်မရယ်နိုင်။

ဗိုက်ထဲမှာ အီလည်လည်ဖြစ်နေသည်။

ကွဲတော့မည်။ ထိန်းလာတဲ့အရှက်တွေကွဲတော့မည်။ ကျပေတော့မည်။ မရှိတဲ့သိက္ခာတွေကျပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"‥ Both of us are growing older,

ငါတို့နှစ်ယောက်သား အရွယ်ရောက်လူလားမြောက်ခဲ့ကြပြီတဲ့‥ ဒီ Both of us က မင်းတို့စာမေးပွဲ Grammer (သဒ္ဒါ)မှာ တစ်နှစ်ခြားတစ်ခါ တစ်ကြောင်းမေးတတ်တယ်။

So I want to be grow lovely.

ဒါကြောင့် ငါ အချစ်နဲ့ ရှင်သန်ချင်တယ်‥

ဉပမာ အိကြာကွေးလိုပေါ့"

" ဟား‥‥ဟား‥‥ဟား‥"

တစ်တန်းလုံးထိန်းမရအောင် ရယ်ကြပြန်သည်။ ကျွန်တော့်မှာ နဂိုက လူကောင်သေးရတဲ့အထဲ တဖြည်းဖြည်းကျုံ့ဝင် လာသလို ခံစားရသည်။ ဘယ်နေရာသွားပြီး ပုန်းရပါ့မလဲ။ ကျွန်တော်ချွေးစေးတွေ ပြန်လာသည်။ နားထဲမှာ ရယ်သံတွေနဲ့အူပြီး ရယ်သံတွေရုပ်သွားလျှင်‥ ပြန်တိတ်ဆိတ်သွားသည်။

"‥ You & mé are the one which is composed of two parts to be one such as Eikyarkyae.

"ကိုယ်နဲ့မင်းဟာ နှစ်ချောင်းပေါင်းမှ တစ်ချောင်းဖြစ်လေတဲ့ အိကြာကွေးလို နှစ်ယောက်ပေါင်း တစ်ဘဝဖြစ်ချင်တယ်"

Don't be tense.





မတင်းမာပါနဲ့.

‥ကြည့်ရတာ‥ ဒီကောင်က အိကြာကွေးဆို ပျော့နေမှ ကြိုက်ပုံရတယ်ထင်တယ်‥‥

Depending on your desirable to love, part of my life can be crushed or be beautiful.

‥မင်းချစ်မချစ်‥ ဆန္ဒပေါ်မူတည်ပြီး‥ ငါ့ဘဝတစ်စိတ်တစ်ပိုင်း မွှန်မွှန်ညက်ညက် ကြေချင်ကြေသွားမယ်‥‥ ဒါမှ မဟုတ် လှပချင်လှပလိမ့်မယ်တဲ့‥‥

I notic when U gets to laughing your eyes shutting from one to another & your teeth nibbling your lower lip..

မင်းရယ်လိုက်တဲ့အခါ‥ မင့်မျက်လုံးကလေးတွေ‥ တစ်ဖက်ပြီးတစ်ဖက်မှိတ်သွားတတ်တာ‥ မင်းသွားကလေးတွေက မင်းရဲ့ အောက်နှုတ်ခမ်းကလေးတွေကို ကိုက်မိတာ‥ ငါသတိပြုမိတယ်တဲ့‥‥

ဆရာတောင် ဒီကောင့်ကို ကြိုက်ချင်လာပြီ ရေးတာတော်တော် လှတယ်‥ ဒီစာအရေးအသားနဲ့ဆို ဒီကောင် အဝ်လိပ်စာ ဂုဏ်ထူးထွက်နိုင်တယ်‥‥

I guess thar the truth is your face is one of



www.burmeseclassic.com

www.burmeseclassic.com



those clean wide browed ones that all along the line, childhood, aldolesant, young womanhood, and you .

I think really pretty miss.

မင်းရဲ့ မျက်နှာလေးဟာ.. ရှိုရှိုသမျှ ကလေးတွေ.. အပျိုပေါက်တွေ.. အပျိုလတ်တွေရဲ့ အလှအပတားလုံး.. ခြုံပြီး မျဉ်းတစ်ကြောင်းတည်းဆွဲမယ်ဆိုရင်တောင်..မင်းဟာ တကယ်လှပတဲ့ အမျိုးသမီးကလေးတစ်ယောက်ပါတဲ့.. ဒီစာကြောင်းမှာ young womanhood သုံးတာ ဆရာတော့ အရမ်းသဘောကျတယ်.. အလက်ာတော်တော်မြောက် တာကွ....

Love is so marvellous.

အချစ်ဆိုတာ အံ့မခန်းပါပဲတဲ့..

Why I Love U all is because of you think I'm lack of feeling.

မင်းကို ငါချစ်မိသွားတာကတော့ ငါ့ကို..မင်းက.. မခံစားတတ်ဘူးလို့ထင်လို့ပဲတဲ့....

For me, U're the mascot...

ငါ့အတွက်တော့..မင်းဟာ..ကံကောင်းမှုတွေ.. သယ်ယူလာတဲ့သူကလေးပါကွယ်တဲ့..





Five to twelve ဆိုတာ ည ဆယ့်နှစ်ရီထိုးဖို့ ငါးမိနစ်အလိုကို ပြောတာ..

ဆရာတစ်ခါတည်း မင်းတို့ကို သင်ပေးရဦးမယ်.. ချိန်တွေ မင်းတို့သိပ်မပြောတတ်ဘူး..ဥပမာ.. 6:30 am ို့ ဒါ...မနက် ခြောက်နာရီခွဲ..အင်္ဂလိပ်လို half past six ပြောတယ်.. 11:55 am ဆိုရင် မင်းတို့ မပြောတတ်တော့ဘူး.. ve to twelve ဆိုတာ ဆယ့်နှစ်နာရီထိုးဖို့ ငါးမိနစ်လိုတာကို ပြာတာပေါ့.. 10:55 ဆို five to eleven, 3:20 pm ဆိုရင် enty past three, 8:45 pm ဆိုရင် 45 က quarter .ဒါကြောင့် a quarter to nine နာရီဝက် ကျော်ရင် းတဲ့နာရီဘက် ယူပြောရတယ်...ဥပမာ 6:35 pm ဆို 35 7 ပေါ့..

With great expecting to be lovers,

Khaing Lwin

ချစ်သူတွေဖြစ်ကြဖို့ အကြီးအကျယ် မျှော်လင့်နေတဲ့

ခိုင်လွင်....."

တစ်တန်းလုံးရယ်ကြသည်မှာ ကျွန်တော့်ကိုယ်သာ သူတို့ ံအောက်တွင် ပျောက်ကွယ်သွားမယ်ဆို ပျောက်ကွယ် လောက်ပါသည်။

ဆရာကလည်း ကွမ်းသွေးဖြင့်ရဲနေသော သွားများကို



www.burmeseclassic.com

www.burmeseclassic.com



ဖော်ကာ ရယ်သည်။ စန္ဒီလွင်ကလည်း ကိုယ်လေး သိမ့်သိ
တုန်အောင် ရယ်သည်။

အို. . . လောကကြီးတစ်ခုလုံး ကျွန်တော့်ကို ရယ်ေ
ကြသည်။ ကျော်စွာနဲ့ လှိုင်ငြိမ်းချမ်းတို့ဆို. .

"ဟား. . . ဟား. . . ဟား "

"ဟား. . . ဟား. . . ဟား "

ဟု "ဟား" ကို သုံးခါတစ်ကြိမ်နှုန်းဖြင့် ရယ်ကြသည်။

" ကဲ. . တော်ကြတော့ "

ဆရာက ဟန့်မှ တိတ်သွားကြသည်။

" ခိုင်လွင်. . Please stand up.. " (မတ်တပ်ရပ်)

" Yes, Sir " (ဟုတ်ကဲ့. ဆရာ)

" Do you really like this girl" (မင်းဟာကယ်ကြိုက်
လို့လား)

" Who, ..Sir?" (ဘယ်သူ့ကိုလဲဆရာ)

" I mean, the girl of be given the letter...
(စာပေးခံရတဲ့ကောင်မလေးပေါ့ကွ)"

" ကျွန်တော်. . ဘယ်သူ့ကို ပေးလို့လဲဆရာ"

ခပ်တည်တည်နဲ့ ပြန်မေးတော့ ဆရာက ရယ်သည်။





"ချယ်ရီ့ လွယ်အိတ်ထဲ မင်းထည့်ထားတဲ့စာကို. . .
ချယ်ရီက မဖတ်တတ်လို့. . ငါ့ကိုလာပြတယ်. . ရည်းစားစာ
မှန်းတောင်မသိဘူးတဲ့ကွာ. . ."

ကျွန်တော်ခေါင်းနပန်းကြီးသွားသည်။

ဒီသင်္ဂီရို. . ခေါင်းဆယ်လုံးတောင် ကျွန်တော့်ခေါင်း
လောက်ကြီးမယ်မထင်။

အမေရေ. . သားတော့ မြေပွေးကို လက်နဲ့ ကိုင်မိပြီဗျဟု
မရှိသောအမေကို စိတ်ထဲမှတကာ ငိုမိသည်။

" ဆရာက အောင်သွယ်လုပ်တာဝါသနာပါတယ်. .
ချယ်ရီ... နင်သူ့ကိုကြိုက်ရင်. . တိုးရစ်ဂိုက်လုပ်လို့ရပြီ. . "

" ဆရာကလည်း. . . "

"Letter Writing က လုပ်ငန်းခွင်ထဲမှာလည်း တကယ်
အသုံးများတာ. . မင်းတို့တွေ ခိုင်လွင့် ကို. . ဟားမနေ
. . ဒီကောင်. . အင်္ဂလိပ်စာ. . တကယ်တော်တဲ့အကောင်. .
ငင်းဆက်ကြိုးစား. . ကြားလား ငါ့တပည့်. . ချယ်ရီလည်းကြိုက်
အောင်. . အင်္ဂလိပ်စာလည်း Expert ဖြစ်အောင်. . "

ကျွန်တော့်ကို ချယ်ရီက ရှက်ပြုံးပြုံးပြီးကြည့်နေလေသည်။

× × × × × × × × × × × × ×



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ ကျွန်တော်အတွက် လွဲချော်မှုတစ်ခု အမှန်တကယ်ဖြစ်ခဲ့ပါသည်။ ဘာတွေ ဘယ်လိုလွဲသွားမှန်း ကျွန်တော်ကိုယ်တိုင်ပင် မသိလိုက်ပါ။ ဒါပေမဲ့ အသက်ရလာသောအခါ လောကတွင် လွဲချော်မှုများစွာရှိသေးကြောင်း ကျွန်တော်နားလည်လာပါသည်။

မသေချာတာတွေများသောလောက၊

လွဲချော်မှုများဖြင့် ဖွဲ့စည်းထားသောလောကတွင် ချစ်မြတ်နိုးစရာကောင်းသည့် အရာတစ်ခုသာမရှိလျှင်. .

ဤလောကသည် နေချင်စရာမကောင်းပါ။

ကျွန်တော်တို့လူသားများသည် မွေးလာပြီး ခဏမျှတာလွတ်လပ်ခွင့်ရပြီးနောက် စာသင်ကြရတာနှင့် အချိန်တွေကုန်သည်။

စာတတ်လျှင် အလုပ်ကောင်းကောင်းလုပ်နိုင်မည်။ မပင်ပန်းဘဲ ပိုက်ဆံရမည်။

ထိုအခါ ထမင်းစားဖို့ငွေ၊ နေဖို့အိမ်အတွက် ငွေရမည်။



အဓိက ကငွေပါပဲ။

အချစ်ဆိုသောအရာတစ်ခုသာ မရှိခဲ့လျှင် လူ့ဘဝသည် ဆားမပါသောဟင်း၊ ဆီမပါသော အရွက်ကြော်နှင့် အတူတူပင်ဖြစ်လိမ့်မည်။

အချစ်ကို. . .တဏှာဟု မသတ်မှတ်ရက်ပါ။

သံယောဇဉ်ဆယ်မျိုးသည် သံသရာကို ဆွဲဆန့်သောအပြစ်ဖြစ်သော်လည်း ပုထုဇဉ် ဘဝတွင် အချစ်၊ မေတ္တာ၊ သံယောဇဉ်၊ မိသားစု၊ ပတ်ဝန်းကျင်နှင့် အလုပ်မရှိပါက နေပျော်မည်ဟု ကျွန်တော်မထင်ပါ။

အိုမာခရမ်က ချစ်သူ၊ ပေါင်မုန့်တစ်လုံးနှင့် ဝိုင်တခွက်သာရှိခဲ့လျှင် နေပျော်သည်ဟု ဆိုခဲ့လေသည်။

ကဗျာဆရာမို့ ကဗျာဆန်ဆန်ပြောသည်ဟု ထင်ကြလိမ့်မည်။

ဘာသာရေးဘက်ကကြည့်လျှင် တဏှာတွေကို စွဲလန်းဘပ်မက်စိတ်ပြင်းပြနေတာဖြစ်လိမ့်မည်။

သို့သော် ချစ်ခြင်းသည် အပြစ်တစ်ခုမဟုတ်ပါ။

ချစ်တာ အပြစ်မဟုတ်ပါ မိချယ်ရီ။

× × × × × × × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com



" ဘယ်လိုလွဲသွားလဲ . . ငါလဲမသိဘူးကွ . . လွဲတဲ့

အကြောင်းတရားတွေထဲမှာ . . ရည်းစားစာများထည့်တဲ့ကိစ္စက . .

ရှင်းလေရှုပ်လေပဲ . . . ငါဘယ်လိုလုပ်ရင်ကောင်းမလဲ . . ငါမသိ

ချင်ဟန်ဆောင်နေလိုက်ရမလား . . သွားရှင်းပြရမလား . .

" ချယ်ရီ့ကိုလား"

" အေးပေါ့ကွ"

" ဘယ်လိုရှင်းပြမှာလဲ . . နှမ်းနှစ်လီလေး . . နှစ်ယဲကနှ

နုတ် . . သုညကျန် . . သုညနဲ့လေးနဲ့မြှောက် သုည . . သုည

နင့်အဒေါ်ကြီးနဲ့ မြှောက်လည်းသုညပဲလို့ ရှင်းပြမှာလား"

" လှိုင်ငြိမ်းချမ်း . . မင်းဟာလေ . . ဗေဒင်ဆရာမြစ်ထ

မပြောရဘူး . . လွတ်လျှာရှည်တဲ့ကောင် . . ကိုယ်လျှာကိုယ်ကိုက်

ပြီး သေမယ် . ."

" ငါမသေခင် အခု မင်းပူစီကိုက်တာ အရသာခံကြည့်

လိုက်ဦးမယ် "





ကျွန်တော်စိတ်တိုပြီး ဒီကောင့်ကိုထိုးတော့ ဟဲဟဲနှင့် ငြိမ်ခံနေသည်။

ကျော်စွာက သူ့ရဲ့ တစ်မျှင်ထဲသော မုတ်ဆိတ်မွေးကို ဆွဲပြီးစဉ်းစားနေသည်။

" ငါကြိုက်တာနင့်ကိုမဟုတ်ဘူး ချယ်ရီ . . ငါလွယ်အိတ်

မှားထည့်မိတာပါ . . ငါတကယ်ကြိုက်တာ စန္ဒီလွင် ပါ အဲသလို

ပြောလိုက်ရင် . . ပြောလိုက်ရင် . . . မင်းပူစီကိုက်ရုံတင်မကဘူး . .

ဒေါ်ဒီလာပါ နင်းခံရလိမ့်မယ် သားကြီးရေ . ."

" ကျွတ် . . မင်းပါးစပ်ပုတ်နဲ့ကျော်စွာရာ "

" ဟော့ကောင် . . ဖူးစာရှာလည်ဆိုတာ မင်းမကြားဖူး

လား . . . မင်းဟာက ရှာမလည်ဘဲ . . လွယ်အိတ်လည်သွား

တာကွ . . . ပြီးတော့ ချယ်ရီက ချစ်စရာလေးပါကွ . . စွာတာ

တစ်ခုရယ်၊ အိပ်ငိုက်တာတစ်ခုရယ်၊ သိပ်ချမ်းသာတာတစ်ခုရယ်ပဲ

ပြစ်ရှိပါတယ် . ."

" မင်းဒီလောက်ညွှန်းရင် . . . မင်းပဲ . . ကြိုက်လိုက်တော့

ကျော်စွာ . ."

" ငါ သစ္စာမဲ့ကို . . တက္ကသိုလ်ကျရင် ပြန်လိုက်ပြမယ် . .

ငါတို့ သေချာပေါက်ကြိုက်စေရမယ်ကွာ . . အခုတော့

စာမေးပွဲအောင်ဖို့က အရေးကြီးနေတယ် . ."



www.burmeseclassic.com

www.burmeseclassic.com



" မင်းကများ . . စာမေးပွဲကိုပါးစပ်ထဲထည့်ပြောလို့ . . အခု
တန်ရင် ငါတို့ကျတာရှိဖူးလို့လား . . "

" လူရှိန်မလားလို့ ပြောကြည့်တာပါကွာ "

ကျွန်တော့်ကို ရည်းစားစာ နောက်တစ်စောင်မပေး
ကောင်းလားဟု ချယ်ရီက အပြစ်မတင်ခဲ့သလို စန္ဒီလွင့်ကိုလည်
ကျွန်တော်နောက်ထပ် တစ်စောင် မပေးဖြစ်ခဲ့ပါ။ ချယ်ရီ့ရှေ့
ရောက်လျှင် စိတ်ထဲမှာ . . အီလည်လည်နဲ့ ဖြစ်သွားလေ့ရှိ
ချယ်ရီကတော့ အရင်ကထက် ပို မျက်နှာပြောင်လာသည်။

ပြီးတော့ ကျွန်တော့်ကို အင်္ဂလိပ်စာတွေလာမေးတ
သည်။

ကျွန်တော်က ဆယ်တန်းနှစ်တစ်ဝက်ခန့်မှာ ကျောင်း
ကိုယ်စားပြု၍ ပန်းချီပထမရရာ . . . ကျောင်းတွင် ပို၍
နာမည်ကျော်သွားလေသည်။ ပြီးတော့ Unicef ကျင်းပသ
Myself စာစီစာကုံးပြိုင်ပွဲတွင် ကျွန်တော်ဒုတိယရသည်။

ဆယ်တန်းမှာ စကျက်ဖြစ်သော ကျွန်တော့်စာကျက်
က ညဆယ်နာရီမှ ဆယ့်နှစ်နာရီအထိဖြစ်လေသည်။

တစ်နေကုန် ကျောင်းတက်၊ ညနေအိမ်ကိုကူလုပ်၊ ကျ
တက်၊ လက်ရည်ဆိုင်ထိုင်၊ ဂစ်တာတီးပြီး သီချင်းဆို၊ အိမ်ပြန်
လူခြေတိတ်ချိန် စာကျက်သော ကျွန်တော့်ကို အမေ





စိတ်တိုင်းကျ လွတ်လပ်ခွင့် ပေးထားလေသည်။ သို့သော် စာမေးပွဲ
ကျလျှင် အိမ်ပေါ်ကနေ ခြေထောက်နှင့်မဆင်းရ၊ ခေါင်းနှင့်
ဆင်းရမည်ဟု ကျိန်းဝါးထားပါသည်။

အင်္ဂလိပ်စာကို ဝါသနာပါသော ကျွန်တော်သည်
ဆယ်တန်းပြီးလျှင် ကွန်ပျူတာ ဂရပ်ဖစ်သင်တန်း တက်ပြီး ဒီဇိုင်နာ
တစ်ယောက် ဖြစ်ဖို့ ရည်မှန်းချက် ရှိလေသည်။ ထို့ကြောင့်
ကျွန်တော်သည် ဆယ်တန်းကို သိပ်အပင်ပန်းခံစရာမလိုဘဲ
အောင်မှာကြိုသိနေသည်။

" နင့်ကို ငါပြောစရာရှိတယ်"

ချယ်ရီက ကျွန်တော့်နားမှာ မတ်တပ်လာရပ်ပြီး တိုးတိုး
လေး ပြောသည်။

ကျွန်တော်က မသိချင် ဟန်ဆောင်နေလိုက်သည်။

" ဟဲ့ . . . မုန့်လက်ညှိုး"

" ဘာတုန်း . . ဝက်ဖင်"

" နင် . . ငါ့ကိုခေါ်ပြန်ပြီ"

"နင်လည်း ဘာလို့ငါ့ကို မုန့်လက်ညှိုးလို့ ခေါ်လဲ . . "

" ငါခေါ်နေကျပဲ "

" အေး . . ငါလည်း ဝက်ဖင် လို့ ခေါ်နေကျပဲ
. . . ဘာလဲပြော . . "



www.burmeseclassic.com

www.burmeseclassic.com



" နင်စားဖို့"

ကျွန်တော်လက်ထဲကို အသဲပုံသကြားလုံး တစ်ထုတ် လာထည့်ပေးသည်။

" အဆိပ်မခပ်ထားဘူးမို့လား "

" စေတနာနဲ့ကျွေးတာပါဟယ်"

" မသိပါဘူး . . ငါ့ကိုအမြင်ကတ်နေတော့ . . . "

" ငါတို့ ဆယ်တန်းပဲ နှစ်ဝက်ကျော်ပြီ . . ငယ်ငယ်တုန်းက မတည့်တာတွေ . . မေ့လိုက်ကြရအောင် . . "

" အေးပါ . . ဖြစ်ပါတယ် . . ဒါနဲ့ဟို . . ငါ . . "

" ဘာလဲ "

" စာ "

ကျွန်တော်တစ်ခွန်းထဲပြောသည်၊ သူသဘောပေါက်သည်။

" ရပါတယ် . . ငါစိတ်မဆိုးပါဘူး"

" ဟာ . . ပူစီတိုက်ပြီ . . "

" ဘာလဲဟဲ့ . . နင်ဘာကိုက်တာလဲ . . "

ပြဿနာတော့စပြီ။ ချယ်ရီကြည့်နေပုံထောက်လျှင် . . . ကျွန်တော်သူ့ကို တကယ်ကြိုက်တာဟု ထင်နေပေလိမ့်မည်။





ကျွန်တော်သူ့ကို မကြိုက်ကြောင်း ဘယ်လို ပြောရပါ့မလဲ။

" ငါက . . နင်စိတ်ဆိုးမယ်ထင်လို့ . . "

" ရပါတယ်ဟယ်"

" မရဘူးဟ . . ဟို . . နင့်စိတ်ထဲမှာ တာမှမထားပါနဲ့ ဟာ . . . ငါအင်္ဂလိပ်စာလက်သွေးတာလို့ပဲ သဘောထားရင် . . ငါကျေးဇူးတင်ပါတယ် . . ဒါနဲ့ . . စန္ဒီလွှင်ရော"

"မစန္ဒီက သူ့ရည်းစားဆီဖုန်းဆက်မလို့ . . လမ်းမှာ ကျန်ခဲ့တယ်"

"နင်တို့က တူတူကျောင်းလာတာလား"

" ကျူရှင်က ငါ့အိမ်မှာလေ . . သူလာတက်ရင်းနဲ့ ကျောင်းပါ တစ်ခါထဲလာတာ . . "

" စန္ဒီ့မှာ ရည်းစားရှိလား . . "

" ရှိတယ် . . အင်ဂျင်နီယာလို့ပြောတယ် . . ငါတို့ထက် အသက်အများကြီး ကြီးတယ်ဟ . . "

" ဂလု "

ကျွန်တော့်မှာ နင်သောတံတွေးကို အသံမြည်အောင်ပင် မျိုချရပါသည်။ ချယ်ရီက ဖြူစင်သောမျက်နှာဖြင့် . .



www.burmeseclassic.com

www.burmeseclassic.com



" နင်နေမကောင်းဘူးလား"

ဟုမေးရှာသည်။

"ကန်းတယ်"

" အယ် "

" ငါနေကန်းတယ်. . ကမလေး "

" နင်ဟာလေ. . တော်တော်နှောက်တဲ့ကောင်. . ငါနဲ့ နင် တက္ကသိုလ်ကျက်ရင် အီးမေဂျာပဲယူမှာလား. . "

" ငါကျောင်းဆက်မတက်တော့ဘူး "

" နှမြောဂရာကြီး"

" အဝေးသင်ပဲတက်မှာလေ. . ငါအလုပ်လုပ်ချင်လို့"

" ဘာလုပ်မလို့လဲ. . ပန်းချီဆရာလား. . "

" မခင်း. . . ကွန်ပျူတာဂရပ်ဖစ်ဒီဇိုင်နာပေါ့ "

" နင့်ဝါသနာက ဆန်းတယ်နော်"

" နင်ကရော. ဘာဝါသနာပါလဲ"

"ငါက. . မုန့်စားမယ်. . ဝတ္ထုဖတ်မယ်"

" နင်စာမဖတ်ဖူးလား. . "

"ဝတ္ထုက စာပဲလေ"



" ငါပြောတာ. . နင်. . . John Updike တို့လို ာရေးဆရာတွေဖတ်လား. . "

" ငါက မြန်မာလိုပဲတတ်တယ်"

"ဩော်"

" နင်က ကျွမ်းတယ်နော်"

" ဘာကျွမ်းတာလဲ"

" အင်္ဂလိပ်စာ "

" အေး. . ငါ ရွှေတိဂုံဘုရားမှာ တစ်ပတ်တစ်ခါ သွားသွား ကျင့်တာ"

" ဘုရားမှာ"

" အေးလေ. . ရွှေတိဂုံက ဖော်ရိန်နာအများကြီးလာတယ် သူတို့ကို I want to practice my pronunciation ဆိုပြီး အကူအညီတောင်း. . ဟိုပြောဒီပြောလျှောက်ပြောတာပေါ့. . အဲဒါ အရမ်းသိသာတယ်. . သူတို့လေယူလေသိမ်းပါ မိလာ. . "

" နင်အင်္ဂလိပ်စာကို တော်တော် ဝါသနာပါပုံရတယ်"

" ကြိုက်တာပေါ့. . လိုအပ်တယ်လို့လည်းထင်တယ်"

" ငါကတော့. . ပျင်းတယ်. . အင်္ဂလိပ်စာက တဝင် စရာကောင်းမယ်လို့မထင်ဘူး. . စကားလုံးတွေက များကြီး. . "

www.burmeseclassic.com

www.burmeseclassic.com



" နင်က ဘာမှသိပ်တတ်စရာမလိုပါဘူး"

" ဘာဖြစ်လို့လဲ"

" မိဘ ပိုက်ဆံချမ်းသာတာကိုး. .  "

" တော်စမ်းပါဟယ်. . ငါ့မိဘတွေက ချမ်းသာပေမဲ့. . ဘွဲ့ရပညာတတ်တွေ မဟုတ်ဘူးဟ. . မိဘချမ်းသာတာနဲ့ တတ်ဖို့မလိုဘူးဆိုတာလည်း မဟုတ်သေးဘူး. . ကုဋေရှစ်ဆယ် သူဌေးသားတောင် တောင်းစားရသေးတာပဲ. ."

" နင်တောင်းစားတဲ့အခါ. . ခွက်လိုရင် ငါ့ကိုပြောဦး. . ငါတို့အိမ်က မုန့်ဟင်းခါးထည့်တဲ့ ပန်းကန်တွေ. . အနားပဲ့နေတာရှိတယ်. . နင့်ကိုတစ်ဝက်ဈေးနဲ့ ပြန်ရောင်းမယ်"

ချယ်ရီက ကျွန်တော့်ကို မုန့်လက်ညှိုး အစုတ်ပလုတ်ဟုဆဲသည်။ ကျွန်တော်ကမူ ရင်ထဲတွင် စန္ဒီ့လွင့်မှာ ရည်းစားရှိသည်ဆိုသော သတင်းကြောင့် ရေမဲ့တောင်ပေါ် အဝတ်မပါဘဲ တက်ရသကဲ့သို့ အားစက်နာကျင်နေပါသည်။ ညနေလက်ဖက်ရည်ဆိုင်တွင် ဤသတင်းကို ပြောပြဖို့ ဘယ်လိုမျက်နှာထားရမည်မှန်း ကြိုတင်စဉ်းစားထားရန်လိုပေမည်။

× × × × × × × × × × × × ×





"ဒါဆိုသေချာပြီ. . မင်းနဖူးစာ လွှယ်အိတ်လည်သွားတာကွ. . ချယ်ရီက သကြားလုံးတွေတောင် လာကျွေးတဲ့အဆင့်ရောက်နေရင်. . မင်းကိုသဘောကျနေလို့ပဲဖြစ်မယ်. ."

" တော်ပါ ပုရွက်ဆိတ်ရာ. . တော်ကြာ. . သူ့အမေကိုယ်လုံးနဲ့ ငါ့ဆိုင်ဝင်တိုက်လို့. . ဟင်းရည်အိုး မှောက်မဲ့ကိန်းဆိုက်နေပါဦးမယ်. . ."

" အဲဒီကိန်းမဆိုက်ဘဲနဲ့. . မင်းတို့ကို မုန့်ဟင်းခါးဆိုင်အကြီးကြီးထောင်ဖို့ ရွှေယောက်ခမက. . ငွေတွေအများကြီး ပေးနေဦးမယ်. ."

" ဘယ်တော့မှ မဖြစ်နိုင်တာတွေ လာပြောနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ငွေရှိသောသူဌေးများကို သိပ်ကြည့်ရလှေ မရှိပါ။ ကျွန်တော်တို့ဆိုင်မှာ ချိုင့်ဆွဲစားသော သူဌေးများကို ဘာတွေလုပ်လို့ ဗိုလောက်ချမ်းသာနေတာလဲဟု စဉ်းစားမိဖူးပါသည်။

ဝတ္ထုတွေထဲကလို ကုမ္ပဏီတွေ အများကြီးပိုင်တာလား၊ ရုပ်ရှင်တွေထဲကလို မိဘဆီက အမွေရတာလား ဟာစ်ခုခုပဲ။

ကျွန်တော့်ကျတော့ ကုမ္ပဏီပိုင်ဖို့ဆိုတာ အိပ်မက်ထဲမှာပဲ ဖြစ်နိုင်လေသည်။ အဲသလို ကမ္ပဏီပိုင်ရှင်ဖြစ်နေသည့် **အိပ်မက်** မတောင် တစ်ခါမျှ မမက်ဘူးချေ။ ဆင်းရဲလှပုံမှာ အိပ်မက်ထဲ၌ပါ မချမ်းသာသောဘဝဖြစ်သည်။ သူဌေးဆိုသည်မှာ ပိုက်ဆံကာလွဲ၍ အားလုံးမရှိသူကို ခေါ်သည်တဲ့။ ဘာမရှိတာလဲမသိပါ။

ကျွန်တော်မြင်နေရသည်ကတော့ သူဌေးမယားသည် ဝ၏။ စည်ပိုင်းနှင့် သူ၏။ ရွှေဆိုင်ကြော်ငြာဟု ထင်ရအောင် ရွှေတွေ ဝတ်၏။ တစ်ကိုယ်လုံး ပြောင်ပြောင်ပြောင်ပြောင် ဖြစ်နေသော. . . ရွှေပါတိတ်၊ ငွေပါတိတ်၊ ဇာဝမ်းဘက်များဝတ်ကာ ပွဲအလွန်တက်၏။

မုန့်ဟင်းခါးတစ်ပွဲပွင် ငါးဖယ်၊ အိုးဘဲဥ၊ ဘူးသီးကြော် ပဲကြော် အကုန်ထည့်သည့်အပြင် နံနံပင်များများ၊ ကြက်**သွန်နီ** ဆီချက်များများဆိုတာကလည်း ပါသေးသည်။





ချယ်ရီတို့အမေသည် မုန့်ဟင်းခါးရောင်းသော ကျွန်တော်တို့ကိုသာ မတူမတန်သလို လမ်းမှာဆက်ဆံတတ်ပြီး ကျွန်တော်တို့ရောင်းသော မုန့်ဟင်းခါးကိုတော့ နေ့စဉ် ဝယ်စားသူဖြစ်သည်။

ထိုသို့ စိတ်သဘောရှိသူ ချယ်ရီတို့အမေနဲ့သာ ပြဿနာတက်ရလျှင်. . ကျွန်တော်အစ်မ ကျွန်တော့်ကို ခေါင်းခေါက်ရုံတင်မကဘဲ သူ့ဖောက်သည် ပျက်အောင်လုပ်တယ်ဆိုပြီး. . အိမ်ပေါ်ကပါ နှင်ချပါလိမ့်မည်။

ချယ်ရီတို့ စက်ရုံက အလုပ်သမား၊ အိမ်ကအိမ်ဖော် အားလုံးအတွက် ဝယ်သော မုန့်ဟင်းခါးသည် ကျွန်တော့်အစ်မ ဆိုင်ထွက်သမျှရဲ့ သုံးပုံတစ်ပုံခန့်ရှိသည်။

ထို့ကြောင့် ဖောက်သည်သမီးကို မပြစ်မှားကောင်းဟု ကျွန်တော်ထင်သည်။

ခက်တာက ချယ်ရီပဲ။

အကြောင်းတစ်မျိုးမဟုတ် တစ်မျိုးရှာပြီး မုန့်ဟင်းခါးဆိုင်လာလိုလာ၊ အတန်းထဲမှာ စာမေးတာကတစ်မျိုး။

" ခိုင်လွင် "

" ဟင် "

"နင်တက်တဲ့ အင်္ဂလိပ်စာကျူရှင်. . ငါလိုက်တက်ချင်လို့ "



www.burmeseclassic.com

www.burmeseclassic.com



"ငါက ဆက်ရှင်တက်တာ.. လူတွေက နှစ်ရာလောက်ရှိတယ်.. နင်ဘယ်လိုလုပ်တက်နိုင်မှာလဲ.. ဆရာက မိုက်ခ်နဲ့သင်တာ.."

" နှစ်ရာလောက်တောင်.. ဟင်း.. မဖြစ်ပါဘူး"

အဲသလိုတစ်သွယ်။

" ငါ့ကို My Ambition (ကျွန်ုပ်၏ပန်းတိုင်) အက်ဆေးရေးပေးပါလား ခိုင်လွင်"

" နင်နဲ့ငါ aim မှ မတူတာ "

" အန်.. ဘာ.. အိမ်း.."

" အေ.. အိုင်.. အမ်.. အိမ်း.. ရည်မှန်းချက် "

" သိပါပြီ.. မတူလဲဘာဖြစ်လဲ.. ရေးပေးပါ "

" ငါက ငါဖြစ်ချင်တာပဲ ရေးတတ်တယ်... သူများမှမဟုတ်တာ.. နင်ဖြစ်ချင်တာကို ငါက ဘယ်လိုလုပ်ရေးလို့ဖြစ်မလဲ"

" ငါဖြစ်တာပြောပြမယ်လေ "

" နင်ကလည်းဟာ"

" မစိမ်းကားပါနဲ့ခိုင်လွယ်ရယ်.. အက်ဆေးမပြီးရင်.. ဆရာ ငါ့ကို နားရင်းအုပ်လိမ့်မယ်.. ပြီးတော့ တခြားကျောင်းက လူတွေနဲ့ယှဉ်ရင် ငါက အမြဲတမ်းမျက်နှာငယ်ရတယ်.."





" နင်က အေခန်း အမြဲဝင်တာပဲ "

" အဲဒါက စာကျက်ပြီးဝင်တာ.. အက်ဆေးက ကျက်လို့ရတာ.. နင့်လိုကိုယ်စွမ်းကိုယ်စ တောက်ပြောင်ထင်ရှား ပြည့်ဝ
င်းကျင်မှုရေးနိုင်တာ.."

" အမယ်လေး.. တော်ပါတော့... ငါ့ကို မြှောက်လိုက် ပြောမနေနဲ့.. ကဲကဲ .. နင်ဖြစ်ချင်တာပြော.."

" ငါ စာဆက်မသင်ချင်ဘူး "

" ဟေ "

" စာကျက်ရတဲ့အလုပ်က ပျင်းစရာကြီး... စာလုံးက
း.. ပိစိကလေးတွေ.. ညဘက်ဆိုစာကျက်ရင်းနဲ့ ငါဆို အမြ
ပျော်တာပဲ.. ပြီးတော စာက ခဏပဲမှတ်မိတယ်.. ပြန်မေ့
ော.. ဆယ်ခါကျက်ရင် ဆယ်ခါမေ့တယ်... စာမကျက်
တော့လို့ စာမသင်ချင်တော့တာဟ.."

" နင်ပြောတဲ့အတိုင်းသာ ငါရေးပေးလိုက်ရင်.. နင့်ကို
ကြီးက နားပန် ဇယ်ပြန်ညာပြန် ကျွေးလိမ့်မယ်"

" သိသားပဲ.. အဲဒါကြောင့် နင်ရေးချင်တာရေးလိုက်
..."

ကျွန်တော်က ချယ်ရီ့ရဲ့စိတ်ဓာတ်ကို သဘောမကျသော
မိန်းခလေးတစ်ယောက်က တကူးတက လာရောက်အကူ



www.burmeseclassic.com

www.burmeseclassic.com



အညီတောင်းတာ မငြင်းရက်ပါ။

သို့သော် မိန်းခလေးဖြစ်ပြီး စာကျက်ရမှာ ပျင်းသော သူ့ကို ပညာလည်းမြချင်သည်။

" နင့်ကို တစ်ခုမေးမယ် "

" ဘာလဲ "

" စိတ်မဆိုးနဲ့နော် "

" နင်ယောက်ကျားယူမှာလား "

" ဘာ "

" စိတ်မဆိုးနဲ့နော်လို့ ငါပြောပြီးသားလေဟာ. . . ငါက ရိုးရိုးသားသား သိချင်လို့မေးတာပါ . . . "

" နင့်ကို ပြောပြစရာလား "

" သိချင်လို့ပါ "

ကျွန်တော့်ကို မျက်စောင်းလှမ်းထိုးကာ---

" ယူမှာပေါ့. . ငါယူတဲ့လူက လီယိုနာဒိုလို ချောရမယ်. ဂျူဒ်လော့လိုအချစ်စိတ်ပြင်းထန်ရမယ်. . ကမ္ဘာပေါ်မှာ မိန်းမ တစ်ယောက်ကို အချစ်တတ်ဆုံး၊ နားအလည်တတ်ဆုံး ဖြစ်ရမယ်"

" လီယိုနာဒို လို မချောရင်ရော "





ကျွန်တော့်ကို သူမျက်လုံးထောင့်ကပ်ပြီးကြည့်သည်။

" ရုပ်ဆိုးရင်မကြိုက်ပါဘူး "

" ရုပ်ဆိုးပေမဲ့ အသဲနှလုံးလှတဲ့သူတွေရှိပါတယ်. . ဥပမာ ငါလိုပေါ့. . . "

" နင့်ရုပ်က ညောင်ရမ်းဂွတို ရုပ်ပေါက်နေတာကို "

" နင် ငါ့ကို သက်သက်ညာညာပြောပါ. . ငါစိတ်မထင် နင့်အက်ဆေး မရေးပေးတော့ဘူး. . . "

" စတာပါ "

× × × × × × × × × × × × ×



www.burmeseclassic.com

www.burmeseclassic.com



" ပေါင်တစ်ခြမ်းကတို့ . . အပျိုယမ်း ခွင်ို တဲ့ . . ညောင်
ဂွတိုက္ခ . . . "

ပုရွက်ဆိတ်က ညောင်ရမ်းဂွတို၏ အမိပ္ပါယ်ကို ဤ
ဖွင့်ပြသည်။

" မင်းဒပေါင်တစ်ခြမ်း တကယ်တိုနေလား ခိုင်လွင်"

ကျွန်တော့်ပုဆိုး ခါးပုံစကို ဆက်ခနဲဆွဲဖြုတ်ကာ ကျော်
က မေးသည်။

အောက်ခံ ဘောင်းဘီတိုကလေးပါ၍သာ တော်
သည်။ အခန်းထဲက ကောင်းမလေးတွေက " အရှက်မရှိဘူး
ဟု အော်ကာ ကျွန်တော့်ကို ဝိုင်းကြည့်ကြသည်။

ချယ်ရီနဲ့ စန္ဒီ မုန့်ဈေးတန်းသွား၍ မရှိကြ။ ထို့ကြေ
ကျွန်တော်က အရှက်မရှိဘူးဟု ဝိုင်းအော် ဝိုင်းကြည့်ကြ
ကောင်မလေးများအား ခပ်တည်တည်နှင့် ခါးယောက်ကာ.





" သေချာကြည့်ထား . . ဒါရုပ်ရှင်လိုလက်မှတ်ဝယ်ပြီး
ကြည့်ချင်တိုင်းကြည့်လို့ရတာ မဟုတ်ဘူး . . ဒါ နေချရယ်ဘူးသီး
အဲလေ . . (Natural Beauty) ဖျူးတီးလို့ခေါ်တယ် . . အခုအခံ
ဘာမှမပါဘူး . . . "

မျက်နှာပြောင်စပ်စပ်ဖြင့် ကျွန်တော်က ထိုသို့ ပြောသော
အခါ ကောင်းမလေးများက ရယ်ကြပြန်သည်။

ရုတ်တရက် တင်ပါးဆီမှ ကြိမ်လုံးနှင့်လွဲရိုက်ခံရသဖြင့်
ကျွန်တော်လန့်ပြီး မုံအောက်သို့ပြုတ်ကျကာ ကျွန်တော့်ကို ရိုက်သူ
အား မော့ကြည့်လိုက်တော့ ကျွန်တော်တို့ဆယ်တန်းအတန်းမှူး
ခေါ်ပွင့်ဦး။

မျက်မှန်ထူထူအောက်က ဆရာမမျက်လုံးတွေကို
ကျွန်တော်ယှဉ်မကြည့်ရဲ။ တစ်ခန်းလုံးရယ်သံတွေတိတ်သွား
ကြသည်။

" ခုံပေါ်ပြန်တက်စမ်းခိုင်လွင်"

" ဟုတ်ကဲ့ "

ကျွန်တော်က ပုဆိုးကွင်းလိုက်ပုံကျနေတာကို ပြန်ကောက်
ပြီး ဝတ်မည့်ဟန်ပြင်တော့ ဆရာမက အော်သည်။

" မဝတ်နဲ့ "

" ခင်ဗျာ "



www.burmeseclassic.com

www.burmeseclassic.com



" မင်းအသက်ဘယ်လောက်လဲ "

" ဆယ့်ခြောက်နှစ်ခွဲ "

" မင်းကိုယ်မင်း သုံးနှစ်သားများ မှတ်နေလား "

အတန်းထဲမှ ကျိတ်၍ ရယ်ဟောသံ ခွဲကနဲ ထွက်လာသည်။

" မင်း ဒီလိုပုံစံနဲ့ အိမ်မှာနေလား "

" ဟျာ "

" မဟုတ်နဲ့. . . မေးနေတာဖြေစမ်း. . "

ပေါ်ပင်လယ်သာရှိသော ဘောင်းဘီကျပ်တိုတိုလေးနှင့် အိမ်မှာနေလျှင် အဖေက သေချာပေါက်လက်သီးနှင့်ထိုးမှာ သေချာသည်။ အစ်မများရှိနေ၍ အနေအထိုင် မကြမ်းတမ်းရအောင် အပေးဟ ဆူတတ်သူ။

" မနေပါဘူး "

" အတန်းထဲမှာ မိန်းကလေးတွေ အများကြီးရှိတယ်. . မင်းအရှက်မရှိ ဒီပုံစံနဲ့ လုပ်သင့်လား. . မလုပ်သင့်ဘူးလား. . "

" သူတို့က ရယ်ကြလို့ပါ ဆရာမ "

" သူတို့ရယ်လို့ မင်းက ပိုလုပ်ပြတယ်ပေါ့ "

" ဟို. . . "





ထိုအခိုက် အတန်းထဲသို့ ချယ်ရီရဲ့ စန္ဒီ ဝင်လာကြသည်။ ကျွန်တော့်ကို မြင်တော့ စန္ဒီက နှုတ်ခမ်းကို လက်နဲ့ အုပ်ကာ ရယ်သည်။

" လူရယ်တိုင်း လုပ်ပြတာ လူအကျင့်မဟုတ်ဘူး. . မျောက်အကျင့်. . တိရိစ္ဆာန်ရုံက မျောက်တွေ တွေ့တယ်မို့လား. . သူတို့တစ်ခုခု လုပ်လို့ လူရယ်ရင်. . သူတို့က ထပ်လုပ်ပြတတ်တယ်. . မင်းက လူလား. . မျောက်လား. . "

" လူက မျောက်ကနေ ဆင်းသက်လာတယ်လို့ စာအုပ်ထဲမှာဖတ်ဖူးပါတယ် ဆရာမ. . မျောက်နဲ့လူက ဆက်နွယ်မှုရှိပါတယ်. . "

ဆရာမက ဓာတုဗေဒသင်သူဖြစ်သည်။

လောကမှာရှိသမျှအရာအားလုံး ခွဲထုတ်ပြီး အကြွင်းချိုသူမျိုး။

ဓာတုဗေဒဘာသာတစ်ခုကိုပဲ တစ်ဖက်စွန်းကျကျ ခုံခြည်စွဲလန်းသူမျိုး။

တစ်ခြားဘာသာများကိုလည်း ပုတ်ခတ်တတ်သည်။

ဥပမာ. . . Physics ဆိုတာ မသေချာတဲ့သူဟောသာ ခံဝင်စားတာ။ အင်္ဂလိပ်စာက ပညာမှမဟုတ်တာ. . ဘိုစိတ် လိုက်နေတဲ့လူတွေသာ ကြိုက်ကြတာ. . အဲသလို ပုတ်ခတ်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ Chemistry မှ ကောင်းသည် အဲသလို။

" ဆရာမ မယုံရင် Bio ဆရာမကိုမေးကြည့်ပါ. . မနက်ကတင် ကျွန်တော်တို့ကို Bio ဆရာမက ချားလ်ဒါဝင်နှင့်သူ၏ လေ့လာသုံးသပ်ချက်များအကြောင်း ပြောပြသွားတာပါ။ လူနဲ့ မျောက်က ဖွဲ့စည်းပုံချင်းလည်းတူပါတယ်. . လူမှာ Limbid System တစ်ခုပဲ အပိုပါတာပါ "

ဆရာမ ခေါ်ပွင့်ဦး ကျွန်တော့်ကို ဘာမှပြန်မပြောနိုင်။

" ဥပမာ. . ဆရာမဆိုးထားတဲ့ နှုတ်ခမ်းနီအရောင်ရဲ့ ကို မျောက်တွေကလည်း သဘောကျကြပါတယ်. . ဒါလူနဲ့ မျောက်ရဲ့ Connection ပါဆရာမ "

" တော်တော့. . မိကျောင်းမသားလိုပဲ . . "

"ကျွန်တော့်အမေက လူပါဆရာမ. . "

" မင်းလျှာရှည်တာကို ပြောတာ. . နောက်ဒီလို ဘောင်းဘီတိုနဲ့မနေနဲ့. . သတ္တိရှိရင်ချွတ်ပြလိုက်. . "

" ဆရာမ ခိုင်းတယ်လို့ပြောပြီး ချွတ်ပြရမှာလည်းဆရာမ

" မင်း. . ခိုင်လွင်. . ရုံးခန်းထဲရောက်ဖို့ပြင်ထားတော့. .

× × × × × × × × × × × × ×





" နင်ကလည်း ဆရာမကိုမှ သွားစိန်ခေါ်ရတယ်လို့. . ခေါ်ပွင့်ဦး ဒီလောက်ဆိုးတာ မသိတာလည်း မဟုတ်ဘူး. . "

ချယ်ရီက ကျောင်းအပြန်မှာ သူ့အိမ်ကကားလာမကြိုနိုင်၍ ကျွန်တော်နဲ့ လမ်းလျှောက်ပြန်ရင်း တတွတ်တွတ် ဆူသည်။

" နင်နဲ့ဆိုင်တယ် ချယ်ရီရ "

" ဘာ "

" ဟုတ်တယ်. . နင်ဘဲ ငါ့ကို ညောင်ရမ်းဖွတ်ိုဆို. . ပေါင်တစ်ခြမ်းကတို. . အမျိုးခါးဖက်ငို. . ညောင်ရမ်းဖွတ်ို မဟုတ်လား. . ငါပေါင်တစ်ခြမ်းမရှိဘူးဆိုတာ. . ကြော်ငြာတဲ့ သဘောပါ "

" မုန့်လက်ညှိုးလေ. . ယိုတိ "

" အံမယ် "

" ဟုတ်တယ်ခိုင်လွင်ရဲ့. . နင်သာဘောလုံးကန်ကြည့်. . ဘာဟာတပေါင် ဘယ်ယာတ ခြေသလုံး စာတန်းချိပ်ပြီး တန်ရမယ်. . ဒါမှ နို့ဗို့ . . ပေါင်နဲ့ခြေသလုံးမှားမယ်. . "



www.burmeseclassic.com

www.burmeseclassic.com



" ဟာ. . ဒါဆိုရင် နပ် ဝေးနေတာဖြစ်ရမယ် "

" ဘာဝေးတာလဲ "

" ပေါင်ရဲ့ထိပ်မှာ ဘာရှိလဲ. . ခြေထောက်အောက်မှာ ဘာရှိလဲ. . "

" နင်. . ညစ်ပတ်ပြန်ပြီ. . "

" ဟုတ်တယ်လေ. . ပေါင်ရဲ့ထိပ်မှာ အရိုးတွေရှိတယ်. . ခြေထောက်အောက်မှာ ခြေဖဝါးရှိတယ်. . အဲဒါနဲ့ခွဲပေါ့ဟ. ပေါင်က အရိုး. . . ခြေက အသား. . . ဟား. . ဟား "

" တော်တော် စုတ်တီးစုတ်ပဲ့ ပြောတဲ့ကောင်. . ပြောလိုက်ရင် ခါးအောက်ပိုင်းကကို မလွတ်ဘူး "

" ပေါင်နဲ့ ခြေထောက်က ခါးအောက်ပိုင်းမဟုတ်ဘူးလား"

" နင်ဟာလေ. . "

"ဘာဖြစ်လဲ. . "

" ငါ့အက်ဆေးပြီးပြီလား"

" နဲနဲကျန်သေးတယ်"

" မနက်ဖြန်ရမလား "

" ရမယ်ထင်တယ်"

" ကျေးဇူးပါပဲဟယ်"



" ပါးစပ်ကပဲ ကျေးဇူး. . လက်ကမလာဘူး. . မုန့်လေး ဘာလေး ကျွေးတော့ ငါပိုစေတနာရှိပါတယ်ပေါ့. . "

" ဘယာကြော်စားမလား"

" ဟင် "

" ဟိုမှာလေ. . မီးဖိုဆွဲပြီး ရောင်းတဲ့ ဘယာကြော်သယ် ငါဝယ်စားနေကျပဲ. . ကောင်းတယ် "

ကျွန်တော်တို့ကို ဘယာကြော်ကုလားက အတွဲဟုထင်ပုံ ရသည်။

" နှစ်ယောက်စာ ဝယ်လေ. အမလေးရယ်"

"တော်ပြီ တစ်ယောက်စာပဲ "

" ဪ အမလေးရယ် တစ်ယောက်စာဝယ်ပြီး နှစ်ယောက်စားတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ငတ်ပြည်ကြမှာကိုး. . "

ကျွန်တော်က ထိုစကားကို ဘယ်လိုမှ မခံစားရသော် လည်း ချယ်ရီ့မျက်နှာကမူ အရောင်တစ်မျိုး ပြောင်းသွားတာ ကျွန်တော်တွေ့လိုက်ရသည်။ ဝတ္ထုထဲကလို ဒါချယ်ရီရှက်သွား တာတုထင်သည်။

ဆယ်ကျော်သက်မို့ ချယ်ရီ့မျက်နှာသည် မာယာမရှိသေး။ သဘာဝကလေးသာသာ။ ထိုမျက်နှာပေါ်မှ ရှက်သော အရိပ် အယောင်ဖြတ်ပြေးသွားသောအခါ ဆယ်ကျော်သက်

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးနဲ့မတူတော့ဘဲ. . အပျိုကြီးနှင့်သွားတူသည်။

ဘယာကြော်သယ် ကျွန်တော်တို့နားက မီးပိုလေးဆွဲကာ ထွက်သွားပြီးနောက် ချယ်ရီက ဘယာကြော်ထည့်ထားသော စက္ကူကန်တော့ပုံ အထုပ်ကို ကျွန်တော့်လက်ထဲထည့်ပေးသည်။

" ရော့ နင်တစ်ယောက်တည်းစား "

" နင်လဲကြိုက်တယ်မို့လား"

"ဘာ"

" ဘယာကြော်ကိုပြောတာပါဟ"

" နင်စားချင်တယ်ဆိုလို့ ကျွေးတာလေ"

" နင့်ကို ငါဘယာကြော်စားချင်တယ်လို့ မပြောပါဘူး"

" နင်ပဲ တစ်ခုခု ကျွေးဆို"

" ကျွေးတော့လဲ စားရတာပေါ့. . ရော့. နင်လဲနှိုက်စား"

"ဒါပဲနော်. . အကျီဆေးကိုကောင်းကောင်းရေးပေး. . "

ချယ်ရီနှင့်အိမ်က အတူတူပြန်တာကို အမေတွေ့သွားသောအခါ ညဘက်၌ ကျွန်တော့်ကိုခေါ်မေးတော့သည်။

* x x x x x x x x x x x x





ကျွန်တော်အသက်ခပ်ငယ်ငယ်တုန်းက ကုလားကားတစ်ကားကြည့်ဖူးသည်။ Love Story ဟု အမည်ရသောကား။

အရမ်းချမ်းသာ၊ အရမ်းချောသောမင်းသားနှင့်

အရမ်းချမ်းသာ၊ အရမ်းချောသောမင်းသမီးတို့၏

အချစ်ဇာတ်လမ်း။

ကြည့်ပြီး ငါသာမင်းသားဖြစ်ရင် ဟုတွေးကာ ရင်ခုန်ခဲ့သည်၊ ရည်းစားကြောင့်ရင်ခုန်ရသော အရသာသည် လူပျိုပေါ် အထွတ်အထိပ်အရသာဖြစ်သည်။

ကျွန်တော့်အတွက် ရင်ခုန်ခြင်းသည် ချယ်ရီနှင့် ရည်းစားဖြစ်သော ပေါ်ပေါက်ခဲ့သည်။ နောက်ကျသော် ထိုရင်ခုန်ခြင်း သခုထိ အရသာရှိနေတုန်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



" မင်း ရည်းစားရနေပြီးလား "

" ကျွန်တော်လိုချင်ရင် အဖေရှာပေးမှာလား"

" ဟော့ကောင်.. ငါမေးနေတာ မင်းနောက်မနေနဲ့.. မင်းနဲ့ ချစ်မမဂုဏ် သမီး ညနေကတွေ့လိုက်တယ်.."

" သူ့အိမ်က ကားပျက်လို့တဲ့ အဖေရ.. "

" ငါမေးတာ မင်းတို့ကြိုက်နေကြလား"

" ဟာ.. အဖေကလဲ "

" ချစ်မမဂုဏ်နဲ့ ဝေးဝေးရှောင်ကွ... မင်းကို ငှက်ပျော ဖူးလုံးသလို လုံးမဲ့ မိန်းမကြီး.."

မုန့်ဟင်းခါးထဲလည်သော ငှက်ပျောအူသည်..

လုံးချင်သလိုလုံးရန်မရပါ။

ငှက်ပျောအူတိုင်ကို ဓားဖြင့် အနေတော်ပိုင်းကာ ဓားပါးပါးဖြင့် မထူမပါး လှီးရပြီး အလည်မှ အူညွန့်ထုတ်ပစ်ရ သည်။ ငှက်ပျောအူထူလျှင် အချိုမှုန့် အရသာစုပ်သွားပြီ ငှက်ပျောအူပါးလျှင် ဟင်းအိုးရည်ထဲ၌ ပျောက်သွားတတ်သည်။

ဈေးသည်တစ်ချို့ကတော့ မုန့်ဟင်းခါး ဟင်းရည် ငှက်ပျောအူထည့်လျှင် အချိုပေါ့သည်ဟုယူဆကာ ငှက်ပျောအူ ဖတ်များကို သတ်သတ်တစ်အိုးခွဲ၍ ပြုတ်လေ့ရှိသည်။



စားသူက ငှက်ပျောအူဖတ်ထည့်ခိုင်းမှသာ သပ်သပ်ပြုတ် ထားသော ငှက်ပျောအူဖတ်များကို ထည့်ပေးတတ်သည်။

အဖေပြောသည့်အစိပ္ပါယ်က ကျွန်တော့်ကို ငှက်ပျောအူ ဆို ချယ်ရီ့အမေက ပါးပါးလှီးကာ အူတိုင်ထုတ်ပစ်မယ် ဆိုသော အဓိပ္ပါယ်။

" ကျွန်တော်တို့ တကယ်ဘာမှ မဟုတ်ပါဘူးအဖေရာ.. စိတ်စိုးရိမ်မနေပါနဲ့..."

" ငါစကားများများမပြောချင်ဘူးကွာ.. သူတို့က ရွှေဆိုင် ရွှေပန်းထိမ်ပိုင်တာဆိုတော့ ရပ်ကွက်ထဲမှာ လက်မထောင်နေ တာ..."

" ကျွန်တော်တို့လည်း ဆိုင်ရှိတာပဲ "

" ဘာဆိုင်ရှိလို့လဲကွ"

" မုန့်ဟင်းခါးဆိုင်လေ အဲဒါလည်း ဆိုင်ပဲမို့လားအဖေရ"

" မင်းတစ်နေ့ကျမှ နားလည်လိမ့်မယ် ခိုင်လွင်... ဦးနှောက်နဲ့အဖေပြောတာကွ မင်းနားလည်မှာမဟုတ်ဘူး.. ကြားသလိုပဲ လူ့လောကမှာ အရောင်းအဝယ်ချည်းပါပဲသားရာ လူတွေကသာ ရောင်းတဲ့ပစ္စည်းက ဈေးကြီးရင် ဈေးရောင်းတဲ့ ဈေးကြီးသွားတယ်လို့ သတ်မှတ်တာ.. အဲ.. အဆင့် တန်းရှိတယ်ပေါ့ကွာ.. "

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရဲ့ ဆယ့်ခြောက်နှစ်ခဲ့အသက်ဖြင့် ထိုစကားကို နားမလည်ခဲ့ပါ။ အသက် သုံးဆယ်ကျော်လာသောအခါ အဖေ ပြောသောစကားကို နားလည်လာခဲ့သည်။

လမ်းဘေးမှာ ဖိနပ်ချုပ်သမားသည် ဖိနပ်တစ်ဖက်ခေါ ပြုတ်၍ချုပ်လျှင် တစ်ရာကျပ်တောင်းသည်။

ထိုအခါ ငါးဆယ်ထားပါဟု ဆစ်သည်။

တကယ်တော့ နေရာမျိုးစုံသွားရာတွင် စီးရသော ဖိနပ်သည် ခွေးချေးပုံနင့်မိသည့်အခါနင်းမိမည်။

ရွံ့ဗွက်ပေသည့်အခါပေမည်။

ကတ္တရာစေးကပ်သည့်အခါကပ်မည်။

ထိုသို့သောဖိနပ်ကို ကိုယ့်ပစ္စည်းမဟုတ်ပါဘဲ ကိုင်တွယ်၍ ချုပ်ပေးသူသည် တွေ့ကြည့်လျှင် ကျေးဇူးတင်ရ မည်မဟုတ်လား ဖိနပ်ချုပ်သောပညာကို လူတိုင်းမတတ်။

သို့ရာတွင် မည်သည့်ဖိနပ်ချုပ်သမားကမှ...

ဦးဘယ်သူ (ဘီအေ.. အမ်ဘီဘီအက်..) စသ ဘွဲ့နာမည် များဖြင့် တခမ်းတနားချေပ်ပါ။

ထိုအခါ စာမတတ်တဲ့ကောင်တွေပဲ ဒီကောင်တွေတော ရင် စစ်သာစစ်ဆိုသော ပညာမတတ်သူအပေါ် နှိမ်ချင်စိတ် ဖိနပ်ချုပ်ပညာကို ဈေးနှိမ်ပစ်လိုက်သည်။





ရွှေဆိုင်တစ်ဆိုင်ကိုသို့ဝင်သွားပြီး ပစ္စည်းဝယ်လျှင် ဈေး ဆစ်၍မရပါ။

အမြတ်တင်ထားမှာ အလျော့တွက်ယူတာများမှာသိသော် ည်း ရွှေဆိုင်တွင်ဈေးဆစ်မရ။ ထို့အပြင်--- ရွှေဆိုင်ဖွင့်သူ၏ ရှိန်အဝါနှင့် ဖိနပ်ချုပ်သမား၏အရှိန်အဝါ. . . မတူပါ။

လူတို့သည် တခါတရံ မိမိကိုယ်တိုင် အရောင်းခံနေရသော် ည်း ထိုဘဝကို မသိမြင်နိုင်ကြပါ။ အခါတော်တော်များများ ဈေးဝယ်တာကိုပဲ မြင်ကြလေ့ရှိသည်။

လူ့ဘဝတွင် ရောင်းဝယ်၍မရသောအရာတွေ များစွာရှိ ည့်အနက် စိတ္တဇနာမ်ဖြစ်သော အချစ်၊ မေတ္တာ၊ ကျေးဇူးတရား ည်တို့က ရောင်းဝယ်၍မရရုံသာမက မွေးမြူ၍မရပါ။

ထိုစကားသည် လူ့သမိုင်းတစ်လျှောက် လူမျိုးဆက်နှင့် ဘူ ထာဝရ ရှင်သန်နေမှာဖြစ်သည်။

× × × × × × × × × × × × ×



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ရေးပေးလိုက်သော အက်ဆေးကြောင့် ချယ်
ဆိုးဆိုးရွားရွား နေမကောင်း ဖြစ်သည်အထိ ဆိုးလိမ့်မည်
ကျွန်တော်မထင်ပါ။

ကျွန်တော်ရေးပေးလိုက်သည်က အောက်ပါအတိုင်း
ဖြစ်သည်။

အင်္ဂလိပ်လိုမရေးပြဘဲ မြန်မာလိုသာ နားလည်စေ
ပါသည်။

". . . . ကျွန်မသည် ဆယ်ကျော်သက် အရွယ်
မိန်းခလေးတစ်ဦး ဖြစ်ပါသည်။ ဘဝရည်မှန်းချက်သည်
ဆယ်ကျော်သက်ဘဝမှ မြင်နိုင်သော အရာတစ်ခုမဟုတ်
ကျွန်မထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် . .





လူများစွာသည် ငယ်စဉ်ကရည်မှန်းချက်အတိုင်း
ည်သည့်အခါမှ ရာနှုန်းပြည့် ဖြစ်ထွန်း အောင်မြင်သည် ဟူ၍
ရှိပါ။

ဥပမာ. . . စာရေးဆရာမ မြလွန်းချိုသည် ငယ်စဉ်
တည်းက စီးပွားရေးပညာရှင် တစ်ယောက် (သို့မဟုတ်) ဂျပန်
ိုင်ငံရှိ တက္ကသိုလ်တစ်ခုတွင် Lecturer (ဆရာမ) ဖြစ်ချင်သူ
ဖြစ်သော်လည်း ကံဆိုးစွာပင် အချိုးမပြေသော လူနာများနှင့်
တွေ့ဆုံရသည့် ဆရာဝန်၊ ချစ်၊ ကြိုက်၊ ကွဲ၊ ညားရေးသည့်စာရေး
ဆရာမ ဖြစ်လာခဲ့ရသည် မဟုတ်ပါလား။ ကွဲ၊ သေ ဝတ္ထုများရေး၍
ဆိုသတ် စိတ်ညစ်သူ ဖြစ်လာခဲ့ရသည် မဟုတ်လော။ ငယ်စဉ်က
ည်မှန်းချက်များသည် စိတ်ကူးယဉ်ဆန်သည်ဟု ကျွန်မထင်ပါ
ည်။ လူတော်တော်များများက ဆရာဝန်၊ အင်ဂျင်နီယာ၊
ကျောင်းဆရာမစသော Graduate (ဘွဲ့ရ) အနေအထားများကို
ည်မှန်းကြပါသည်။ မည်သူကမှ ဟင်းရွက်ရောင်းသူ၊ ကြက်သား
ရောင်းသူ မဖြစ်ချင်ကြပါ။ သို့ရာတွင် အသက်ကြီးရင့်လာသည့်
အခါ ဖြစ်ချင်တာထက် ဖြစ်သင့်သော အနေအထားများကို
ရွေးချယ် လုပ်ကိုင်ရပါသည်။

ငွေကြေး မတတ်နိုင်သော မိသားစုမှ သားသမီးများသည်
ဆရာဝန်ဖြစ်ရန် ငွေကြေးမတတ်နိုင်ကြပါ။

နေ့စဉ်ဝမ်းစာ ထမင်းနှစ်နပ်အတွက် ငွေရှာရန် အရေးကြီးသော



www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝတွင် ကြီးကြီးကျယ်ကျယ် မျှော်မှန်း၍ တစ်နေ့ တစ်လ်ပုဂံဘယ်ပြေးမလဲ နှုန်းဖြင့် ကြိုးစားပါမူ အင်တာန ခေတ်ဖြစ်သောကြောင့် လိုက်လေဝေးလေဖြစ်ပါလိမ့်မည်။

ထို့ပြင် ကျွန်မသည် စာကျက်ပျင်းသူဖြစ်သောကြော စာဆက်မသင်ချင်ပါ။

ကျွန်မရည်မှန်းချက်က လီယိုနာဒိုလို ချောမောသော၊ ချ လေ့လို အချစ်စိတ်ပြင်းထန်သော ကမ္ဘာပေါ်၌ ကျွန်မကို နားလည်ဆုံး၊ အသိတတ်ဆုံး ယောက်ျားတစ်ယောက်ကို လက်ထ ရန်ဖြစ်သည်။ ထိုယောက်ျားသည် အရုပ်မြင့်ရမည်။ အသ ကောင်းရမည်။ ပညာသိပ်တတ်စရာမလိုဘဲ လိုအပ်လျှ မော်ဒယ်ဘွိုင်းလုပ်၍ ကျွန်မကိုရှာကျွေးနိုင်ရမည်။ သူသည် အ ကြီးသူမဖြစ်ရ။ ကျွန်မကြိုက်သော ဝတ္ထုများထဲကလို မိန်းမတ ယောက်ကို ပညာရှိနည်းဖြင့် တသသ ညှင်းဆဲသူမဖြစ် ခပ်ညံ့ညံ့ယောက်ျားမဖြစ်ရ။

ကျွန်မ၏ရည်မှန်းချက်သည် မိန်းခလေးတိုင်း၏အ အတွက် အရေးကြီးဆုံးဖြစ်ပါသည်။

မည်မျှတော်သောမိန်းမဖြစ်ပါစေ အရွယ်ရောက်လျှ လင်ကောင်းသားကောင်းရဖို့အရေးကြီးပါသည်။

ဆရာဝန်မ၊ အင်ဂျင်နီယာမ စသဖြင့် မိန်းမများသည် အချိန်တန်လျှင် လက်ထပ်ကြရပါသည်။





ထို့ကြောင့် သဘောထားပြည့်ဝကောင်းမွန်ပြီး ချောမော သူပကာ ဝင်ငွေကောင်းသည့် လင်ယောက်ျားကောင်း တစ်ယောက်အား လက်ထပ်ရေးသည် ကျွန်မ၏ရည်မှန်းချက်ပင် ဖြစ်ပါတော့သည်. . . ."

ဤသို့ရေးပေးလိုက်သော အတက်ဆေးကို ချယ်ရီ့ဆရာက တ်ပြီးစိတ်ဆိုးသည်။

ချယ်ရီ့ကို ကျူရှင်ဝိုင်းက ထုတ်ပစ်လိုက်သည်။

အကြောင်းပြချက်တ "လင်ရဖို့ဆိုတာ ရည်မှန်းချက် ထုတ်ဘူး ငါ့ကို မရှိသေလို့ဒီလိုရေးတာ" ဟုထင်လေသည်။

ချယ်ရီစိတ်ညစ်ပြီး ညနေဘက်ခေါင်းလျှော်ကာ ဆံသားကွန်းဖြင့် အိပ်ပြီး ညဦးပိုင်းဖျားလေသည်။

ကျွန်တော့်ကိုတွေ့ချင်တယ်ဆိုသဖြင့် သွားတွေ့ရသည်။

× × × × × × × × × × × × ×



www.burmeseclassic.com

www.burmeseclassic.com



" နင့်ကြည့်ရတာ ငါ့ဒီလိုဖြစ်လို့ပျော်နေပုံပဲ "

အနွေးထည်နက်ပြာရောင်ကလေးဝတ်ထား၍ ဖြူဝင်းသောချယ်ရီ့မျက်နှာသည် ရှုံ့ရင်းစွဲထက် ပိုဖြူဖျော့သယောင်ထင်ရသည်။

ကျွန်တော့်ကို စိတ်ပျက်နေသောအသံဖြင့် ချယ်ရီမေးသည့်အခါ ကျွန်တော့်စိတ်ထဲတွင် ရယ်ချယ်သလိုဖြစ်သော်လည်း ချယ်ရီ့မျက်လုံးများမှ အမိပ္ပါယ်တစ်မျိုးကြောင့်. . . စိတ်မကောင်းဖြစ်မိသွားပြန်သည်။

ပုရွက်ဆိတ်နဲ့ကျောက်ဘီးလူးကမူ ချယ်ရီတို့အိမ်မှ အိမ်ဖော်လာချပေးထားသော ကော်ဖီနှင့် မုန့်များကို အားပါးတရစားသောက်ပြီး ကျွန်တော်နဲ့ချယ်ရီ စကားပြောနေတာကို ဝင်မပြောကြ။

" ငါ. . တောင်းပန်ပါတယ် "





" ဖြစ်ပြီးသွားမှ တောင်းပန်လည်း ဘာထူးမှာလဲမုန့်လက်ညှိုးရဲ့. . ငါဘယ်လောက်အရှက်ကွဲခဲ့ရလဲသိလား. . . ငါစာကျက်ပျင်းတာ နင့်ကိုဘာထိခိုက်လို့လဲ. . . ငါ နင့်ကိုအားကိုးပြီး အကူအညီတောင်းခဲ့တာပါ. . နင်အင်္ဂလိပ်စာတော်မှန်း ငါသိပါတယ်. . နင့်ကိုငါ ပညာစမ်းနေတာမှ မဟုတ်တာဘဲနင် ငါ့ကို ပညာပြစရာမလိုပါဘူး. . . ဆရာက အရမ်းဒေါသထွက်နေတုန်းပဲ. . . ငါ့မှာ ငါရေးတာ မဟုတ်ပါဘူးလို့ ပြောလို့လဲမဖြစ်. . မပြောတော့လဲ ဆရာ့ကို နောက်ပြောင်ရေးတယ်လို့ထင်ခံရပြန်ရော. . . "

" နင့်ကို နောက်မိတာ ငါဝန်ခံပါတယ်ဟာ. . ဒါပေမဲ့ ဆရာကြီးက ဘာလို့ အဲဒီလောက် Sensitive (ဆတ်ဆတ်ထိ မခံ) ဖြစ်သွားတာလဲ "

" ဖြစ်မှာပေါ့ဟဲ့. . ဆရာကြီးက လူပျိုကြီးဟာကို သူ့ကိုလူပျိုကြီးလို့ ပြောရင် နဲနဲမှ ကြိုက်တာမဟုတ်ဘူး. . . လက်ထပ်တဲ့အလုပ်ကိုလည်း အရေးမပါတဲ့အလုပ်လို့ ခံယူထားတာ "

" နင်ကရှင်းပြပေါ့. . ဆရာရယ် အစွန်းနှစ်ဖက်ရောက် တာ သိပ်မကောင်းပါဘူး. . ပုံမှန်ပဲကောင်းပါတယ် လို့. . . "

" နင့်ကိုခေါ်ပြီးရန်တွေ့တာနော်. . ငါ့ကိုစိတ်တိုအောင် ထပ်မစနဲ့. . . ငါစိတ်နာရင် လူတစ်ယောက်ကို ဘယ်တော့မှ ခွင့်မလွှတ်တတ်ဘူး. . ရယ်တာတော့ရယ်နေမှာပဲ. . ရယ်နေတိုင်း အကောင်းမထင်နဲ့. . "



www.burmeseclassic.com

www.burmeseclassic.com



" အေးပါဟာ. . အိမ်ခေါ်မုန့်ကျွေးပြီး ရန်တွေ့လို့ နင့်ကို ငါကျေးဇူးတင်ပါတယ်ချယ်ရီ. . နောက်ဒီထက်ပိုကျွေးနိုင်ပါစေ၊ ဒီထက်ပိုရန်တွေ့နိုင်ပါစေ. . ငါလဲ နင့်ကို ဒီထက်ပိုစပါမယ်. . "

အပြန်မှာ ကျွန်တော်နှုတ်ဆိတ်စွာပင် အတွေးလွန်လျက် လမ်းလျှောက်လာသည်။ ပုရွက်ဆိတ်နှင့် ကျောက်ဘီလူးတို့က သူတို့ဖတ်ခဲ့သည့် အကြည်တော်၏ဝတ္ထုတစ်ပုဒ်ကို ပြန်ပြောကာ ရယ်ကြသည်။ ကျွန်တော့်နားထဲသို့ သူတို့ အသံက မကြားတစ်ချက်ကြားတစ်ချက်။

ကျွန်တော် ဒီတစ်ခါလုပ်လိုက်တာ တော်တော်များ လွန်သွားသလားဟုတွေးကာ စိတ်မကောင်း။

ကျွန်မရည်မှန်းချက်က လင်ကောင်းရဖို့ပါပဲဟု ဘယ် မိန်းကလေးက ပြောရဲမည်လဲ။

သို့သော် လူ့ဘဝတွင် မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ အဖော်တစ်ယောက်ဖြင့် အတူတကွနေထိုင်ပြီး အခက်အခဲများကို ဖြေရှင်း ရာမှ မိသားစုဟူ၍ဖြစ်ပေါ်လာသည်မဟုတ်လော။

သဘာဝဆိုတာ ကျမ္မလှသည်လေ။

ဘဝတွင် အခြေခံကျသော အိမ်ထောင်မှုကိစ္စကို အပြစ် တစ်ခုသဖွယ်မြင်၍ တစ်ကိုယ်ကောင်းဆန်အထီးကျန်ဆန်စွာ နေထိုင်သေဆုံးသွားကြသူများသည် စိတ်မမှန်လို့ပဲဟု ကျွန်တော်





ထင်သည်။

ဆယ့်ခြောက်ခွဲအရွယ်ကတော့ ထိုအတွေးမျိုးမရှိသေး။

ချယ်ရီ့အတွက် စိတ်မကောင်းတာတစ်ခုသာ ခံစားချက် အဖြစ် ကျွန်တော့်ကိုလွှမ်းမိုးနေသည်။

တဖြည်းဖြည်း အသက်ရလာလေ. .

လောကစံ၏အရိုက်အပုတ် အထုအထောင်း ကိုခံရလေ။

အဖော်၏အဓိပ္ပါယ်ကိုပိုမိုသဘောပေါက်လာပြီး ပိုမို တန်ဖိုးထားတတ်လာလေဖြစ်သည်။

ယောကျ်ားရင့်မကြီးဖြစ်ပေမဲ့ လောကဓံအဆိုးလေးပါးနှင့် ကြုံလျှင်. . . စိတ်ထိခိုက်ပြိုလဲကြတာပဲဖြစ်သည်။

စိတ်နှင့် လူလုပ်သည့်ခန္ဓာကိုယ်မဟုတ်လား။

ကျွန်တော် အသက်ဆယ်ခြောက်နှစ်ခွဲတုန်းကတော့ အဖော်၏အဓိပ္ပါယ်ကို နားမလည်တတ်သေးသော်ငြား. . . ချယ်ရီ့မျက်ဝန်းထဲမှ စိုလက်ဖိတ်တောက်နေသော နာကျင်မှု များကို ကျွန်တော်ဖယ်ရှားပေးချင်သော စေတနာ တကယ်ဖြစ် ခဲ့သည်။

" ချစ်ခြင်းအစ. . . မျက်ဝန်းက "



www.burmeseclassic.com

www.burmeseclassic.com



" ချစ်ခြင်းအစ. . . မုန်းခြင်းက"

" ချစ်ခြင်းအစ. . . သနားခြင်းက"

ဟူ၍ မျိုးစုံအဓိပ္ပါယ်ဖွင့်ခဲ့ကြသည်။

ကျွန်တော့်အတွက်မူ ချစ်ခြင်းအစ နောင်တ က ဖြစ်သည်။

" ငါလွန်သွားတယ်"

မိန်းခလေးတစ်ယောက်ကို ဒီလိုမစသင့်ဘူး. ကိုယ့်ကိုယုံကြည်အားကိုးတဲ့ မိန်းခလေးကို ယုံကြည်မှုအလွဲသုံးစားလုပ်ပြီး စနောက်တာ အောက်တန်းကျတာပဲ. . . ဟူသော အတွေးမျိုးဖြင့် ကျွန်တော် လိပ်ပြာမသန့်ဖြစ်ခဲ့သည်။

ထိုကာလအတွင်းတွင် ချယ်ရီ့အိမ်က ကားပျက်နေ၍ ဒေါ်ချစ်မမဂ္ဂဏ် ကျောင်းလာမကြိုနိုင်၊ မပို့နိုင်ဘဲ အိမ်ချင်းနီးသော ကျွန်တော်နှင့် ချယ်ရီတို့သည် တိုက်တိုက်ဆိုင်ဆိုင် ကျောင်းသွားအတူ လာအတူ ဖြစ်ခဲ့ကြသည်။

× × × × × × × × × × × × ×





" ငါစိတ်မကောင်းဖြစ်တယ် ချယ်ရီရယ်. . နင့်ကိုငါ ဘယ်လိုတောင်းပန်ရမှန်းတောင် မသိတော့ဘူး. . . ရည်းစားစာကိစ္စနဲ့တုန်းကလည်း. . . ."

ကျွန်တော် ပြောလက်စ စကားကိုရပ်ထားလိုက်သောအခါ ချယ်ရီက ရယ်သည်။

ကျွန်တော့်မှာ စကားကို ရှေ့ဆက်ပြောရအခက် ချယ်ရီ့မျက်နှာကြည့်ရမှာလည်း မျက်နှာပူသဖြင့်. . . ချယ်ရီ့ခြေထောက်ကိုသာ အကြည့်ပို့ထားသည်။

မိချယ်ရီသည် ရှပ်ကလေးကသာလှတာ ခြေထောက်က ညစ်ပတ်သည်။ ခြေဖမိုးမှာ ချေးတွေနှင့်။

ခြေမမှာ ပိုသိသာသည်။ ထောင့်စွန်းများမှာ ချေးများ ကြောင့်မဲနေသည်။

" နင် ဘာပြုံးပြုံးကြည့်နေတာလဲ"

" ဟင် "

"အေးလေ. . နင်ငါ့ခြေထောက်ကို ကြည့်နေလို့"

" နင်ရေချိုးရင် ခြေထောက် ချေးမတွန်းဘူးလား. . ."



www.burmeseclassic.com

www.burmeseclassic.com



" အယ်"

" ခြေထောက်က ကျေးနဲ့သိပ်နံတာဟာ "

" နင် နမ်းကြည့်ဖူးလို့လား "

" အေး "

" ရွံစရာကြီး "

" ကိုယ့်ခြေထောက်ကအနံ့ပဲ . . တစ်ကိုယ်လုံးမှာ အနံ့ဆိုး က ခြေထောက်ပဲဟ . . လူတွေက မျက်နှာသာ Visage Cream လိမ်းကြ . . . ရွှေပြည်နန်းလိမ်းကြနဲ့ . . လက်ဆိုလည်း . . . ဂလစ်စရင်းလိမ့်တာပဲ . . ခြေထောက်ကျတော့ မလိမ်းကြဘူး ဂျေးတောင်မှန်မှန် မတွန်းဘူး . . အဲသလိုဖြစ်နေတယ် "

" နင် ငါ့ကို စေ့စေ့စပ်စပ် လိုက်ကြည့်နေတာပဲလား . . "

" စိတ်ဝင်စားလို့ပါ "

ချယ်ရီ မျက်နှာရဲသွားသည်။

ရှက်သွေးဖြင့် ရဲသွားတာဟု ကျွန်တော်ထင်ပါသည်။

ကလေးဘဝမှ လူကြီးဘဝမရောက်တရောက် အရွယ် မိန်းခလေးတစ်ယောက် ရှက်သွားခြင်းကို သေချာကြည့်ဖူးပါ သလား . .

အလွန်ချစ်စရာကောင်းပါသည်။





မာယာမရှိ၊ တကယ်ရှက်၍ မျက်နှာထစ်ခုလုံး ရဲတက် လာသည်။

အသားမဲလျှင်တော့ ရဲတာ ဘယ်မြင်နိုင်ပါ့မလဲ။

ချယ်ရီ့အသားက ဖွေးဖွေးဥနေတာဆိုတော့ ရှက်ပြီး မျက်နှာနီရဲသွားတာကိုတ အလှတစ်မျိုးဖြစ်နေသည်။

" နင် အရမ်းချစ်ဖို့ကောင်းတာပဲ . . မိချယ်ရီ "

" နင်ကလဲ "

" ဟုတ်တယ် . . နင်စွာနေလို့ ငါကလည်း တမင်မခံ ချင်အောင် လိုက်စနေတာဟ . . . "

ကျွန်တော့်ကို ချယ်ရီက မျက်စောင်းထိုးပါသည်။

ကျွန်တော်က ရယ်ပြီး ဘာရယ်မဟုတ် ချယ်ရီ့ခြေမဆီက ဂျေးတွေ ဆီ အကြည့်ရောက်မိတော့ အရယ်ရပ်သွားသည်။

" ဘာဖြစ်တာလဲ "

" ဟင် . . . ဘာဖြစ်လို့လဲ "

" မသိဘူးလေ . . ရယ်နေရင်း အသံတိတ်သွားလို့ . . "

" နင့်ခြေသဲညှပ်ရင် ခြေမထောင့်က ဂျေးတွေကော်ထွင် စေ် သိလား မိချယ်ရီ . . အဲဒါဆို နင့်တစ်ကိုယ်လုံး အပြစ် ပြောစရာမရှိတော့ဘူး . . ချစ်စရာအကုန်ကောင်းသွားပြီ . . "



www.burmeseclassic.com

www.burmeseclassic.com



" ဟဲ့ဒါ ငါ့အလုပ်ပါ . . နင်လျှာမရှည်ပါနဲ့ "

" နင်ထပ်မရှက်သွားနဲ့နော် "

" ဘာဆိုင်လို့လဲ "

" ဒီတခါ နင်ရှက်ရင် နင့်မျက်နှာလေးကိုကြည့်ပြီး . . ငါ့ နမ်းချင်စိတ်ပေါက်လာမှာ စိုးလို့ . . . "

" တို့ "

" ငါ နင့်ကို ချစ်လိုက်တာ ချယ်ရီ "

ကျွန်တော့်ကို ချယ်ရီ ဘာစကားမှမပြောတော့။

ကျွန်တော်လည်း လက်ဖျားတွေအေးစက်ကာ ထုံကျင် လာသည်။ အတွေ့အကြုံမရှိသော လူပျိုရိုင်းတစ်ယောက်တ အပျိုရိုင်းတစ်ယောက်ကို ပထမဆုံး ဒီလိုပြောလျှင် ကျွန်တော့်လို ပဲ ကြောက်လည်းကြောက်၊ ရင်လည်းခုန်၊ ပျော်လည်းပျော် မျိုးစုံ ခံစားနေရမှာဖြစ်သည်။

ချယ်ရီလည်း ကျွန်တော့်လိုပဲ ခံစားနေရမည်ထင် ပါသည်။

× × × × × × × × × × × ×





သီတင်းကျွတ်ကျောင်းဆယ်ရက်ပိတ်လိုက်ပြီဖြစ်၍ န်တော်နှင့်ချယ်ရီ ကျောင်းမှာမတွေ့တော့ချေ။

ကျောင်းစပိတ်သည့် နေ့မှာပင် ကျွန်တော်သည် ထုံးစံ ိုင်း အိမ်အတွက် မုန့်ဟင်းခါးရောင်းရန် ကူညီလုပ်ကိုင် ရသည်။ ငံပြာရည်ဖြင့် ပြုတ်သော ငါးပြုတ်ကိုနွှင်ပြီး တ်ပေးရသည်။

ထို့နောက် ငါးပြုတ်နွှင်ထားသောလက်ကို ရေးမဆေးမိ ဘဲ ိုတ်၍ယားသော ခြေထောက်တစ်ဖက်ကို ကုတ်မိသည်။

နောက်တစ်နေ့မနက်တွင် ကျွန်တော့်ခြေချောင်းကလေး ချောင်းကြား၌ အရည်ကြည်ဖုကလေးများဖြစ်နေသည်ကို ထားမိသည်။ မိုးကုန်သွားသော်လည်း ကတ္တရာလမ်းမရှိသော တ်လမ်းကလေးများတွင် ချိုင့်ခွက်ကလေးများရှိ၍ တဝ. ချာ ဖိနပ်မပါဘဲ လမ်းပေါ် ဘောလုံးကန်သော တော်သည် ခြေချောင်းကလေးများ အလယ် ထိုမှခြေမိုး တွင် ဝဲစိုခပ်သေးသေးကလေးများ ပေါက်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ပုဆိုးကို ခြေထောက်အုပ်အောင်အရှည်
ဝတ်ရသည်။ ပိုဆိုးသည်မှာ ကျွန်တော့်လက်များတွင်ပါ ဆယ်
အဖုတာအတွင်း ဝဲများကူးစက်လာခြင်းဖြစ်သည်။

ညဘက်တွင်ယားသဖြင့် ဘာမီတွန်သောက်အိပ်ရသည်

စာသိပ်မကျက်ရသည့်အထဲ ဘာမီတွန်သောက်သော
တချိုးတည်းအိပ်တော့သည်။

အိပ်ရင်း ယောင်ယမ်းကုတ်မိသည့်အတွက် ဝဲများ
ပိုဆိုးလာသည်။ လက်ဖက်ရည်ဆိုင်တောင် ကျွန်တော်မသွား

ဆေးခန်းကပေးသည့် ဆေးခရင်ကို လိမ်းရသည်
စပ်လှသည်။

ပိုဆိုးသည်က ကျောင်းဖွင့်လျှင် ဒီဝဲများနှင့် ကျွန်
ပြသနာတက်တော့မည်။

ကျွန်တော့်မှာ ကျောင်းပိတ်ရက်ဆယ်ရက်အတွင်း ချယ်
ကိုတွေ့ချင်စိတ်ပြင်းပြနေသော်လည်း သွားမတွေ့ရဲချေ။ ထို
ကတစ်မျိုး။

လက်ဖမိုးနှင့်လက်ချောင်းများကြားက မခံမရပ်နိုင်အော
ယားလာတိုင်း ကုတ်ဖဲ့ရသော ဒုက္ခကလည်း ကြီးလှသည်။

ထိုသို့ဒုက္ခနှစ်ခုကြီးစိုးနေသော ကျွန်တော်အကြောင်
မှာ ကျောင်းဖွင့်လျှင် ချယ်ရီနှင့်တွေ့ရမှာဖြစ်လေသည်။





သို့သော် ကျွန်တော့်ကို ဝိုင်းမစသော ဟိုသေနာပုရွက်
ဆိတ်နှင့်ကျောက်ဘီလူးတို့သည် ချယ်ရီ့ထံ ကျွန်တော့်သတင်း
သွားပေးကြသည်။ ကိုရီးယားကားများ သွေးကင်ဆာရောဂါချည်း
ဖြစ်၍ ချယ်ရီ့ထံ. .

" ခိုင်လွင် လူကီးမီးယား ဖြစ်နေပြီ"

ဟုသွားပြောလေသည်။ မိချယ်ရီအရူးမကလည်း နဂို
ကတည်းက ရုပ်ရှင်ကြည့်ဝတ္ထုဖတ်ပြီး အရူးထနေသူဖြစ်ရာ
ကျွန်တော် လူကီးမီးယားဖြစ်နေပြီဆိုတာကို ယုံလေသည်။

ကျောင်းဖွင့်စနေ့မှာ ကျွန်တော်က ဝဲပေါက်နေ၍ ကျောင်း
စိမ်းပုဆိုးရှည်ရှည်၊ အင်္ကျီလက်ရှည်ဝတ်ထားရကာ နောက်ဆုံး
ခုံထောင့်စွန်းမှာ ချောင်ကပ်နေရသည်။ အတန်းထဲက ကျွန်တော့်
ကို ဝပြောင်ဝနောက်တစ်ကောင်သာ မတော်တဆတွေ့သွားလျှင်
သွားပြီ။ နေ့လယ်ခင်းမုန့်စားကျောင်းလွှတ်ချိန်တွင်

ချယ်ရီက ကျွန်တော့်ခုံနားမှာ လာမတ်တပ်ရပ်သည်။

" နင် အားလား "

" ဟင်. . ငါယားနေတာ နင်ဘယ်လိုသိလဲ "

" နင်ခုချိန်ထိ ပြောင်နောက် နေနိုင်တုံးပဲ "

" ငါ. . . ဟို. . "



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ပါးစပ်ကယောင်၍ ထွက်သွားသောစကားကို ပ
နောက်သည်ဟု ထင်နေရှာသေးသည်။

"နင့်မျက်နှာဖောင်းကားနေတာပဲ"

"ငါ ညတိုင်း ဘီမီတွန်သောက်အိပ်တာကိုး. အဲ မှားပြန်ပြီ"

" ထားပါတော့. . နင်ဘာလို့ ပုဆိုးအရှည်ကြီး ဝတ်ထား
တာလဲ. . ကြမ်းပြင်မှာ ပုံနေပြီ "

" ဒါကတော့. . လူသိမခံချင်တဲ့ အကြောင်းလေးတွေ
ပေါ့ဟာ"

" ငါသိပါတယ် "

" ဟင် "

" ဟုတ်တယ်. . နင့်သူငယ်ချင်းတွေပြောပြလို့သိတာ. ."

" ပြဿနာပဲ "

" ဘာပြဿနာလဲ "

" ဘာမှမဟုတ်ပါဘူးဟာ"

" နင့်မှာ ဒီရောဂါက မွေးရာပါလား "

" ဟင်"





" နင် လူကြီးမီးယားဖြစ်တာ မွေးရာပါလားလို့မေးတာ. .
မွေးရာပါဆို အသက်ဆယ့်ခြောက်ဆယ့်ခွန်ထိပဲ နေရတတ်တယ်
တဲ့. . အသက်ကြီးမှ ဖြစ်တာတဲ အသက်ရှည်အောင် ကုလို့ရ
သေးတယ်လို့ စာအုပ်ထဲမှာတော့ ရေးတာပဲဟ "

သူပြောမှပဲ ဝဲ ရောဂါကနေ သေတတ်သော လူကြီးမီးယား
ဖြစ်နေတော့သည်။

" ငါမေးနေတယ်လေ ခိုင်လွင်. . နင် ငါ့ကို ဘာကြောင်
ကြည့်နေတာလဲ. . "

" ငါ့ပုံစံက လူကြီးမီးယားပုံပေါက်နေလို့လား. . "

" မသိဘူးလေ. . တီဗွီထဲမှာတော့ လူကြီးမီးယား ရောဂါ
ရှင်တွေက အလတ်ကြီးနဲ့သေကုန်ကြတာပဲ. . နင်လည်း အခု
အလတ်ကြီးရှိသေးတာပဲ. . . "

" ငါဖြစ်နေတာ အဲဒါ မဟုတ်ဘူး ဟ "

" ဒါဖြင့် ဘာလဲ "

" ဝဲ. . . "

" ဝဲ. . ဟုတ်လား. . နင် ကလေးမဟုတ်ဘဲနဲ့ ဝဲ ဘယ်လို
ပေါက်လဲ. . ညစ်ပတ်လို့ဖြစ်မယ်. . . ဒါနဲ့ နင့်ဝဲက အစိုလား
ခြောက်လား. . အခြောက်ဆိုရင် နှင်းခူဖြစ်တတ်တယ်နော်. .
သိထား. . "



www.burmeseclassic.com

www.burmeseclassic.com



“ နင်ကများ. . ”

“ ဟုတ်တယ်လေ. . ဝဲက မပျော်ရင် ခြောက်လ ပျော်ရင် တစ်နှစ်တဲ့နော်. . နင့်တော့ ခြောက်လပြည့်အောင် ဝဲပေါက်ဦးမှာပဲ. . ”

ကျွန်တော့်မှာ ဝဲပေါက်နေသောလက်နှစ်ဖက်ကို ကိုယ် နောက်ဘက်ထားကာ ချယ်ရီမျက်နှာကလေးကို ငေးကြည့်နေမိ… သည်။ အဲဒါကို ချယ်ရီက သတိထားမိဟော့ ခေါင်းငုံ့သွားကာ. .

“ နင်ကလဲ ငါ့ကို အဲသလိုကြည့်နေတာပဲ” ဟု မကြိုက်သ… သလိုလေသံနှင့် ခပ်တိုးတိုးဆိုသည်။

“ ဘာဖြစ်လို့လဲ. . နင်မကြိုက်လို့လား ”

“ အနေခက်တာပေါ့”

“ ဒါနဲ့ ငါ လူကိုးမီးယားဖြစ်နေတယ်ဆိုတော့ နင်ဘယ်လ… ခံစားရလဲ. . ”

“ ခြော် နင်သေရင် ကွေးမဲ့မုန့်ဟင်းခါးက ကောင်းမှာ… ပဲလို့ နင့်အစ်မတွေက မုန့်ဟင်းခါးကောင်းကောင်း ချက်တတ… တယ်လေ. . . ”

“ ငါသေရင် နင်တကယ် မုန့်ဟင်းခါး လာစားမယ်ပေါ့

“ အင်း ”



“ နင် မငိုဘူးပေါ့ ”

“ အင်း ”

“ ဟုတ်လို့လား. . သေလို့ရရင် ခဏသေကြည့်ဦးမယ်. . …ငိုမငိုသိချင်လို့ ”

“ နမိတ်မရှိ. . နမာမရှိ . . . ပေါက်ကရပြောပြန်ပြီ ”

“ သေသောသူကြာရင်မေ့ပါ ချယ်ရီရယ်”

“ နင်ပေါက်ကရ ပြောပြန်ပြီ. . ”

“ ဟုတ်တယ်. . လူတွေက. . ကိုယ့်ကိုကိုယ်သတိမထား …လို့ပါ. . ငါက ငါ့အမေသေတုန်းကဆို အရမ်းဝမ်းနဲခဲ့ဖူးတော့ …ခံစားချက်ကို ပိုနားလည်တယ်. . ”

ကျွန်တော်တို့လူသားတွေသည် စက္ကန့်တိုင်း၌ ခံစားချက် …တစ်ခုမှ တစ်ခုသို့လွယ်ကူစွာပြောင်းလဲလျက် ခံစားတတ် …ောင်း အသက်ရလာလေ ပိုသိလာလေဖြစ်သည်။

ဟိုတုန်းကတော့ အမေသေစက ဝမ်းနဲသောစိတ်သည် …ည်းဖြည်း ကျွန်တော့်မှတ်ဉာဏ်ထဲမှ ပျောက်ကွယ်သွားခြင်း အမှတ်တမဲ့သဘောထားခဲ့မိသည်။

စာအုပ်တစ်အုပ်မှာ. .

လူတစ်ယောက်သည် လောကဓံတရားအရ ကြုံတွေ့ရ …များကို တွေ့ရသည့်အလျောက် ခံနိုင်ရည်ရှိရန်လိုအပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနဲစရာရှိလျှင် ဝမ်းနဲရမည်။

ဝမ်းသာစရာရှိလျှင် ဝမ်းသာရမည်။

ဝမ်းနဲစရာအဖြစ်အပျက်တစ်ခုကို ခြောက်လထက်ပို
စားနေပါက ထိုလူသည် စိတ်ကျရောဂါကို ခံစားနေရသူဖြစ်နေ
စိတ်ကျရောဂါ၏ နောက်ဆက်တွဲ အဆိုးရလဒ်သည် သူ
အသက်ကို ရန်ရှာခြင်းနှင့် ကိုယ့်အသက်ကို ရန်ရှာခြင်းတို့
သည်။

ထို့ကြောင့် ဝမ်းနဲစရာရှိလျှင် အားရပါးရဝမ်းနဲခံစ
ပြီးလျှင်မေ့ပျောက်နိုင်စွမ်းရှိမှသာ လူ့ပုံမှန်သဘာဝဖြစ်ပေသ

ကျွန်တော်သည် ချယ်ရီနှင့်ပတ်သက်သမျှကို ကျွန်
ကြုံရစဉ်က အလွန်အမင်း ခံစားနာကျင်ခဲ့သော်လည်း အ
ကြာသောအခါမှ ပုံမှန်ပင် ဘာမှမခံစားရတော့။

"မင်းကို သေတဲ့အထိ ချစ်မှာ" ဟူသောကတိမျိုး
မိန်းမယူတတ်သော ယောကျ်ားတို့သည်. . .

ကိုယ့်မိန်းမ မသေခင် နောက်တစ်ယောက်ကို ပြောင်း
ကြသည်။ ဤကား သဘာဝပင်ဖြစ်သည်။

အလုပ်ကပင်ပင်ပန်းပန်း ပြန်လာသော ယောကျ်ား
မည်သည် ကလေးမွေး၍ ပုံပျက်ပန်းပျက်ဖြစ်နေသော မိန်း
မကြည်မသာမျက်နှာကို နှစ်ကာလများစွာ အဘယ်စွမ်းအား





သိုးခံနိုင်ကြပါမည်နည်း။

ယောကျ်ားဆိုသည်မှာ ကိုယ်သာဝမယ်၊ မဲမယ်၊ သွားခေါ
မယ်၊ ပုမယ်၊ လူပျိုဟုတ်ချင်မှဟုတ်မယ်၊ ပညာတတ်ချင်မှတတ်
မယ် ကိုယ်ယူမဲ့ မိန်းမကိုတော့ ပိန်ပိန်၊ အသားလတ်လတ်၊ ရုပ်မဆိုး၊
ပညာတတ်၊ အပျိုစစ်စစ် စတာတွေကို အခြေခံ
ရွေးချယ်တတ်ကြသည်။

ဒီခေတ်က တစ်ခါသုံးတွေ ပေါသည်မဟုတ်လား။

ထို့ကြောင့် မိန်းမယူပြီး အမြလှအောင် မသာ နိုင်သော
မယားတို့သည် ကိုယ့်လင်ယောကျ်ား၏ တစ်ခါသုံး မယား ကိစ္စကို
ရင်ဆိုင်ကြရသည်။

ကျွန်တော့်အတွက် ငယ်ချစ်ဦးသည်လည်း တစ်ခါသုံးဟု
အမည်တပ်ရလောက်အောင် ကျွန်တော်တို့ဇာတ်လမ်းက
တိုတောင်းလှပါသည်။

ကြိုက်သည့်အချိန် တိုတောင်းသော်လည်း အဖြစ်အပျက်
များစွာကမူ နေ့စဉ်ဆက်တိုက်ဖြစ်ပျက်ခဲ့သည်။

× × × × × × × × × × × × ×



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လူကီးမီးယားဖြစ်နေရပြီဟု တစ်ကျောင်းလုံး သတင်းပျံ့သွားသောအခါ ကျွန်တော့်ကို စုတ်တသပ်သပ်ဖြင့် သနားသူတွေပေါ်လာသည်။ အမေပါက်အလွန်ဆိုးသော ဆရာမ ပင်လျှင် ကျွန်တော့်အား ရုံးခန်းသို့ပို့ရန် သတိမရဘဲ "သား" ဟု မခေါ်စဘူး ကြင်ကြင်နာနာဆက်ဆံလေသည်။ မုန့်စားဆင်း ချိန်တွင် မုန့်လာကျွေးသူတွေလည်းရှိလာသည်။

ဝဲပေါက်နေသော ကျွန်တော့်လက်များကို ခါးနောက်ပစ် ထားပြီး လာသမျှမုန့်များကို ပုရွက်ဆိတ်နှင့် ကျောက်ဘီလူးတို့ က ယူကြသည်။

" မင်းတို့ လျှောက်ပြောတာက အရေးမကြီးဘူး. . . ငါမှ မဟုတ်ဘဲဥစ္စာ. . ချယ်ရီ့ကိုလည်း ရှင်းပြပြီးပြီကွ. . "

" ဘာဖြစ်လဲကွ. . မဟုတ်လည်း မကြာခင် ငါတို့စာမေးပွဲ ဖြေတော့မှာပဲ. . ဆယ်တန်းအောင်သွားကြရင်. . လူတွေက ခိုင်လွင်လူကီးမီးယားဖြစ်တယ်ဆိုတာ ဘာသူမှ သတိတောင် ရကြမှာမဟုတ်ဘူး. . . အခုမင်းကို မုန့်တွေပေးတာလဲ. . တကယ် သနားလို့ လာပေးတာ, ထင်မနေနဲ့ ဝတ်ကျေတန်းကျေ တွေကွ. . . "





ပုရွက်ဆိတ်က ဤသို့ရှင်းပြပါသည်။

ကျွန်တော့်လည်း သတိထားကြည့်မိတော့ လူများသည် တစ်ပတ်အတောအတွင်းမှာပင် ကျွန်တော့်ကို သတင်းလာမမေး လျှင် သူတို့ လူမဆန်တော့သယောင်ထင်နေကြပြီး တာဝန်တစ် ရပ်လိုယူဆနေကြောင်း တွေ့ရလေသည်။ အိမ်က သိသွားမှာ စိတ်ပူသော်လည်း ကျွန်တော်သည် ဝဲ ဧရာဝါထနေ၍ တစ်နေ့ တစ်နေ့ တမာရွက်ပြုတ်ပြီး ရေစိမ်ချိုးရ၊ အနာဆေးထည့်ရနှင့် အလုပ်ရှုပ်နေတာမို့ အိမ်က ကျွန်တော့်ကို သနားနေကြသည်။

အမှန်မှာ ဝဲ ပေါက်၍ ကျွန်တော်ရှက်ပါသည်။

ချယ်ရီ့ရှေ့ရောက်လျှင် ကျွန်တော်ပိုရှက်ပါသည်။

သို့သော် ကျွန်တော့်ကို တခုတ်တရ မုန့်လာကျွေးသူများ ကို သဘောကျသည်။ ဆရာ/ဆရာမတွေက ခိုင်လွင် ဒီနေ့ ကျောင်းလာရဲ့လားဟု မေးခံရတာ သဘောကျသည်။

ချယ်ရီကလည်း ထိုသတင်းကို ရယ်စရာဟုသာ သဘော ထားပါသည်။ ပြဿနာက ကျောင်းအုပ်ဆရာမကြီးသည် ထိုသတင်းကိုကြားပြီး ကျွန်တော်မသိအောင် အဖေ့ကို ခေါ်တွေ့ လေသည်။

" လိမ်စရာရှားလို့. . ကိုယ့်ကိုကိုယ် သေခါနီးရောဂါ ဖြစ်တယ်လို့ လိမ်ရလား. . မင်းငါ့မျက်နှာကို အိုးမဲသုတ်တဲ့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



" အဲဒါတော့မဖြစ်နိုင်ဘူးအဖေ"

" ဘာကိုမဖြစ်နိုင်ရမှာလဲကွ"

" အဖေ့မျက်နှာ ကျွန်တော်ဖိုးမဲ မသုတ်ပါဘူး. . အဖေ့မျက်နှာက အစကထဲကမဲနေတဲ့ဥစ္စာကြီးကို. . ."

" ဟော့ကောင်. . မင်းလျှာမရှည်နဲ့. . မင်းကိုငါမွေးထားတာ"

" အဖေ့ထက် ကျွန်တော် အသက်အများကြီးငယ်တာပဲဟာ. . အဖေမမွေးလို့ ကျွန်တော်က အဖေ့ညီဖြစ်ရမှာလား"

" ခွေးသား "

" ကိုယ့်ကိုကိုယ် ထိခိုက်မဆဲပါနဲ့ အဖေရာ "

ကျွန်တော် စိတ်အချဉ်ပေါက်စွာ တစ်ခွန်းချင်း ပြန်ပြော၍ အဖေက ကျွန်တော့်နားရင်းကို လက်ဝါးစောင်းဖြင့် အုပ်ထည့်တာခံလိုက်ရသည်။

× × × × × × × × × × × × ×





" ချယ်ရီ "

" ဟင် "

" ငါသာ တစ်ကယ်လူကြီးမိဘယားဖြစ်ခဲ့ရင် လူတွေဘယ်လိုနေမလဲမသိဘူးနော် "

" နင်ဒီလို နောက်ပြောင်နေနိုင်မှာမထင်ဘူး. . . နင့်အိမ်တလည်း အရမ်းစိတ်ဆင်းရဲမှာပေါ့. . ကျောင်းတောင် နင်တက်မှာမဟုတ်ဘူး. . "

" ငါ မေးစရာတစ်ခုကျန်သေးတာ အခုမှသတိရတယ်"

" ဘာများလဲ "

" နင်နဲ့ ငါ ဘာတော်လဲ ချယ်ရီ "

ချယ်ရီက ကျွန်တော့်မျက်နှာကို သေချာစိုက်ကြည့်သည်။

" မသိဘူးလေ. . နင်ကရော ဘာတော်တယ်ထင်လဲ"

www.burmeseclassic.com



" ငါကတော့ နင့်ကိုကြိုက်တာကိုးဟ. . ဟဲဟဲ . ငါတို့နှစ်ယောက် ရည်းစားတစ်ဝမ်းကွဲတော်မယ်ထင်တယ်. . နင်သာပြန်ကြိုက်လို့ရှိရင် ရည်းစားအရင်းခေါက်ခေါက် ဖြစ်သွားပြီပေါ့"

ချယ်ရီရယ်လေသည်။

ကျွန်တော်က ညာတာပါတေးဖြင့် ချယ်ရီ့လက်ကိုကိုင်လိုက်သည်။ ချယ်ရီ ခဏအူရယ်ရပ်သွားသည်။

" နင့် လက်တွေက ဝဲ တွေ "

ထိုသို့ သတိပေးမှ ကျွန်တော်အားနာသွားပြီး ချယ်ရီ့လက်ကိုလွှတ်ပေးလိုက်သည်။ ပြီးတော့ ဆောရီးဟာဟုတောင်းပန်လိုက်သည်။

" နင်တောင်းပန်ဖို့ပဲ တတ်လား ခိုင်လွင် "

" ဟင် "

" ဟုတ်တယ်လေ... နင့်လက်ကို ငါတွဲထားရင် နင့်လက်ကဝဲ မကလို့ နူပဲနေနေ ငါဆက်တွဲရမှာပေါ့. . . "

" ဒါဆို နင်ငါ့ကို မရွံ့ဘူးပေါ့ "

" ဟီး. ဟီး အဲသလိုတော့လဲမဟုတ်ပါဘူး. . . ငါကမိန်းခလေးပဲ့ လက်မှာဝဲပေါက်ရင် ရှက်စရာကြီးပေါ့. . . "

ဤသို့ဖြင့် ကျွန်တော်တို့နှစ်ယောက် မိုးလေကင်းလွတ်သောသီတင်းကျွတ်လအဆုံးတွင် ရည်းစားဖြစ်ခဲ့ကြပါသည်။





မှတ်မှတ်ရရ ကျွန်တော်တို့ ရပ်ကွက်ထဲတွင် ဝဲ ရောဂါဖြစ်သူများ တဖြည်းဖြည်းများပြားလာပြီး ဟိုလူ့ကြည့်လဲ ကုတ်နေ၊ ဒီလူ့ကြည့်လဲကုတ်နေ ဖြစ်နေသောအခါ မိချယ်ရီလည်း ရပ်ကွက်ထဲမှာပင်နေသူ၊ ရပ်ကွက်ရေကိုပင်သုံးသူ၊ ရပ်ကွက်လမ်းများကို လျှောက်သူမို့ ဝဲ ရောဂါဖြစ်လေတော့သည်။

ဇော်ဝင်းထွဋ်ရဲ့ချယ်ရီသီချင်းကို ကြားဖူးကြပါလိမ့်မည်။ ကျွန်တော်က ချယ်ရီ ဝဲ ပေါက်သောအခါ ကျွန်တော့်ဝဲများပျောက်သွားပြီဖြစ်၍ ချယ်ရီ့ကို ချယ်ရီသီချင်းဖြင့် နောက်ပြောင်အော်ဟစ်လေ့ရှိသည်။

ညဘက်ဆိုချယ်ရီတို့အိမ်ရှေ့သွားကာ. .

" ချယ်ရီ. . . မင်းခြေထောက်မှာ ဝဲတွေ. .

(ချယ်ရီ ××× မင်းရနံ့ဟာမွှေးတယ် (မူရင်း) )

ဟူး. . . ဝဲထူ. . . ဝဲထူ

ကိုယ့်ရည်းစားကိုယ်နောက်ပြောင်ရတာ အရသာရှိလှပါသည်။

ထိုသို့ ကျွန်တော်အော်လျှင် မိချယ်ရီက အိမ်ရှေ့ဝရန်တာ (သူတို့အိမ်က နှစ်ထပ်တိုက် အကြီးကြီးဖြစ်ပြီး အပေါ်ထပ်ဝရန်တာနှင့်ကပ်လျက်အခန်းက မိချယ်ရီအခန်းဖြစ်ပါသည်) သို့ထွက်ပြီး သူ့ကို ဘယ်သူတွေ အာချောင်အော်သလဲဆိုတာ သိအောင် ထွက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မှန်းသိသွားလျှင် လက်ဝါးထောင်ပြကာ အခန်းထဲပြန်ဝင်သွားသည်။

ကျွန်တော်တို့ သမီးရည်းစားနှစ်ယောက်သည် ဝဲကို အကြောင်းပြု၍ ရည်းစားဖြစ်ခဲ့ကြပြီး ထိုဝဲကြောင့်ပင် ချယ်ရီနှင့် ပြဿနာတက်ရလေသည်။

" မာမီက မေးတယ်. . ညဘက်ဆို ဝဲထူဆိုပြီး လာလာ အော်နေတာ ဘယ်က ကလေကချေတွေလဲတဲ့ "

" ဟာ ချယ်ရီက ဘာမှ ပြန်မပြောဘူးလား. . . ငါတို့က မိကောင်းဖခင်သားသမီးတွေပဲ ဥစ္စာ . . . "

" အိမ်ရှေ့မှာ အသံသေးအသံကြောင်နဲ့ လာအော်နေ တာပဲ ဥစ္စာ. . "

ချယ်ရီသည် ကျွန်တော်နှင့် ကြိုက်ပြီးနောက်ပိုင်း ကျွန်တော်တို့ချိန်းတွေ့ကြလျှင် သနပ်ခါးပါးကွက်ကလေး ကွက်လာလေ့ရှိပါသည်။

" ဒါနဲ့ ဝဲ တွေပျောက်သွားပြီမို့လား "

" အင်း နဲနဲပါပဲ. . နင့်လိုအများကြီးမဟုတ်ဘူး. . နင့်ဆီက ကူးတာနေမှာပေါ့. . နင့်လက်ကြီးကို ကိုင်မိတယ်လေ"

ချယ်ရီပြောဆိုပုံက ရည်းစားကို ပြောနေပုံနှင့်မတူဘဲ ကိုယ်နဲ့အတင်းတုတ်နေကျ သူငယ်ချင်းတစ်ယောက်ကို ပြောပုံနှင့်တူလှသည်။





" ချယ်ရီ နင့်နဲ့ငါနဲ့ပဲ ပြောရတာ မငြီးငွေ့ဘူးလား. . "

"ဘာကိုလဲ. . ပြောနေကျပဲ ဥစ္စာ "

" နဲနဲ အပြောင်းအလဲဖြစ်အောင် တစ်ခုခု ခေါ်ရအောင် တွာ. . "

" အရင်လို မှန့်လက်ညှိုးလို့ ခေါ်ရမှာလား . "

" အဲဒါဆို နင့်ကို ဝဲ ထူလို့ပြန်ခေါ်မှာပေါ့. . ဒါမှမဟုတ် ဝတ်ဖင်. . . "

ကျွန်တော့်လက်မောင်းကို ချယ်ရီက ဆွဲဆိတ်သည်။

သို့သော် ကျွန်တော့်စကားကို ချယ်ရီကနားထောင်ပါ သည်။ နောက်နေ့ညနေ ငါးနာရီခန့်တွင် ချယ်ရီတို့အိမ်က (ကျွန်တော်နဲ့ရွယ်တူ အလုပ်သမားတစ်ယောက်ဖြစ်သူ) အောင်ဝေနှင့် ကျွန်တော့်ဆီ စာတစ်စောင်ပေးခိုင်းလိုက်ပါသည်။ စာအိတ်က အရောင်အမျိုးမျိုး စုစပ်၍ ကဗျာဆန်သော အရောင် တစ်မျိုးဖြင့် လှပပါသည်။ အနံ့ကလည်း ခပ်သင်းသင်းလေး။

အထဲက စာရွက်ပေါ်မှာ ရေးထားသည်က. . .

တစ္ဆေ။

မြတ်စွာဘုရား။ ကျွန်တော့်မှာ ပထမဆုံးစာလုံးကိုကြည့်ပြီး ငိုင်သွားသည်။ ရှေ့သို့ဆက်ဖတ်သွားသောခါမှ ကဗျာတစ်ပုဒ် ကို ရေးထားမှန်းသိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



" တစ္ဆေ "

အိပ်လို့မရ

ညကြီးမင်းကြီး၊ ထပြီးထိုင်နေ

မွေ့ရာတွေလဲ၊ ကြေမွတွန့်လိပ်

သိပ်စိတ်ညစ်တယ်၊ သတိပြယ်လွင့်

နို့တွယ်စရာ၊ အတည်မရ။

အပြင်ဘက်မှာ

သစ်ရွက်တွေကြား၊ ကြယ်လေးငါးပွင့်

စကားပင်အို၊ ကန်ရေစိုစွတ်

ဟိုမှာလှုပ်လှုပ်၊ ငုတ်တုတ်လက်ကမ်း

စမ်းလျှောက်သွားနေ၊ မြက်ချုံတွေထဲ

တစ္ဆေ ငါကိုယ်တိုင်ပါပဲ။

ကုတင်ခြေရင်း

ပြေးနင်းရှပ်ရှပ်၊ မတ်တပ်ထလိုက်

ခန်းဝကိုလာ၊ ဝရံတာမှာ

ဒီမှာတစ်ယောက်၊ တစ္ဆေခြောက်လှန့်

ကြောက်ကြောက်နှင့်ကြည့်၊ မျက်နှာလှည့်



တည့်တည့်လှမ်းမြင်၊ အောင်ငိုချင်မိ

တဆင်ထဲဘဲ၊ သူနဲ့ငါ။

မြစ်နက်ထဲမှာ

ငါရေနစ်မြုပ်၊ ချမ်းပြီးကုတ်နေ

ကုက္ကိုကိုင်းကြား၊ ငါနေနားလိုက်

ဘုရားရှေ့မှောက်၊ ဒူးထောက်ရောက်ပြန်။

မောပန်းလျှနှင့်

တစ်ယောက်သောငါ၊ ငါများစွာမှ

ထလာလွင့်ပါး၊ မောင့်အနားကို

စကားထွေရာ၊ ငိုသံပါနှင့်

ဘာမှမကြား၊ မောင့်အနားမှာ

ထ သွားစို့ဆို၊ မေ့ကိုအိပ်မက်

မမက်ဘူးလား၊ တစ္ဆေဖြားယောင်း

မှုန်မွှားစိတ်ဝယ်၊ အရိပ်ထင်။

(ကြည်အေး၏ တစ္ဆေ)

မောင်. . . . . လို့ စိတ်ထဲမှာ အစမ်းခေါ်ကြည့်တယ်. .

www.burmeseclassic.com

www.burmeseclassic.com



အဟိ. . ရယ်ချင်လိုက်တာ. . လည်ချောင်းထဲမှာ ပုရွက်ဆ
ဝင်နေသလား. . ဦးနှောက်ထဲမှာ ပုရွက်ဆိတ်ဝင်ရနေသလား
တစ်ခုခုကြောင့် ရယ်ချင်သလိုပဲ. . . သုတစ္ဆယ်စုံမှာဖတ်ဖူးထ
လူတစ်ယောက်က အလကားနေရင်း ရယ်ချင်နေလို့ အလု
တောင် အဖြုတ်ခံလိုက်ရတာ. . . နောက်မှ အကြောင်း
ရှာကြည့်တော့. . . နားထဲကနေ ဦးနှောက်ထဲ ပုရွက်ဆိတ်
သွားလို့တဲ့ ချယ်ရီလည်း ဧဒီလိုများဖြစ်နေပြီလားမသိဘူး. .

ချယ်ရီ တစ္ဆေကဗျာကူးပေးလိုက်တယ်။

ခံမောင် ခံစားတတ်ချင်မှ ခံစားတတ်မယ်။

ချယ်ရီတကယ် ဒီည တစ္ဆေဖြစ်နေပြီ မောင်ရဲ့. . . .

ကျွန်တော့်မှာ စာဖတ်ပြီး ရူးချင်သလိုလို ဖြစ်သွားမိသ
ချယ်ရီက အဲဒီလောက်ထိ ချစ်တတ်မယ်. . စိတ်ကူးယဉ်
မယ်ဟု ထင်မထားခဲ့ပါ။ ကျွန်တော့်ကို "မောင်"ဟုသုံးနှုန်း
အတွက် စိတ်ထဲတွင် ကြည်နူးပီတိလည်းဖြစ်ရပါသည်။
ကိုယ်တိုင် အနားမှာ လာရပ်ပြီး ခေါ်သလို ခံစားရပါသည်။

× × × × × × × × × × × × ×





" ငါ့ကိုသိပ်မချစ်နဲ့. . . .

" သိပ်ချစ်ရင် နင်စိတ်ညစ်ရလိမ့်မယ်. . . "

ကျွန်တော်ထိုသို့ ပြောချင်ခဲ့ပါသည်။

ကျွန်တော်မပြောခင် ကျွန်တော်နှင့် ကြိုက်သည့်အတွက်
ကို သူ့အိမ်က စိတ်ညစ်စေတော့သည်။

" အောင်ဝေက အိမ်က လူယုံတော်လေ. . . ငါယုံမိတာ
ပဲ. . . မာမီတို့ကတော့ ခွေးဖြစ်ချဗ်တဲ့သမီးလို့ ဆူတာပဲ"

ကျွန်တော်နဲ့ကြိုက်နေကြောင်း အပြည့်အစုံပြောပြသူက
ဝေဖြစ်သည့်အတွက် ချယ်ရီဒေါကန်နေသော်လည်း. .
ဘ်ကမူ ချယ်ရီ့ မိဘများမှန်သည်ဟုထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ဇာတ်လမ်းမှာ မွေးမိခင်ဖခင်များသ[…] မေတ္တာစိတ်ဖြင့် သူတို့တာဝနကျေအောင် သူတို့ ဆောင်ရွက်[…] ခြင်းဖြစ်သည်။

မိဘများသည် လူဆိုးများမဟုတ်။

ကိုယ့်ချစ်သူနဲ့ကိုယ်ကွဲအောင်လုပ်၍ ဗီလိန်ဟု ကျွန်[…] မစွပ်စွဲလိုပါ။ ဘယ်မိဘမဆို ကိုယ်က ကားစီးနိုင်၊ စိန်ဝတ်[…] တိုက်နဲ့နေနိုင်သောအဆင့်အတန်းမှ ဘတ်စ်ကားတိုးစီး၊ […] ဝယ်နိုင်၊ အိမ်ငှါးအဆင့်တောင်မရှိတရှိ အဆင့်အတန်းမျိုး[…] ကိုယ့်သားသမီးအား ဆင်းစေချင်ပါမည်နည်း။

ကျွန်တော်တို့သည် ဖတ်ကောင်းအောင်ရေးသော ဝ[…] များထဲမှလို မိဘများကို ဗီလိန်ဟု မစွပ်စွဲခဲ့ကြပါ။

အချစ်မှာ အဆင့်အတန်းမရှိ။

မိုးကောင်းကင်နှင့်မြေပြင်သည်ပင် မိုးကုတ်စက်[…] တစ်နေရာတွင် ထိစပ်မှုရှိသည် (ထင်ရတာဖြစ်ပါသည်. တက[…] မထိပါ) ဆိုလျှင်. . . အချစ်မှာ အဆင့်အတန်းခွဲခြားမှုဆိုတာ […] မရှိဟု ဝတ္ထုရေးဆရာများရေးခဲ့ကြပါသည်။ တကယ့်ဘဝ[…] အဆင့်အတန်းရှိပါသည်။

လူ့ဘဝအရ လူသည် အမြင့်ကိုသာ တောင့်တမျှော်[…] ၍ မည်သူမှ ခုံဖိနပ်စီး၍ ထမင်းကြမ်းခဲအမြဲမစားချင်ကြပါ။

မိဘဆိုသည်မှာ ရင်နှင့်လွယ်မွေးရသူမဟုတ်[…]



ထို့ကြောင့် ကိုယ့်သားသမီးကို ဆင်းရဲနိမ့်ပါးသောသူနှင့် ကြိုက်စေချင်မှာမဟုတ်ပါ။

ကျွန်တော်သည် နှစ်ဖက်မျှအောင် အမြဲတွေးသူဖြစ်သည်။

" ငါ့ကို နင်နဲ့ ဘယ်ကြိုက်စေချင်ပါ့မလဲ. . နင့်အမေပြောတာမှန်ပါတယ် ချယ်ရီ. . . ငါတို့က မုန့်ဟင်းခါးရောင်းတယ်. . . နင်တို့က ရွှေဆိုင်ဖွင့်တယ်. . ဘယ်လိုလုပ်တူမှာလဲ. "

" ဒါပေမဲ့. . ငါနင့်ကိုချစ်တယ်လေ ခိုင်လွင် "

" အချိန်မတန်သေးဘူးလေဟာ. . ငါတို့ စာမေးပွဲအောင်အောင် ဖြေလိုက်ကြရအောင်. . . နင့်မိဘတွေစိတ်ကျေနပ်သွားအောင်ပေါ့. . . သူတို့စိတ်ဆိုးတာမမှားဘူး ချယ်ရီ. . နင်အဲဒါကိုမှတ်ထား သိလား. . "

သို့သော် အချစ်တွင် ကျွန်တော့်ထက် မိန်းခလေးဖြစ်သူ ချယ်ရီက ပို၍ မူးမေ့လွယ်ပါသည်။

စာမေးပွဲဖြေရန် နီးကပ်လာသောအချိန်တွင် ကျွန်တော့်ခေါင်းထဲ၌ ချယ်ရီ မရှိတော့ပါ။

ဆယ်တန်း စာမေးပွဲအောင်ရန်သည် ကျွန်တော်တို့ကို စာတန်းစားတွင် ကံစမ်းမဲပေါက်သလို သဘောထား၍ မရပါ။

တစ်နှစ်အတွက် ကုန်ကျစားရိတ်သည် နောင်တစ်နှစ်[…] ထပ်ကုန်ဖို့မလောက်။ ထို့ကြောင့် နှစ်ချင်းပေါက်အောင်[…]သည် […]တ်တစ်။

www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီက . မူ ကျွန်တော်နှင့်မတူ။

စိတ်ကူးယဉ်ဝတ္ထုများဖတ်ပြီး အချစ်သည် ဘဝ၏ ကံကြမ္မာဟု ထင်မှတ်နေသောသူဖြစ်သည်။

ချယ်ရီ့မိဘများက ရည်းစားနှင့်မတွေ့ရ၊ မဆက်သွယ်ရ၊ စကားနားမထောင်လျှင် စာမေးပွဲပေးမဖြေ အဆင့်ထိ တင်းကျပ်သောအခါ မိချယ်ရီက "စာမေးပွဲမဖြေရရင်နေပါစေ . . မောင်နဲ့တော့အဆက်အသွယ် မဖြတ်နိုင်ဘူး" ဟုအာခံလေသည်။

ယောက်ျားနှင့် မိန်းမစဉ်းစားဉာဏ်မတူ။

တကယ်အရေးကြုံလျှင် ယောက်ျားသည် ဘသာဝလက်တွေ့ကျဖို့ကို ဦးစားပေးပြီး မိန်းမများကမူ စိတ်ကူးယာဉ်ဘက်သို့ အသားပေးကြတာ ကျွန်တော့်ကိုယ်တွေ့ဖြစ်ခဲ့သည်။

ကျွန်တော်က ဖြစ်သင့်တာကို ရွေးချယ်သော်လည်း ချယ်ရီကမူ ဖြစ်ချင်တာကို ရွေးချယ်ခဲ့သည်။

ချယ်ရီက ငယ်သူမဟုတ်လား။

စိတ်ကူးယဉ်တတ်သူဝတ္ထုဖတ်သူမဟုတ်လား။

စိတ်ကူးယဉ်တတ်သူမဟုတ်လား။

ကျွန်တော်က ငယ်သူ သို့သော် ဘဝက လက်တွေ့ဆန်သူ မုန့်ဟင်းခါးရောင်းသူ။





တစ်နေ့မှာ ကွန်ပျူတာ ဂရပ်ဖစ်ဒီဇိုင်နာတစ်ယောက် ဖြစ်ချင်သူ၊ ဝါသနာအလျောက် အင်္ဂလိပ်စာကို လေ့လာလိုက်စားသူ။

ထိုသို့ကွာခြားသော ကျွန်တော်တို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက်ချစ်ခဲ့ကြရိုးမှန်သော်လည်း ချယ်ရီသည် မိုက်မဲဖို့လွယ်ကူသော မိန်းခလေးတစ်ယောက်ဖြစ်ခဲ့လေသည်။

ကျွန်တော့်ဆီအောင်ဆေ လာတွေ့စဉ်က ကျွန်တော်က ချယ်ရီမ မိုက်မဲမှာ မဟုတ်ဟုထင်မိခဲ့ပါသေးသည်။

" ချယ်ရီက ထမင်းမစားဘူး ခိုင်လွင် . . . "

" ဘာလို့လဲ ခေါက်ဆွဲပြုတ်သောက်လို့နေမှာပေါ့ . . မချယ်ရီက ဆိတ်ပါးစပ်လိုပဲ တချိန်လုံးစားနေတာ မဆာလို့နေမှာပေါ့ . . "

အောင်ဝေက ကျွန်တော့်ကို ဘုကြည့်ကြည့်သည်။

" မင်းချယ်ရီ့ကို ချစ်ပုံမရပါဘူး "

" ငါတို့ ကြိုက်လို့ ရည်းစားတောင်တော်ခဲ့ပြီပဲကွာ . . "

" ချယ်ရီက မင်းကို တအားချစ်တယ်ခိုင်လွင် . . အခုဆိုးဝထိန်းသိမ်းလို့မရဘူး . . . သူ့ကို စောင့်ကြည့်ဖို့ လူတစ်ယောက်စောင့်ထားရတယ် . . "



www.burmeseclassic.com

www.burmeseclassic.com



" စာမေးပွဲဖြေဖို့ တစ်ပတ်ပဲ လိုတော့တာ. . . သူစာမကျက်ဘူးလား"

" မကျက်ဘူး "

" ဟာ. . . "

" မဟာနဲ့. . . အဒါ မင်းတရားခံပဲ. . . ချယ်ရီစိတ်လေလွင့်တာ မင်းကြောင့်ကွ. . . မင်းကြောင့်အခုငိုနေရပြီ. "

" သူ့ကို ရိုက်လို့လား "

" ရိုက်ဖို့နေနေသာသာ လေသံတောင် မာမာ မပြောဘူး"

" ချယ်ရီတော်တော် ဆိုးတာတာပဲ "

" မင်းရဲ့ သွေးဆောင်ဖြားယောင်းမှုတွေကြောင့်ပေါ့ "

" ဘာကွ. . မင်းက ဘာကောင်မို့ ဒီစကားပြောတာလဲ"

" မင်းကို ပြောနိုင်တဲ့အဆင့်ရှိလို့ပေါ့. . . "

ကျွန်တော်စိတ်တိုသော်လည်း စိတ်ထိန်းလိုက်သည်။

" ချယ်ရီ့သတင်းကို သိရလို့ မင်းကို ကျေးဇူးတင်တယ် အောင်ဝေ. . အေး. . ငါစာမေးပွဲဖြေကာနီး စိတ်ကသိကအောင့်ဖြစ်အောင် လာအနှောင့်အယှက်ပေးလို့ မင်းကိုငါဆွဲထိုးချင်တယ်"





" ငါ ပြောသင့်တဲ့စကားကို မင်းကပဲ ပြောနေရသေးတယ်ခိုင်လွင်. . ယောက်ျားလေးနဲ့ မိန်းခလေးတူတာမဟုတ်ဘူးကွ. . အခုပဲကြည့်လေ ရည်းစားထားတာချင်းအတူတူ မင်းက စာမေးပွဲကို အေးအေးဆေးဆေး ဖြေဖို့ ကြိုးစားနိုင်တယ်. . ချယ်ရီက ပြာလောင်ခတ်နေတာပဲ. . . . "

" အောင်ဝေ. . မင်းကို ငါစကားတစ်ခွန်းပြောလိုက်မယ် အချစ်ကြီးတဲ့မိန်းမတွေကို. . သနားစရာလို့ ငါဘယ်တော့မှ မထင်ဘူးကွ. . မိုက်မဲတယ်လို့ပဲ ထင်တယ်. . . "

" ငါ ချယ်ရီ့ကို အဲဒီလိုပဲ ပြန်ပြောလိုက်ရမလား ခိုင်လွင် "

" မင်းမှာ ဦးနှောက်ရှိတာပဲ "

ကျွန်တော်က စာမေးပွဲကိုသာ ခေါင်းထဲထည့်၍စာကျက်နေချိန်မှာ ချယ်ရီကတော့ ပဋာမြေလူး ငိုကြွေးလိမ့်မည်ဟု မထင်ထားခဲ့ပါချေ။ ပြောခဲ့ပြီးပကော။

ကျွန်တော်သည် အချစ်ကြီးသူ မိန်းမများကို သနားစရာ၊ ချီးကျူးစရာဟု ဘယ်တုန်းကမှ မမြင်ခဲ့ချေ။

အချစ်ကြီးခြင်းသည် မိုက်မဲခြင်းသာဖြစ်သည်ဟု ယုံကြည်သည်။ ကျွန်တော်ဖတ်သော စာအုပ်များထဲတွင် အချစ်သည် အရောင်ပြောင်းတတ်သော ပုတ်သင်ညိုနှင့်တူသည်ဟူသော ဒဿန ကို ကျွန်တော်ကိုးကွယ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မချယ်ရီသည် ကျွန်တော့်ကို သိပ်ချစ်ခဲ့သည်။

သို့သော် ကျွန်တော်က သူ့လောက်မိုက်မဲသူ မရှိဟု ယနေ့တိုင်ထင်နေတုန်းပဲဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အင်္ဂလိပ်စာဖြေမဲ့ညက ကျွန်တော့်ဆီ ချယ်ရီရောက်လာခဲ့လေသည်။

" မောင် "

" ချယ်ရီ. . ဘယ်လိုလုပ်ရောက်လာတာလဲ. . "

" အခြေအနေတွေက သိပ်တင်းကျပ်နေပြီ. . . "

" ဘာတွေ ဘယ်လိုဖြစ်ကုန်ပြီလဲ. . "

" ချယ်ရီ စာတွေလည်းကျက်လို့မရတော့ဘူး"

"ဟာ. . အဲသလိုမလုပ်နဲ့လေ. . "

" မောင်. . ချယ်ရီ့ အိမ်မပြန်တော့ဘူး. . "

" မဖြစ်ဘူး ချယ်ရီ. . မနက်ဖြန်စာမေးပွဲရှိတယ်. . "

ချယ်ရီကျွန်တော့်ကို အဓိပ္ပါယ်တစ်မျိုး လင်းလက်သောအကြည့်ဖြင့်ကြည့်သည်။

"အောင်ဝေ ပြောတုန်းက ငါမယုံဘူး. . အခု တကယ်ယုံလိုက်ပြီမောင်. . နင့်ကို သိပ်ချစ်တဲ့အတွက် ငါ့ကိုယ်ငါမုန်းတယ်သိလား. . . "





ချယ်ရီ့စိတ်သည် သူရေးပေးခဲ့သော တစ္ဆေကဗျာထဲကလိုပင် တွယ်ရာမဲ့ ဗရမ်းဗတာဖြစ်နေပေသည်။

ကဗျာထဲမှ မိန်းခလေးသည် အိပ်မရသောကြောင့် ညနက်သန်းခေါင် အိပ်ရာမှထထိုင်ရပုံ၊ အိပ်မရတဲ့ လဲလျောင်းထားသောအိပ်ရာမှ ကြမ္မာကွန့်လိပ်နေပုံ၊ ဆောက်တာရာမဲ့ ညည်းညူလိုက်သော သိပ်စိတ်ညစ်တယ်ဆိုသော စကား. . ကဗျာသည် ချယ်ရီ၏နိမိတ်ပုံပင်ဖြစ်သည်။

ဖျတ်ကနဲ ဖျတ်ကနဲ ပြောင်းလဲသွားသောကဗျာထဲမှ စိတ်အစဉ်သည် ချယ်ရီတစ်ယောက် ယောက်ယက်ခပ်နေသည်ကို ကိုယ်စားပြုသည်။

သို့သော် လက်တွေ့သည် ကဗျာဆန်သောအခြေအနေမဟုတ်။

စာမေးပွဲဖြေနေချိန်ဖြစ်သည်။

" ချယ်ရီ. . စိတ်ကိုအေးအေးထားပါဟာ. . မောင်နဲ့ ချယ်ရီ စာမေးပွဲနောက်ဆုံးနေ့မှာ စကားအေးအေးဆေးဆေးပြောလို့ရအောင် မောင်ကြံပါ့မယ်. . အခုစာမေးပွဲက အရေးကြီးနေတယ်. . ချယ်ရီက အသိဉာဏ်ရှိတဲ့သူပဲ. . . ဘယ်ဟာအရေးကြီးလဲ အရင်လုပ်ပါ ချယ်ရီ. . . နော်. "

" မောင်. . တကယ်ပြောတာနော်"



www.burmeseclassic.com

www.burmeseclassic.com



" တကယ်ပေါ့. . ချယ်ရီ အခု အိမ်ပြန် နေ့ာ်. . "

"မောင် လိုက်ပို့"

" ရတယ်. . လိုက်ပို့ပေးမယ် "

ကျွန်တော့်လက်မောင်းတစ်ဖက်ကို ခပ်တင်းတင်းဆုပ်ကိုင်ထားသောချယ်ရီသည် သူ့အိမ်ပြန်သော လမ်းတစ်လျှောက် ခပ်တိုးတိုး ရှိုက်ငင်လျက် ပါလာသည်။ ကျွန်တော်ကမူ ဖြစ်လာသော အခြေအနေတွေအား ဝရုန်းသုန်းကားနိုင်သည်ဟု စိတ်ထဲက တွက်ဆမိနေသည်။

" ချယ်ရီက မောင့်ကို အားကိုးပြီးလာခဲ့တာ "

" မောင် သိတယ် "

" ဟင့်အင်း. . မောင်မသိပါဘူး. . မောင်က ဓာတ်ဝေပြောသလိုပဲ. . ဉာဏ်ရှိတဲ့လူ. . မိချယ်ရီက ငတုံးမလေး. . "

" ချယ်ရီ. . ဘယ်ဟာက အရေးကြီးလဲဆိုတာ ချယ်ရီရောမောင်ရောစဉ်းစားရမယ်လေ. . မောင့်ကို ချယ်ရီ အားကိုးတာမှန်တယ်. . . မောင်က ချယ်ရီအားကိုးလောက်အောင် ဘာမှမရှိတာလည်း ထည့်တွက်ရမယ်လေ. . . ကိုယ်ဖြစ်ချင်တာထက်ဖြစ်နိုင်တာကို ဦးစားပေးရမယ်. . တခွတ်ထိုးလုပ်ဖို့က အခြေအနေမပေးဖူး. . "

" မောင်က. . ချယ်ရီချစ်သလောက် မချစ်ပါဘူး. . "





" ဒါတွေ ပြောမနေနဲ့တော့. . . ကဲ. . အိမ်ရှေ့ရောက်ပြီ. . အိမ်ထဲဝင်တော့"

ကျွန်တော်က သူ့အိမ်ထဲဝင်တော့ဟု ပြောနေချိန်တွင်ပင် သူ့ အိမ်ရှေ့သို့ လူတွေအများကြီး အိမ်ထဲမှထွက်လာကြသည်။ ကျွန်တော်တို့ကို တွေ့သွားသောအခါ ချယ်ရီ့ဒယ်ဒီက ကျွန်တော့်ကို စူးစူးဝါးဝါးစိုက်ကြည့်ကာ မေးသည်။

" မင်း ငါ့သမီးကို ဘာတွေ သွေးဆောင်ထားပြန်ပြီလဲ"

"ကျွန်တော် ချယ်ရီ့ကို လာပြန်ပို့တာ "

" နင့်လိုကောင်နဲ့ ငါ့သမီးနဲ့ တူသလား တန်သလား ခိုင်လွင်. . . နင့်အဖေနဲ့ နင့်အစ်မတွေမဆုံးမဘူးလား. . . ဒီလောက်အရေးကြီးတဲ့အချိန်မှာ ရည်းစားသနာကိစ္စနဲ့ နင်တို့အလုပ်ရှုပ်နေတာ. . . အခု ချယ်ရီက စာမေးပွဲရှိတာတောင် ရှိတယ်လို့ မအောက်မေ့ဘူး. . . ပိုက်ဆံအလကားမရဘူး. . ငါတို့လဲ ရှာရတာပဲ. . ငါ့သမီး ဒီလိုဖြစ်တာ နင့်ကြောင့်. . . "

ချယ်ရီ့အမေက ကျွန်တော့်ကို လက်ညှိုးငေါက်ငေါက် ထိုး၍ ရွှစ်စွဲသည်။ ကျွန်တော်ခေါင်းငုံ့ခံပါသည်။ မိဘတွေ ဒီလို ဒေါသထွက်လည်း ထွက်စရာကောင်းအောင် ချယ်ရီက လုပ်ထားသည်ကိုး။

ကျွန်တော်က အတတ်နိုင်ဆုံး နူးညံ့ညင်သာသော အသံဖြင့်. .



www.burmeseclassic.com

www.burmeseclassic.com



" တောင်းပန်ပါတယ်အန်တီ. . ကျွန်တော် ချယ်ရီ့ကို စာမေးပွဲ ဖြေဖို့ ပြောပြီးပါပြီ "

" မိဘစကားနားမထောင်တဲ့သမီး. . လာစမ်း. . နင့်ကို မွေးထားရတယ် ဝမ်းရေပြားစပ်တယ်. . နင့်မရှက်ဘူးလား မိချယ်ရီ. . နင့်ကိုနင်သူရဲကောင်းထင်နေသလား. . "

ချယ်ရီ့ ကျောကို တအုံးအုံးထုပြီး တိုက်ထဲ သူ့အမေက ဆွဲခေါ်သွားသည်။ အဖေဖြစ်သူက တက်တစ်ချက်ခတ်ကာ နောက်မှ လိုက်ဝင်သွားသည်။ ထိုနောက်မှ အလုပ်သမားများက လိုက်ဝင်သည်။

ကျွန်တော့်နားတွင် အောင်ဝေတစ်ယောက်သာ ကျန်သည်။

" မင်းမပြန်သေးဘူးလားခိုင်လွင်. . မင်းကြောင့် ချယ်ရီ အရိုက်ခံရတာမြင်တယ်မို့လား. . ချယ်ရီသိပ်ဆိုးနေတယ်. . "

" ငါမဖြစ်သင့်ဘူးထင်လို့ ပြန်လာပို့တာပဲ အောင်ဝေ"

" မင်းတို့ စာမေးပွဲပြီးရင် အဆက်အသွယ်ဖြတ်လိုက် တော့. . "

" မင်း ဘာစကားပြောတာလဲ ငါ့ရည်းစားကွ ချယ်ရီက မင်းရည်းစားလား. . . "

" ငါနဲ့ ချယ်ရီ့ကို လက်ထပ်ပေးဖို့ ပြောပြီးသား ခိုင်လွင် ငါ ချယ်ရီ့ကို မင်းထက်ပိုချစ်တယ်. . မင်ထက်ပိုနားလည်တယ် ချယ်ရီ့ကို ရင်ခုန်ရုံချစ်တဲ့ မင်းနဲ့ ငါ မတူဘူး. . . "





" မင်းနဲ့ လက်ထပ်ဖို့. . . "

" ဟုတ်တယ်. . ငါက မွေးစားသားလေ. . အလုပ်သမား ဝဲနေတာ. . 'ချယ်ရီ အမြင်ရှင်းအောင်လို့. . ငါအကြံပေးချင် ာ မင်းနဲ့ ချယ်ရီလမ်းခွဲလိုက်ပါ. . "

" အောင်ဝေ. . ဒီစကားတွေကို မင်းနဲ့ငါ စာမေးပွဲ ာတ်ဆုံးနေ့မှာဆက်ပြောကြမယ်. . ဒီအတောအတွင်း ချယ်ရီ့ကို းဖြောင်းဖြပေးပါ. . ငါလဲ စာမေးပွဲ အေးအေး ဆေးဆေး ာ်ဖြေပါရစေ. . ဟုတ်ပြီလား. . . "

× × × × × × × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com



" စာမေးပွဲရှိရက်နဲ့ ဒီလိုတွေထိဖြစ်လာတာ . . မင်
ငါမဆုံးမလို့ဖြစ်မှာပဲ ခိုင်လွှင် . . မပတ်သက်သင့်တဲ့
မင်းပတ်သက်မိရင် . . ငါတို့ မိသားစု မင်းကြောင့် သူများ အ
အဆိုခံရမှာ မင်းမစဉ်းစားမိဘူးလား . . . "

" အဖေ . . သားကို မယုံတော့ဘူးလား . . "

" ဒီလောက် ရှန်းရင်းဆန်ခပ်ဖြစ်လာပြီပဲ . . "

" သား စာသွားကျက်တော့မယ် အဖေ . . မန
အင်္ဂလိပ်စာဖြေရမှာ . . . "

" မင်းကောင်မလေးက စာမေးပွဲဖြေဖို့ သတိ
မတူပါဘူးကွာ . . "

စာကြည့်စားပွဲမှာထိုင်မိတော့ ကျွန်တော်စိတ်ရှုပ်
စာလည်း ခေါင်းထဲမဝင်ပါ။ ချယ်ရီ့[illegible]ကို တဗုန်းဗုန်း
နေသော အသံကိုပင် နားထဲကြားရသလိုရှိသည်။





"နင့်လိုကောင် နဲ့ ငါ့သမီးတူသလား တန်သလား ခိုင်လွှင်"

" နင့်လိုကောင်နဲ့ ငါ့သမီး တူသလားတန်သလား ခိုင်လွှင်"

" နင့်လိုကောင်နဲ့ ငါ့သမီး တူသလားတန်သလား ခိုင်လွှင်"

ထိုစကားက ပဲ့တင်သံလို ဦးနှောက်ထဲတွင်ထပ်တလဲလဲ
မြည်ဟိန်းလျက်ရှိသည်။ ဒေါသဖြင့် သွေးတိုးဆူပွက်လာသည်။

ဒီလောက်ရက်ရက်စက်စက် သူတို့ ပြောထွက်တာ
အကြောင့်မှန်း ဉ်းစားလို့မရပါချေ။ ချယ်ရီ့မှာသာ မိဘရှိတာ
တော့တဲ့။

ကျွန်တော့်မှာလည်း မိဘရှိသည်။

ပြီးတော့ ကျွန်တော်က အမိမဲ့သား။ သားသမီးချင်း မညှာ
တော ပြောထွက်ရက်သည်ကို စိတ်နာလာသောကျွန်တော်သည်
မျက်ရည်များစိုရွှဲနေသော ချယ်ရီ့မျက်နှာကလေးကို တွေးမိ
သည့်အခါမှာတော့ . . . သနားစိတ်ဝင်လာပြန်လေသည်။

ဒီလိုဖြစ်လာဖို့ ကျွန်တော် မဖန်တီးခဲ့တာ အမှန်ပါ။

ကျွန်တော်က လူငယ်သဘာဝ ပျော်ပျော်ရွှင်ရွှင် ရည်းစား
တစ်ယောက်ပဲထားချင်ပါသည်။ ပြဿနာပေါင်းစုံရှုပ်နေသော
သားစုနှင့် မပတ်သက်ချင်ပါ။ အခုပဲ မွေးစားသား၊ လက်ထပ်
ည်ရွယ်ထားသူဟုဆိုသူ အောင်ရဝက ပေါ်လာပြန်ပြီ။

www.burmeseclassic.com



ကျွန်တော်ဖြင့် တစ်ခါမှ အဲသလိုလက်ထပ်ရန်လူဟူ၍ စဉ်းစား
မစဉ်းစားမိ။

" ခိုင်လွင်. . . "

ခေါ်သံကြောင့် အခန်းဝဘက်လှည့်ကြည့်တော့ ကျော
ဘီလူးနှင့်ပုရွက်ဆိတ်။ နှစ်ယောက်စလုံး မျက်နှာက ချွေးတွေ
ရွှဲလျက်။

" မင်းတို့ ဘာဖြစ်လာကြလဲ"

" အဲဒါ ငါတို့က မင်းကိုမေးရမှာ "

" ငါဘာမှမဖြစ်ပါဘူး. . . စကျက်နေတာ မင်းတို့မမြင်
ဘူးလား "

" ခိုင်လွင် ဒါအတည်ပေါက်နဲ့ နောက်ရမဲ့အချိန်မဟုတ်
ဘူးသားကြီး. . ညည်း ချယ်ရီ့ကို ခိုးပြေးမလို့ဆို. . . "

"ညည်း တို့က ဘယ်က ကြားလာတာလဲ"

" တစ်ရပ်ကွက်လုံး အဲဒီသတင်းပျံ့နေတာပဲ. . "

" ဟုတ်လား. . . "

". . . . . . . "

" ငါမေးတာ. . မင်းတို့ယုံလား"

ပုရွက်ဆိတ်က သက်ပြင်းချသည်။





ကျောက်ဘီလူးက သူ့မေးစေ့မှ ဝက်မြှီးကို လက်ဖြင့်
သပွတ်ကာ. . . .

" မင်းအရင်ဖြေပါ" ဟုဆိုသည်။

" ငါစာမေးပွဲပဲ ခေါင်းထဲထည့်ထားတယ် "

" ချယ်ရီက အပြုတ်သော်င်းကျန်းနေတာတဲ့. . . အိမ်က
ညည်းတွေတောင် ကိုင်ပေါက်ပစ်တယ်လို့ ပြောတယ်. . ကားမှန်
ညည်း ချယ်ရီ ရိုက်ခွဲပစ်လို့ ကွဲသွားတယ်တဲ့ ချယ်ရီ့ အမေက
ညည်း လက်စပြင်းတယ်. . လမ်းထိပ်က ဆေးခန်းမှာ. . ချယ်ရီ
ပ်ပေါက်သွားလို့ နှစ်ချက်တောင်ချုပ်လိုက်ရတာ မင်းသိလား"

" ငါမသိဘူး. . ချယ်ရီကလည်း ဘာမှ ပြောမသွားဘူး. . "

" မင်းနဲ့လုံးဝမကြည်ဘူးလို့ သတင်းတွေကတော့
နေတာပဲခိုင်လွင် . . . "

" ပြဿနာဘယ်ကစမှန်း ငါတောင်စဉ်းစားလို့ မရပါဘူး
. . ကြည့်ရတာ. . တစ္ဆေ က စတာပဲ ဖြစ်မယ်. . "

" တစ္ဆေ"

နှစ်ကောင်သား ကျွန်တော့်နားကပ်ထိုင်ကာ အခန်းထဲသို့
ကြည့် ကြောင်ကြည့် ကြည့်ကြလေသည်။

" သားကြီး. . မင်းအမေ မကျွတ်လို့ထင်တယ်နော်. . "

www.burmeseclassic.com



" မင်းအမေက မင်းကို တော်တော်ချစ်တာဆို. . . ဒါဆို မင်းအခန်းထဲမှာများ ရှိနေမလားမသိဘူး. . . "

" မင်းတို့ ဘာတွေ ပြောနေတာလဲ "

" မင်းပဲ တစ္ဆေဆို "

" အေးလေ. . . မင်းက တစ္ဆေဆိုတော့ မင်းအမေပဲ ငါတို့ထင်တာပေါ့"

"ဘယ်ကလာ. . တစ္ဆေဆိုတာ ချယ်ရီ. . . "

" ဟင်. . . ချယ်ရီ. . ဒါဆိုချယ်ရီက သေသွားပြီပေါ့. . မင်းနဲ့ မပေါင်းရလို့ ကိုယ့်ကိုယ်ကိုသတ်သေသွားတာများလား"

" ဟာ. . ကြံကြီးစည်ရာ. . တစ္ဆေဆိုတာ. ကဗျာခေါင်းစဉ် ကွ. . . . "

"တစ်ခါမှတောင် မကြားဖူးလား"

" အေး. . အခု ကြားဖူးပြီမို့လား. . . တစ္ဆေကဗျာကို ချယ်ရီက ငါ့ဆီကူးပေးတယ်ကွာ. . အဲဒီစာကို အောင်ဝေနဲ့ယေ နိုင်းတယ်. . ဖြစ်ချင်တော့ အောင်ဝေကလည်း ချယ်ရီ့ကို ကြိုက်နေတဲ့ကောင်. . မွေးစားသားလို့လည်းပြောတယ်. . . အဲဒီကောင်က ချယ်ရီ့အမေ့ကို ငါတို့ကြိုက်နေတဲ့အကြောင်း တိုင်လိုက်လို့. . . ဒီလိုဒီလိုတွေ ဖြစ်ကုန်တာ. . . "

" ပြဿနာက အောင်ဝေပေါ့ "



" အေး "

" ဒီကောင် မစားရတဲ့အမဲ ဆားနဲ့ပက်တာပဲနေမယ်"

"ဆားက ဝယ်လို့ပိုလွယ်တယ်ကွ. . သဲက ပင်လယ်ကမ်း မှာပဲပေါတာ. . ငါကြည့်ရသလောက် အောင်ဝေက အလုပ် းလို့ပဲထင်ရတယ်"

" ငါနဲ့ တူသလား တန်သလားလို့ မေးခံရတာ ဒေါသထွက် အကောင်းဆုံးပဲ. . သူတို့သမီးက ရွှေနဲ့ကွပ်ထားရင်လည်း တော့ . . "

" အေးလေ . . အဲဒီရွှေတွေ ရောင်းစားလို့ရသေးတယ်"

" နိုင်လွင် . . မင်း ချယ်ရီ့ကို ခိုးပြေးကွာ "

"မခိုးနိုင်ပါဘူးကွာ . . ခိုးစရာနေရာလည်းမရှိဘူး. . ခိုးပြီး ယ်မှာသွားထားရမလဲ. . လုပ်ကိုင်စားဖို့ ငွေလည်း မရှိဘူး . . "

" မင်းတို့ ရပ်ကွက်ထဲက ဆီဆိုင်ကကောင် . . ဟိုကွာ ်ဝင်း . . အဲဒီကောင်ဆို . . . သူ့အိမ်က လက်ဝတ်လက်စား သိန်း ၅၀ ဖိုးလောက်ခိုးပြီး မိန်းမခိုးပြေးသွားတာ "

" ငါ့အစ်မတွေက ချွေးနဲ့စာနဲ့ရှာလုပ်ထားတာ. . ယ်တော့မှ အသားထဲက လောက်ထွက်တဲ့အလုပ်ကို မလုပ် . . "

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်သူငယ်ချင်းများက ကျွန်တော့်ပြတ်သားမှ
နားလည်သွားသည်။ ကျွန်တော့်မိသားစုရဲ့အခြေအနေ
ကျွန်တော်ပဲသိသည်။ အိမ်ကပစ္စည်းနဲ့မိန်းမခိုးတာ သူခိုးအလုပ်

ကိုယ်ကရှာကျွေးမယ်မရှိဘဲ အိမ်က ပစ္စည်းကိုမက်
သောစိတ် ကျွန်တော့်မှာ နဲနဲမှမရှိ။ မိန်းမခိုးရလောက်အော
ကျွန်တော် မိန်းမလည်း မလိုချင်သေးပါ။

" မင်းက လိမ္မာပါတယ်. . . "

" ငါတို့မှာ အမေရှိတာမဟုတ်ဘူး. . . အစ်မတွေရှာကျွေ
လို့ထမင်းနပ်မှန်နေတာ. . . အဖေကလည်း သူ့လစာနဲ့သူ့နေ
နဲ့. . . ကုန်စရာခန်းစရာတွေရှိတယ်. . . နားမလည်ပေးလို့မ
ဘူး. . . ကျောင်းပိတ်ရင် ငါမြို့ထဲမှာ အလုပ်တစ်ခုလိုက်ရှာမယ်
စိတ်ကူးထားတာ. . . "

" ချယ်ရီ့ကို မင်းပဲ ထိန်းလို့ ရမှာ "

" ငါသိတယ်. . ချယ်ရီက ဒီလောက်ရူးမယ်တောင်မထ
ဘူး. . . ကဲ မင်းတို့ အိမ်ပြန်လေ. . စာမကျက်တော့ဘူးလား.

" မင်းပဲရှင်းပြလေကွာ. . Grammer ဆယ်မျိုးလော
ရှင်းပြ ကျန်တာကျက်စရာမှ မလိုတာ. . . "

× × × × × × × × × × × × × ×





စာမေးပွဲခြောက်ရက်လုံး ချောချောမွေ့မွေ့ဖြေဆိုပြီးသည့်နောက် ချယ်ရီ့ကိစ္စက ဖြေရှင်းရန်ကျန်သေးသည်။

နောက်ဆုံးနေ့တွင် ချယ်ရီ့ကို စကားပြောချင်သော်လည်း အစောင့်အကြပ်တွေက များလွန်းသဖြင့် ချယ်ရီတို့ကားနားပင်မကပ်နိုင်။ အလုပ်သမားဆယ်ယောက်လောက်ပါလာတာကိုက ကျွန်တော့်အတွက် အန္တရာယ်ရှိကြောင်းပြနေတာမို့ ပုရွက်ဆိတ်တို့က သွားခွင့်မပေး။

ကျွန်တော်နဲ့ချယ်ရီ့ကြား ကူညီသူက စန္ဒီလွင်။

" ချယ်ရီက စာပေးခိုင်းလိုက်လို့. . "

" နင်ရော အောင်ဝေလိုပြဿနာမရှိပါဘူးနော်. . "

" နင်ယုံဖို့မလိုပါဘူး. . ချယ်ရီယုံရင်ပြီးတာပဲ. . . "

" ဒါနဲ့. . . ချယ်ရီစာမေးပွဲဖြေနိုင်လား . . . "



www.burmeseclassic.com

www.burmeseclassic.com



" ဟင့်အင်း . . . စာကိုမကျက်တာ . . နင်ဖြေနိုင်ရင် ပြီးတာပါပဲတဲ့ . . . ချယ်ရီက စာမေးပွဲအောင်မှာတော်ကြောက်နေတာ . . . "

" ဘာဖြစ်လို့လဲ"

"တက္ကသိုလ်တက်ရင် . . . ပထမနှစ်မှာကတည်းက အောင်ဝေနဲ့ ပေးစားမယ်ပြောနေလို့ . . . "

"အဲဒီလောက်တောင်ပဲလား"

" အောင်ဝေက ချယ်ရီ့ကို တအားအလိုလိုက်တာ . . . ချယ်ရီက အောင်ဝေ့ကိုဆို တအားနိုင်တာ . . နင့်ကိစ္စကို တိုင်ရမလားဆိုပြီး အောင်ဝေ့ကို ခုံနဲ့ကောက်ထုတာဟ . . ပြီးတော့ အောင်ဝေ့မျက်နှာကိုမြင်တာနဲ့တွေ့တာနဲ့ ပိတ်ပေါက်တော့တာပဲ . . . ချယ်ရီ့ကို အရမ်းအလိုလိုက်ထားတော့ အောင်ဝေလည်း ချယ်ရီလုပ်သမျှခံနေရတာ . . ချယ်ရီ့ အမေက ချယ်ရီ့ကို ဒေါသထွက်ရင်း လက်လွှန်ကုန်ကြတာလေ . . ချယ်ရီ က အခုနိုင်မဲ့သူ တစ်ယောက်ပဲရှိတယ်"

" ငါလား "

" နင့်ကိုသူ အရမ်းချစ်တယ် ခိုင်လွင် "

" အဲဒီလောက်ထိ ချစ်ဖို့မလိုပါဘူးဟာ"





" ချယ်ရီက တစ်ဦးတည်းသောသမီးလေ . . သူလိုချင်တာရမှဖြစ်မယ်ဆိုတဲ့စိတ်ရှိတယ် . . ငယ်ငယ်ကတည်းက လိုချင်တာရခဲ့တာချည်းပဲ . . . အခုနင်နဲ့ကိစ္စကျတော့မှ ချယ်ရီ အရိုက်ခံရတော့တာ . . . "

" ငါစာပြန်ရေးပေးလိုက်မယ်"

" မရေးပေးနဲ့ . . ချယ်ရီ နင်နဲ့ချိန်းတဲ့အချိန် စာထဲမှာပါတယ် . . အဲဒီအတိုင်းသွားစောင့်ရုံပဲ . . "

" စန္ဒီ . . ကျေးဇူးပဲဟာ . . "

"ရပါတယ် . . ငါသွားတော့မယ် . . "

စန္ဒီလွင် ထွက်သွားပြီးနောက် ကျွန်တော်စာကို ဖောက်ဖတ်လိုက်သည်။ Memo စာရွက်ကလေးတစ်ရွက်ပေါ်မှာ ချယ်ရီ့ လက်ရေးကလေးတွေ။

" ကျမချစ်မြ၊ သံသာဝဲမှ

ခွဲထွက်ချင်ဘူး၊ တပ်မက်ဦးမည်

စိန်ခြူးကြယ်တန်း၊ လခြမ်းလဝိုင်း

ညတိုင်းမြင်ချင် . . . ။

" မောင် . . ကြည်အေးရဲ့ သစ္စာသစ်ကဗျာထဲကနေ ကူးပေးလိုက်တာ . . ချယ်ရီ့ရင်ထဲက စကားလေးတွေနဲ့ တူနေလို့ . . "



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ရင်တွေခုန်သွားသည်။

" ချယ်ရီ့ကို အရှုးလို့လူတွေကထင်နေပြီ . . ဟုတ်တယ် ချယ်ရီ တကယ်ရူးနေပြီထင်ပါရဲ့ . . ဘာလို့လဲဆို . . ချယ်ရီ့ လွယ်အိတ်ထဲ မောင့်စာရောက်အောင် ချယ်ရီတစ်ယောက်တည်း ကြံစည်မိခဲ့ပါတယ် . . .

မောင့်ကိုခုမှဝန်ခံတာ စိတ်မဆိုးပါနဲ့နော် . . .

မောင့်ကို ချယ်ရီသဘောကျတာ ကိုးတန်းစတက်တဲ့နေ့က ပေါ့ . . မောင်ကတော့ မှတ်မိချင်မှမှတ်မိမယ် . .

ချယ်ရီကတော့ မောင်အဲဒီနေ့က မိုးတွေစိုရွဲပြီး ကြွက်စုတ် ပုံလေးဖြစ်နေတာကို ခုထိမှတ်မိနေတုန်းပဲ . .

ချယ်ရီတို့ အိမ်ကကားကြောင့် မောင့်ကို ဗွက်တွေစင် သွားတော့လေ မောင်ဒေါသတွေတအားထွက်ပြီး ကျန်ခဲ့တာ . . ကားနောက်မှန်ကနေကြည့်ပြီး ချယ်ရီအရမ်းရယ်ချင်သွားသလို သနားသွားခဲ့တယ် . . .

ဒါပေမဲ့ မောင်က ချယ်ရီ့ကိုဆို အင်မတန်ကြည့်မရခဲ့တာ နော် . . ပြီးတော့ မောင် မစန္ဒီကို သဘောကျပြီး လွယ်အိတ်ထဲ စာထည့်တာကို ချယ်ရီတွေ့ခဲ့တယ် . . ချယ်ရီအဲဒီစာကို ချယ်ရီ့ လွယ်အိတ်ထဲကိုယ့်ဟာကိုယ်ယူထည့်ခဲ့တယ် . . ပြီးတော့ မောင့်ကို မစန္ဒီဆီကနေ ချယ်ရီ့ဆီလမ်းလွှဲအောင်လုပ်ဖို့ ချယ်ရီ ဆရာ့ဆီ





အဲဒီစာသွားပေးခဲ့တယ် . . ဒါမှ တစ်တန်းလုံး . . ချယ်ရီကို မောင် စာပေးတယ်ဆိုတာသိအောင်ပေါ့ . . ချယ်ရီက ကိုယ်လိုချင်တာ ဆို ရမှကြိုက်တယ် . . .

မောင်က ချယ်ရီ့ကို ခရွှေးချယ်ခဲ့တဲ့အတွက် ကျေးဇူးတင် ပါတယ်မောင် . . အင်း မောင့်အကြောင်းရေးတဲ့ ဒိုင်ယာရီ တောင်ကုန်သွားပြီ . . "

ထို့နောက်ပိုင်းရေးထားတာတွေက ကျွန်တော်ဖတ်ချင် လောက်အောင်ဆွဲဆောင်အားမကောင်းပါ။ သူတို့အိမ်က ကြောင်မကြီးတစ်ကောင်း ကြောင်လေးငါးကောင်မွေးကြောင်း၊ ထိုကြောင်လေးတွေကို ကြောင်ဘီလူးလာစားမှာစိုး၍ ချယ်ရီ့ မာမီက ညဘက်ထကြည့်ကြောင်း၊ ချယ်ရီ့ကို အမြဲမပြတ် စောင့်ကြည့်နေကြောင်း . . . ကျွန်တော်မကြိုက်၍ ချယ်ရီက ခုဆို ခြေသဲခွံများအား ဂျေးမှန်မှန်တွန်းကြောင်း . . ဖတ်ရင်းနဲ့ ကျွန်တော့်မှာ အိပ်ငိုက်လာသည်။

ကြည့်ရတာမိချယ်ရီ စာရေးဆရာမလုပ်စားဖို့များ ရည်ရွယ်ချက်ရှိသည်ထင်ပါ၏။ စာရေးဆရာမလင်တော့ ကျွန်တော်မဖြစ်ချင်ပါ။ ဆရာသော်တာဆွေ၏ ဝတ္ထုတစ်ပုဒ်ထဲက လို စာရေးဆရာမယောက်ျားသည် လောက၌ အဆိုးဆုံးဖြစ်မည်ဟု ကျွန်တော်က ထင်သည်။

စကားများ၊ ဆရာလုပ်တာခံရသည့်အပြင် ကိုယ့်ထမင်း

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ချက်စားရသော စာရေးဆရာမ ယောက်ျားဘဝကို ကြောက်လှပါသည်။

နောက်ဆုံးစာတစ်ကြောင်းတွင်မှ . .

စနေနေ့ည ခုနှစ်နာရီ ရပ်ကွက် ဓမ္မာစကြာတရားလာ ရွတ်မည်။ ကျွန်တော့်ကို ညခြောက်နာရီခွဲခန့်မှစ၍ ဓမ္မရုံရှေ့တွင် စောင့်နေရန်မှာထားသည်။

ချိန်းတဲ့စာတစ်ကြောင်းဖတ်ရဖို့ ရှေ့ ရေးထားသော အရေးမပါတာတွေ အများကြီးဖတ်ရသည်။

ချယ်ရီပေးသောစာကို ပုရွက်ဆိတ်နှင့် ကျောက်ဘီလူးက ကျွန်တော့်အိမ်လာရင်း တွေ့သွားရာ စာရွက်ခေါက်ဖွင့်ဖတ်ကြ သည်။ စာဖတ်ပြီးတော့ . . .

" မင်းကို မောင်လို့ ခေါ်တယ်ကွ . . နော် . . "

" ငါခေါ်ခိုင်းတာလေ"

ဟု ကျွန်တော်က ခပ်ကြွားကြွားပြောသောအခါ ကျောက်ဘီလူးက . .

" ဟုတ်မယ်မထင်ဘူး . . မင်းအသားက ဖြူပေမဲ့ အဝတ် အစားက ညစ်ထပ်ထပ်နဲ့ သစ်သစ်လွင်လွင် တောက်တောက်ပ မှ မရှိတာ . . မှောင်နေလို့ . . အဲဒီလိုခေါ်တာဖြစ်မယ် . . "

" မနာလိုမဖြစ်နဲ့ . . ကျောက်ဘီလူး "





" ဘာဖြစ်စရာရှိလဲ . . ဒါနဲ့ မင်းကိုမေးရဦးမယ် . . မင်း ချယ်ရီနဲ့ ဘယ်နှစ်ခါချိန်းတွေ့ပြီးပြီလဲ . . "

" ဆယ် ခါလောက်ရှိမယ်ထင်တယ်"

" မင်းတစ်ခါမှ ဟိုမဒင်းဘူးလား "

" ဟင် . . ဘာဟိုမဒင်းလဲ ပုရွက်ဆိတ် . . မင်းစကားကို ရှင်းရှင်းပြော . : မြန်မာလိုပြော . . မြန်မာလို နားမလည်အောင် မပြောနဲ့ . . "

" ဗီဒီယိုထဲမှာ ပါသလိုလေကွာ"

" ဗီဒီယို . . "

" အေး . . ဗီဒီယိုတွေထဲမှာ မင်းသားနဲ့ မင်းသမီး . . ဟိုဒင်း . . ဟိုကွာ . . ကုလီယိုပတ်ထရာကို အန်ထော်နီက ကလိ လိုက်တာ "

ပုရွက်ဆိတ်ပြောတာကို ကျွန်တော်နောက်မှ သဘောပေါက်သည်။ ကျွန်တော်ဖြင့် တစ်ခါမှ အဲဒီကိစ္စ မစဉ်းစား ဘူးပါ။

" ငါ့ကို ပူစီကိုက်မှာပေါ့ကွ "

" ဘယ်က ပူစီလဲ "

" မီချယ်ရီလေ "



www.burmeseclassic.com

www.burmeseclassic.com



" မိချယ်ရီက မင်းရည်းစားပဲဥစ္စာ . . ပူစီကိုက်စရာလား"

" ငါကြောက်တယ်ကွ "

" အစမ်းလေ့ကျင့်ကြည့်ပြီးမှ . . . . ပေးပေါ့ကွ "

" အစမ်းလေ့ကျင့်"

" အေး "

" ဒါဆို မင်းပါးကို ငါအရင်နမ်းကြည့်မယ် "

" ဟေ့ကောင် . . သွားမတိုက်တဲ့ ပါးစပ်ကြီးနဲ့ . . "

ပုရွက်ဆိတ်က ကျောက်ဘီလူးကိုကွယ်၍ ပတ်ပြေးလေသည်။

ကျွန်တော်က ပုရွက်ဆိတ်ကို မမိတော့ ကျောက်ဘီလူးပါးကိုပင် နှာခေါင်းနှင့် အသက်အောင့်ပြီး နမ်းလိုက်ရာ ဝက်ခြံတစ်ခုပေါက်ထွက်သွားသဖြင့် အဲဒီကောင် ကျွန်တော့်ကို လက်သီးဖြင့်ထိုးလေသည်။

ကျွန်တော်တို့သုံးယောက် သောင်းကျန်းရာ ကျွန်တော့်အခန်းက ကြမ်းတစ်ချောင်းကျိုးသွားလေသည်။

" အိမ်က စုတ်ရတဲ့အထဲ . . . ငါ့အဖေလာရင် ငါ့ကို ပူစီတကယ်ကိုက်တော့မယ် . . "

× × × × × × × × × × × × ×





"ပိန်သွားသလိုပဲနော် ချယ်ရီ "

ချယ်ရီမျက်နှာက မျက်ကွင်းဟောက်ပက်နှင့် ,တော်တော်...ာင်ကျသွားလေသည်။ ပါးပြင်နှစ်ဖက်မှာ သနပ်ခါးပါးကွက်...ထူကလေး။ ဟိုကောင်းတွေပြောစကားကို နားထဲ ပြန်ကြား...လိုရှိပြီး ကျွန်တော့်လက်ဖျားခြေဖျားတွေ အေးစက်သွားလေ...ည်။ ချယ်ရီတတော့ ကျွန်တော်ဘာဖြစ်နေသလဲမသိဘဲ . . ...လက်က မိန်းမပတ် စီကိုနာရီကလေးကိုသာ ကွက်ကြည့်...တ်ကြည့်လုပ်နေလေသည်။

" အောင်ဝေ က ဆယ်မိနစ်ကြာရင် ဒီကို လိုက်လာ...မယ် . . "

" ဘာကိစ္စ ဒီကောင်ပါလာပြန်ပြီလဲ "

" တို့ မောင်ကလဲ . . . ဒေါသကြီးပဲ အိမ်က သူ့ပါမှ ...ယ်ချတာ မောင်ရဲ့ . . သူ့ကိုအချိုသတ်ပြီး နောက်ဆယ်မိနစ်...မှ ဒီကို လိုက်ခဲ့ဖို့ တမင်မှာခဲ့တာ "

" ငါနဲ့ လာတွေ့မှာ သိလား "



www.burmeseclassic.com

www.burmeseclassic.com



" သိတယ် .. ဒါကြောင့် ဆယ်မိနစ်ပဲ အချိန်ရတယ်

" ဆယ်မိနစ်ဆိုတာ ဖင်လှည့် ခေါင်းလှည့်နဲ့ ကုန်သွ မှာပေါ့ချယ်ရီ "

" ဟုတ်တော့ ဟုတ်တာပေါ့မောင်ရယ်. . ဒါပေမဲ့ မင်‌ ရတဲ့ဆက် တွေ့ရတာ ပိုကောင်းတာပေါ့ . . ဒါနဲ့ မောင်မြို့ မှာ အလုပ်ရပြီလား ဟင် "

" သင်တန်း သုံးလ အရင်တက်ရမယ် "

" ဟုတ်လား. . . အဲဒါပြီး ရင်. . . "

" အဲဒါပြီးရင် . . . အသင်အနေနဲ့ အလုပ်ဝင်ရမယ် "

" မောင် လစာရတော့မှာပေါ့ "

" သိပ်မရလောက်ပါဘူး "

" မောင် "

" ဟင် "

" ဆယ်မိနစ်ပြည့်တော့မယ် "

" ဟုတ်လား "

" ဘာပြောစရာရှိသေးလဲဟင်. . ချယ်ရီ အောင်မေ့ဝန် မောင့်ကို မတွေ့စေချင်ဘူး . . "

" ဟို . . . "





" ကျွန်တော်က ထိတ်လန့်နေသော်လည်း အနည်းငယ် လက်သွက်သောစိတ်ဖြင့် ချယ်ရီ့မျက်နှာနားကပ်လိုက်သည်။

" သနပ်ခါးက မွှေးလဲမမွှေးဘူး "

" ဘယ်မွှေးပါ့မလဲ . . သနပ်ခါးသွေးတဲ့ ရေးဘူးထဲက ရေနံနေတာ. . ချယ်ရီသိပေမဲ့ မလဲတော့ဘဲ အဲဒီရေနဲ့ သနပ်ခါး သွေးလာခဲ့တာကိုး. . "

" စိတ်ဆိုးသွားသလားချယ်ရီ "

ချယ်ရီက ရယ်လေသည်။

အလင်းရောင်အားနဲ့သော ခမွှာရုံလမ်းကလေး၏ထိပ် ဓာတ်တိုင်တည့်တည့်အောက်တွင် ဆယ်ကျော်သက် မှူငယ်နှစ် ယောက်သည် တစ်ယောက်ကိုတစ်ယောက် ရှက်ရွံ့စွာဖြင့် ရယ်နေ ကြသည်။

ထိုအချိန်ကာလမှာ ခံစားရသော ရှက်ရွံ့မှုသည် ကျွန်တော့် ဘဝနောက်ပိုင်းခံစားရသော ရှက်ရွံ့မှုများနှင့် လုံးဝမတူပါချေ။

ထိုရှက်ရွံ့မှုသည် . . သိမ်ငယ်မှုမရှိ။

ကြည်နူးသလို၊ ရယ်ချယ်သလို၊ ရှက်သလို. . ။

ပြီးတော့ချယ်ရီနဲ့ ကျွန်တော်သည် ထိုစက္ကန့်ပိုင်းမျှကြာ သော အချိန်ကလေးတွင် အရမ်းရင်းနှီးသွားသလိုရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်နဲ့ချယ်ရီကြားမှာ မုန့်ဟင်းခါးဆိုင်မှာ ရွှေဆိုင်တွေ မရှိ။ ထရံကာ၊ သွပ်မိုး၊ ပျဉ်ခင်းအိမ်နှင့် နှစ်ထပ်တိုက်မရှိ။

ကျွန်တော်နဲ့ချယ်ရီသည် ကျွန်တော်နဲ့ချယ်ရီအဖြစ်သာ လျှင်ရှိနေသော လူသားနှစ်ယောက်ဖြစ်သည်။

ကျွန်တော့်ဘဝတွင် အသဲထဲသို့ နက်နက်ရှိုင်းရှိုင်းဝင် ရောက်၍ စိတ်ဘဝင်သို့တွယ်စေသော စိတ်ခံစားချက်သည် ချယ်ရီ့အား အနမ်းဦးပေးသော အချိန်တွင် မှတ်မှတ်ရရ ပေါက်ဖွားခဲ့လေသည်။

ပြီးတော့ ကျွန်တော့်ကိုကျွန်တော် လူလားမြောက်ခဲ့ပြီဟု သိသွားခဲ့လေသည်။

လူကြီးဘဝသို့ ကူးပြောင်းလာပြီးနောက်ပိုင်းတွင် လူ့ပတ် ဝန်းကျင်၏ သဟဇာတမဖြစ်သော အခြေအနေများအောက်တွင် သိရော်ခံရ၍ ခံစားရသော ရှက်ရွံ့နာကြည်းမှုများ။

မြေနိမ့်ရာ လှံစိုက်သော လူ့သဘာဝကို ရှက်ရွံ့သိမ်ငယ် မှုများ၊ တခါတရံ . . . ကိုယ့်လိပ်ပြာပင်ကိုယ်ပြန်၍ သံသယဝင် ကာ. . ရှက်ရွံ့နာကျင်ရမှုများကို ခံစားရတိုင်း ကျွန်တော်သည် ချယ်ရီနှင့် လပြည့်ညတစ်ညတွင် တွေ့ကြုံခဲ့သောခံစားမှုကို ပြန်ပြောင်းသတိရလေ့ရှိသည်။

လူ့အသက်ကြီးလာလျှင် အသက်နောက်ကပါလာသော





အတွေ့အကြုံတစ်ချို့သည် ခါးသီး၏။

လူလုပ်ဖို့ မကောင်းတာ့ဘူးဟု နှုတ်ကတော့ညည်းညူ လောက်အောင် . . တချို့အဖြစ်အပျက်များကို ရှက်ရွံ့ပိတ်ပျက် သာတိုင်း လူပျိုဘဝက ရခဲ့သော ရည်းစားဦး၏ ရင်ခုန်မှုကို တမ်းတမိလေ့ရှိသည်။

ကျွန်တော်သည် အိမ်ထောင်ဦးစီးဖြစ်သည့်အားလျော်စွာ စိန်ခေါ်မှုများကို ဦးစွာရင်ဆိုင်ရသည့်အခါ. . . ချယ်ရီ့ပါးပြင်မှ သနပ်ခါးနံ့ခပ်နံ့နံ့ကလေးကို သတိရမိလေ့ရှိပါသည်။

မွှေးမည်ထင်၍ နမ်းသည်။

သို့သော် မွှေး၍မနေ။

အကယ်တော့ ကျွန်တော်တို့ လူနေမှုဘဝတွင် ထိုကဲ့သို့ အထင်နှင့် အမြင်လွဲမှားမှုများစွာ ရှိနေသည် မဟုတ်လား။

လူ့ဘဝဆိုသည်မှာ လွဲချော်မှု အရသာမျိုးစုံဖြင့် ထုတ်ထား သော သစ်သီးစုံကိတ်မုန့် တစ်လုံးဖြစ်ပါသည်။

ကျွန်တော်တို့လူသားများသည် ထိုကိတ်မုန့်ကြီးမှ အချစ်ဟု ဆင်ရသောအစိတ်အပိုင်းခပ်နဲနဲကလေးကို တို့တော့်ခွင့် ရသောအချိန်တွင် မြည်းစမ်းရသည့် ကသောကမျော လူသား များဖြစ်သည်။

× × × × × × × × × × × × ×



www.burmeseclassic.com

www.burmeseclassic.com



ကွန်ပျူတာ ဂရပ်ဖ်ဒီဇိုင်နာသင်တန်းကို တက်ရောက်နေသောကျွန်တော်သည် အရောင်များအကြောင်း ဖွဲ့စည်းပုံ သင်္ကေတမျိုးစုံအကြောင်းကိုသိရန် အသိဉာဏ်အများကြီးလိုသေးကြောင်း သတိပြုမိခဲ့သည်။

ကွန်ပျူတာရှေ့တွင်ထိုင်နေသောခိုင်လွင်သည် အနာဂတ်ဝါးတားတားဖြစ်နေသော ဆယ်ကျော်သက်ကောင်လေးမဟုတ်တော့။

ကျွန်တော်သည် စိတ်ကပြေးရာသို့ မောကြီး ပန်းကြီးလိုက်နေသော လောဘ၏သားကောင်းဘဝသို့ ပြောင်းလဲသွားခဲ့သည်။



ကျောင်းသားဘဝမှ ငွေရှာသော စီးပွားရေးအသိုင်းဝိုင်းထဲရောက်သွားခဲ့သည်ကို ငွေရလွယ်ကူသော အောင်မြင်သည့် ဒီဇိုင်နာဘဝကို ပိုမျှော်မှန်းလာသည်။ ဘဝ အဖြစ်အပျက်စုံသည် ကျွန်တော်သင်ကြားနေသော ဒီဇိုင်းပညာ၏ အခြေခံသင်္ကေတများဖြစ်သည်ကို နောက်မှ ကျွန်တော်သိခဲ့သည်။

ပုံစံပျက် ကုဗတုံးတစ်ခုသည် အထည်ကြီးပျက်တန်းစားကို ကိုယ်စားပြုသည်။ အဝါရောင်သည် စိတ်၏ငြိမ်နိုင်ခြင်းမရှိသော ပျံ့လွင့်ခြင်းကို ပြသည်။ အနီရင့်ရင့်သည် ကြည်းမှု၏ သင်္ကေတဖြစ်သည်။

သစ်တောစိမ်းစိမ်းများသည် ပဋိပက္ခများမှ လွတ်မြောက်သော အိပ်မက်ဖြစ်သည်။

ထိုသဘောတရားများကို နှစ်ကာလ ကြာမှသိခဲ့သည်။

အဖြစ်အပျက်မျိုးစုံ၊ ဘဝမျိုးစုံ ကျည်လည်ခဲ့သော စာရေးဆရာများ၏ စာအုပ်မျက်နှာဖုံးများ၊ ငွေရရန်အတွက် ကြော်ငြာကောင်းကောင်းဖြင့်ဆွဲဆောင်လိုသော စီးပွားရေးသမားများ၏ လိုဂိုများ. . .

ပြက္ခဒိန်များ၊ ကက်ဆက်ကာဗာများ၊ ဗလာစာအုပ်မျက်နှာဖုံးဒီဇိုင်းများသည် ကျွန်တော့် နေ့စဉ်လူနေမှုဘဝထဲသို့ ဝင်သက်လာခဲ့ကြသည် ခပ်ငယ်ငယ်ထုတ်ဝေသူ တစ်ယောက်က. .

www.burmeseclassic.com



" ကျွန်တော် စာလုံးကို ဒီထက်ပို ကြွားချင်တယ်. . ကျွန်တော် စာရေးဆရာမလေးက သူ့ စာအုပ်ကို မြင်တာ သူရေးမှန်းသိစေချင်တယ်တဲ့. . . "

" ဒါဆို ခင်ဗျားစာရေးဆရာမကို ပြောလိုက် စာအု ဖြစ်တာနဲ့ သူရေးမှန်းသိစေချင်ရင် စာအုပ်မျက်နှာဖုံးပေ တက်ထိုင်နေလို့. . "

" ခင်ဗျားကလည်း "

" ခင်ဗျားကမလဲနဲ့. . ကျွန်တော်တို့ကလည်း Artist Mi မရှိဘဲ ဒါတွေလုပ်လို့မရဘူး. . . ပန်းချီဆိုတာ ကွန်ပျူတာ ကဆွဲပေးနေတာမဟုတ်ဘူး. . လူက ကွန်ပျူတာကို ပြန်ခိုင် နေတာ . . "

အမြင်မတော်တာကိုလည်းပြုပြင်ပေးရသည်။

" မော်ဒယ်လ်ဝတ်ထားတဲ့ အကျီ်က တော်တော်ဟိုက်တ အဲဒါ . . . လည်ပင်းကို ဖုံးပေးလိုက်မှ ထင်တယ် "

" Layer ခွဲလိုက်လေ နိုင်လွင် . . အသားရောင်ရ ပြောင်းပစ်ကွာ . . ဒီလောက် ဟိုက်နေတာကို . . "

" ဟုတ်ကဲ့ခင်ဗျာ . . Magic Art ကပါ ဗြော် . . ကက်ဆက်ကာဗာ . . ဟုတ်ကဲ့ . . အချောသတ်တော့မယ် . . လာကြည့်လို့ရပါတယ် . . "





တချို့ကွန်ပျူတာဒီဇိုင်နာများသည် ပန်းချီသဘောကို မသိကြ။ ထိုအခါ သူတို့လှမည်ထင်တာကို Customer (နားလည်သူဖြစ်နေလျှင်) က မကြိုက်။ ပြဿနာအနဲအကျဉ်း တက်ရတတ်သည်။

" ဒီဇိုင်နာဆိုတာ . . ပန်းချီမသိရင်လုပ်မစားနဲ့တော့ အရောင်နဲ့ လုပ်စားတာ . . ရှင်အရောင်မှနားမလည်ဘူးလား. . ကျွန်မဝတ္ထုက သခ်ီရသဘောတရား . မမြဲတဲ့ အနိစ္စ ဒုက္ခ အနတ္တ တွေရေးထားတာ၊ ဒိုင်ယာလက်တစ်နည်းတွေ Determinism, Nilhinism တွေမွှေထားတာရှင့် . . ရှင့်မျက်နှာဖုံးက နှုတ်ခမ်းနီနဲ့ မင်းသမီးပုံ . . . ဒီကြားထဲအသဲပုံကပါလိုက်သေး. . ရှင်တို့ ဒီဇိုင်နာတွေ ပိုက်ဆံရပြီးရော တာဝန်ကျေပြီးရော ကာဗာ မလုပ်ပါနဲ့ ရှင်တို့ လုပ်သလောက် ကျွန်မလည်းလုပ်တတ်တယ်. "

" ဟုတ်ကဲ့. . ဟုတ်ကဲ့ ကျွန်တော်တို့ ဒိုင်ယာနာ လက်သစ်ပါ ထည့်ဆွဲပါမယ်. . အဲဒါ အဲဒီလက်သစ်မှာ လက်သည်းကို ဘာအရောင်ဆိုးပေးရမလဲခင်ဗျာ "

" ဒိုင်ယာနာလက်တစ်ဆိုတာ အစွန်းနှစ်ဖက်မရောက်တဲ့ အလယ်အလတ်လမ်းစဉ်ကို ပြောတာရှင့် . . ဒိုင်ယာနာ လက်သစ်မဟုတ်ဘူး. . . "

" ဗြော်. . မှားပြန်ပြီ . . မှားပြန်ပြီ "



www.burmeseclassic.com

www.burmeseclassic.com



" ရှင် ကျွန်မနာမည်မသိဘူးလား .. ကျွန်မက အနုပညာနဲ့ပတ်သက်ရင် လုံးဝဆက်ဆက်ထိမခံတဲ့ စာရေး ဆရာမ ရွှေမှုန်ဝတ်ဆံရှင် .. "

" ခင်ဗျာ "

" ဒကာ..ဒကာတို့မျက်နှာဖုံးက ရေကူးဝတ်စုံနဲ့ အင်္ဂလိပ်မပုံကြီးပါနေတယ် .. ဘုန်းကြီးစာအုပ်က ဝိပဿနာ စာအုပ်လေ .. အရုပ်ထုတ်ပြီးမှကြည့်ပါဆိုလို့ ဘုန်းကြီးက ဆရာ ဝင်မလုပ်တာ .. အခုကောင်းသေးလား.. "

" ဟာ .. အဲဒီလောက်မှားမယ်မထင်ဘူး.. "

" ဒါဆို ပြန်မေးကြည့်ပါဦး .. ဒကာတို့လူသစ်တွေ လက်တည့်စမ်းတာနေမယ်.. "

" ဟုတ်ကဲ့..ဟုတ်ကဲ့..တောင်းပန်ပါတယ် ဦးဇင်း ခင်ဗျာ... "

" ဒီမှာ Magic Art ကလား "

" ဟုတ်ပါတယ် ခင်ဗျာ "

" ကျွန်မ မော်လ်ဒယ် မြမြယမုံကြိုင်လှိုင်သင်းပါ "

" ခင်ဗျာ .. ဘယ်သူ..မြ...မြ.... "

" မြမြ ယမုံကြိုင်လှိုင်သင်း "

" သြော် ဟုတ်ကဲ့ တခါမှ မကြားဖူးဘူး "



" ဘယ်ကြားဖူးပါ့မလဲ .. ကျွန်မက ခုမှ စာချုပ်ချုပ်ပြီး ပြက္ခဒိန်စရိုက်တာ ရှင်တို့ Magic Art က ဘာလို့ ကျွန်မ အင်္ကျီကို အရောင်ပြောင်းပစ်လိုက်တာလဲ .. ပြီးတော့ ကျွန်မက သွားတက်နှစ်ချောင်းလုံးပေါ်အောင် ဓာတ်ပုံထဲမှာ ပြုံးထားတာ အခု အရုပ်ထုတ်တော့ သွားမပေါ်ဘဲ ပြုံးနေတယ်..အဲဒါ.. ရှင်းပြပါဦး "

" ဟုတ်ကဲ့ခင်ဗျာ.. အဲ..ဒါက ဒီလိုရှိပါတယ် .. အင်္ကျီကိုအရောင်ပြောင်းပစ်မှ ခင်ဗျားဗိုက်ခေါက် အရစ်လိုက် ပျောက်သွားမှာမို့ပါ ..ပြီးတော့ ခင်ဗျားပဲစဉ်းစားကြည့်ဦး.. ခင်ဗျားက ဝ ရတဲ့အထဲ သွားတက်နှစ်ချောင်းပေါ်အောင် ရယ်. အဲ .. ခင်ဗျားပြောတာကတော့ ပြုံးတာပဲ ဓါတ်ပုံထဲမှာ ပြုံးတာနဲ့ မတူတော့ ရုပ်သိပ်ဆိုးနေလို့ နှုတ်ခမ်းကို အရောင်ထပ် ဖြည့်ထားတာပါ .. "

" ကျွန်မက သွားတက်နှစ်ချောင်းပိုင်ရှင် မြမြယမုံကြိုင် လှိုင်သင်းရဲ့ စွဲမက်ဖွယ်အပြုံးလို့ .. ဂျာနယ်ထဲ ပိုက်ဆံပေး ထည့်ခိုင်းထားတာရှင့် "

" ခင်ဗျားပြောတဲ့အတိုင်းသာဆို စွဲမက်ဖွယ်အပြုံးမဖြစ်ဘဲ ခင်ဗျားရုပ်ကို တွေ့သမျှ ခလေး လူကြီး ညတက်မအိပ်ဘဲ လန့် အော်တဲ့ကိန်းဆိုက်မယ် "

" ရှင်စော်ကားလှချည်လား .. ရှင့်ကို တိုင်မယ် "

" တိုင်ဗျာ "

www.burmeseclassic.com

www.burmeseclassic.com



" ကျွန်မ အဖေနဲ့တိုင်မယ် "

" တိုင် . . တိုင် "

" ကျွန်မ အဖေက နယ်နယ်ရရ မဟုတ်ဘူး အင်္ဂလိပ်ခေတ်က အိုင်စီအက်စ်ရှင့် . . ဆုံးသွားတာ ငါးနှစ်တောင်ရှိတို့ရှင်တို့ သက်သာသွားတယ်မှတ်ပါ. . "

(VCD) ဗွီစီဒီများကို တည်းဖြတ်ရသည့် အလုပ်က လည်း မလွယ်ကူ ။

အသံနှင့်ရုပ် ညီဖို့ ရုပ်လှဖို့ စာသားထည့်ဖို့ ပညာတွေက စုံ လူတွေကစုံ အမှုကိစ္စတွေကကြုံ . . . ။

ကျွန်တော်သည် Magic Art (အနုပညာမှော်) ကွန်ပျူတာသင်တန်းနှင့် Services (ဝန်ဆောင်မှု)သို့ ရောက်လာကတည်းက ကိစ္စမျိုးစုံကို ကြားနာ သိတတ်မြင်တတ်လာလေသည်။

တခါတရံ အပျင်းပြေ နိုင်ငံခြားမင်းသမီးပုံများနှင့် မြန်မာမင်းသမီးပုံများ ရောစပ်မွှေနှောက်ကာ ထွက်လာသောပုံများကို ကြည့်ရင်း ရယ်မောတတ်လာသည်။

လူမည်းမင်းသားများ၏ ခေါင်းနေရာမှာ မြန်မာမော်လ်ဒယ်မျက်နှာများကို တပ်ကာ . . ကယ်ရီဝေးချာ (ရုပ်ပြောင်)လှောက်ဆွဲပြီး အပန်းဖြေရပါသည်။





တခါတရံ . . အရက်ကြော်ငြာဝေါလ်ရှိများအတွက် ရိုက်ထားသောဓါတ်ပုံများကို ဖုံးတန်ဖုံး ဖိတန်ဖိ ပြုပြုပြင်ပြင် လှလှပပ ပြန်ဆင်ယင်ပေးရပါသည်။

" ချယ်ရီ က ကွန်ပျူတာကို အဲသလိုကိုမထင်တာ. . . "

" ဟာ . . အကုန်လုပ်လို့ရတယ် . . မောင်ဆို အခု ကွန်ပျူတာမရှိရင်တောင် နေတတ်ပါတော့မလားမသိဘူး. . "

" မောင့်ကြည့်ရတာ ပျော်နေသလိုပဲ "

" အင်း. . လူတွေကပြောတယ် အထာမသိသေးလို့တဲ့"

" ဘာကို ပြောချင်တာလဲမောင် "

www.burmeseclassic.com

www.burmeseclassic.com



" ပြောဲ့ ဆရာဝန်တစ်ယောက်ဘဝဆိုတာ ဂျူတီကုတ်နဲ့ နားကြပ်ပဲရှိတာမှ မဟုတ်တာ .. ဆေးထိုးဆေးသွင်း ဆေးကု အထက်အရာရှိအဆင့်ဆင့် လုပ်ငန်းခွင်နဲ့ လုပ်ရတာ. . ကြာရင် စိတ်ပျက်လာတာပဲ .. ခဏတော့ ပျော်တာပေါ့ .. ဆန်းတာကိုး . . စိတ်တပါနေတုန်းကိုး . . မောင်တို့ကွန်ပျူတာ ဂရပ်ဖစ်ဒီဇိုင်နာလည်း ဒီလိုပဲ လုပ်စမှာ မတတ်တာတွေများ တော့သင်ချင်တယ် .. သင်ရတာကိုပျော်တယ် .. အဲ .. ကြာ လာရင် Stress တွေ များလာရော ရန်ဖြစ်ရတာ စကား များရတာ Customer နဲ့ရော ဖြိုင်ဘက်နဲ့ရော အဲဒီလိုမျိုးတွေ ဝင်လာရင် .. ပျော်စရာရှိမှာ မဟုတ်တော့ဘူးပေါ့ .. ဘယ် အလုပ်ပဲဖြစ်ဖြစ် ဝါသနာအဆင့်ကနေ Professional (အသက် မွေးဝမ်းကြောင်းအဆင့်) ကိုရောက်ရင် လုပ်ကိုမလုပ်ချင်ဘဲ ထွက်ပြေးချင်စိတ်ပေါက်လာတာ ထုံးစံပဲ ချယ်ရီရဲ့ "

"ရှိုးသွားတာလားဟင် "

" အင်း. . အဲဒါလဲပါမှာပေါ့ "

" အဲ ဒါဆိုဗုက္ခပဲ "

"ဘာဖြစ်လို့လဲ "

" မောင်လည်း ချယ်ရီ့ကို ရှိုးသွားမှာပေါ့ "

" ဟာ ဘာမှမဆိုင်တာပြောပြန်ပြီ "





" မောင်ကလည်း .. ချယ်ရီက ဖြစ်နိုင်တာကို ပြောတာ"

" မဟုတ်တာ .. ညည်းသာ ကျူပ်ကိုပစ်ပြီး အောင်ဝေ နဲ့ လူ "

" မောင် နော် "

ကျွန်တော်ပါးစပ်ကို ချယ်ရီက သူလက်နှင့်လှမ်းပိတ်သည်။

" ဆောရီး ချယ်ရီ စောစောကမှ အိမ်သာတထွက်လာ တာ .. လက်မဆေးရသေးဘူး. . မောင်ရဲ့ . . မောင်စောင့် နေမယ် ကြာမယ်ဆိုပြီး အလျှင်လိုထွက်လာတာ .. "

" ဒါကြောင့် ချယ်ရီ့လက်ဝါး ငပိစော်နံနေတာ "

" တကယ်လားဟင် ချယ်ရီနမ်းကြည့်လိုက်ဦးမယ် "

သူ့ လက်သူပြန်နမ်းကြည့်ကာ

" ဟုတ်ပါဘူး မောင်ကလဲ . . မနံပါဘူး ရော့မောင်လဲ ဆိုရင်နမ်းကြည့် " ဟု ကျွန်တော်နှာခေါင်းနား လက်ထိုးပေး သည်။ ချယ်ရီ့မျက်နှာက ထိုအချိန်တွင် မာယာမရှိဘဲ ဖြူစင် နေပါသည်။

" လက်မနမ်းချင်ပါဘူး "

" မောင်နော် "



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ချယ်ရီ့ လက်ဖမိုးကလေးကိုသာ ကျွန်တော် နမ်းပါသည်။ ချစ်သူက အလိုလိုက်မည့်မှန်းသိသော်လည်း ကျွန်တော်အခွင့်အရေးမယူတတ်ခဲ့ပါ။ ချယ်ရီဆီက အသက်ကို ခပ်ပြင်းပြင်းရှူသံကြားရသောအခါ ကျွန်တော်က ပို၍ပင် ချယ်ရီနှင့် ခပ်ခွာခွာ ထိုင်ခဲ့သည်။

" မောင့်ကို ဘာလို့ ဒီလောက်ချစ်မှန်း စဉ်းစားလို့ကို မရပါဘူး "

ကျွန်တော်ရဲ့ပုခုံးစွန်းကို ချယ်ရီက သူ့ခေါင်းဖြင့်လှမ်းမှီ ပါသည်။

ကျွန်တော်ကမူ ချယ်ရီ့ ဆံပင်လေးများကို ဖွဖွကိုင်ပြီး . . ရည်းစား နှစ်ဦး၏ အချစ်သည် နမ်းခြင်းကြောင့် တစုံတရာ ညစ်နွမ်းသွားမလားဟု တွေးပူနေခဲ့သည်။

× × × × × × × × × × × × ×





၆

"The brain head should not be predominated by dainty heart"

" ဦးနှောက်နှင့်နှလုံးသား အားပြိုင်လာသောအခါ နူနယ် ခံစားမှုလွယ်သော နှလုံးသားက ဆင်ခြင်တိုင်းထွာတတ်သော ဦးနှောက်ကို မလွှမ်းမိုးစေနှင့် . . "

ဆိုသော စကားတစ်ခွန်းကို ကျွန်တော်ဖတ်ဖူးခဲ့ပါသည်။

သို့သော် နှလုံးသားသည် အစဉ်သဖြင့် မိုက်မဲပါသည်။

ထိုမိုက်မဲမှုကဝင် အချစ်ဖြစ်လာသည် မဟုတ်ပါလား။

ဗုဒ္ဓတရားတော်အရ မိုက်မဲခြင်းသည် မောဟ ကိစ္စဖြစ် ပါသည်။

မောဟသည် အမှန်ကို မသိမြင်နိုင်ခြင်းဟု အနက်ရပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် တချိန်တုန်းက ငယ်ရွယ်ခဲ့ကြ၏။

အမှားကို အမှန်ထင်ခဲ့ကြ၏။

လရောင်ကိုမျက်ဝန်းဖြင့် ထည့်ယူကာ အချစ်ဖြင့်ပွဲတေ
တည်သည်ဟူသော(ရောင်းကောင်းအောင်ရေးထားသော)ဝ
ကာတွန်းထဲမှ စကားများကိုနားထောင်ခဲ့ကြသည်။

နာမည်လေးလုံးပါသော ကဗျာဆရာ၊ စာရေးဆရာတ
ယောက်၏အိပ်မက်ခါး၊ အိပ်မက်နီ၊ အိပ်မက်ပြာ စသောစက
လုံးတွေအားလုံး ကျော်ပိုးအိတ်ထဲထည့်၍ ကျွန်တော်နဲ့ချယ်ရီ သ
ဆယ့်ခုနှစ်နှစ်ဟူသော မွေးနေ့အခန်းထဲတွင်
တသက်တာထာဝရအိပ်မက်ကို မက်ခွင့်ရဖို့မျှော်လင့်ခဲ့ဖူးပါသည

ရာဇဝင်ထဲမှာ မောင့်ကိုထားရစ်ခဲ့. . ဒါမှမဟုတ် ဇ
ထဲမှာ မောင့်ကိုထားရစ်ခဲ့ဟု ချယ်ရီ့ကို ကျွန်တော်မတောင်းဆို

ချယ်ရီသည် လမ်းထပ်လက်ဖက်ရည်ဆိုင်တွင် မကြာခ
ကျွန်တော့်ကို စိတ်ကောက်ထားခဲ့တတ်ပါသည်။

ယောက်ျားများသည် ခါတ်တိုင်များနှင့်တူ၍ မိန်းမ
သည်ပင်လယ်များနှင့်တူသလားဟု ကျွန်တော်နှင့်ချယ်ရီ မ
နွေးခဲ့ကြပါ။

သို့သော် ယောက်ျားဆိုသည်မှာ ပုဆိုးဝတ်ရပြီး မိန်
ဆိုသည်မှာ အတွင်းခံအင်္ကျီနှင့် ထမီဝတ်သင့်တာကို ကျွန်





သိခဲ့ကြပါသည်။ ကျွန်တော်က ပုဆိုးဝတ်ပြီး ချယ်ရီကထမီ
တ်ပါသည်။

ဟယ်ရီပေါ်တာရဲ့ ဘာသာပြန်တွေ အုံလိုက် ကျင်းလိုက်
တ်ပြီး ကျွန်တော်က ဘယ်သူဖတ်ရမှန်းမသိချိန်တွင် ချယ်ရီ
တော့. . . . .

ဟယ်ရီပေါ်တာရုပ်ရှင်ကားကို စီဒီအဖြစ်ကြည့်ပြီး
န်တော့်ကို ပြန်ပြောဖို့ စဉ်းစားနေပေပြီ။

ကျွန်တော်က စည်သူလွင်အသံကိုကြိုက်၍ . . .

ဆောင်ဦးလှိုင်သီးချင်းများကို ခံစားရသည်။

သို့သော် ချယ်ရီကတော့ . . . ကက်ပ်ဦးထုပ် နောက်ပြန်
ာင်းသော စိုင်းစိုင်းခမ်းလှိုင်ကို သဘောကျသည်။

" အခုဆို မျက်မှန်လေးနဲ့ အရမ်းကိုသန့်လာတာ "

ဟူ၍ပြောပြီး . .

" မောင်နဲ့များတခြားစီ "

ဟု ကျွန်တော်ကို ကဲ့ရဲ့လိုက်သေးသည်။

ကျွန်တော်က ASIDC ၏ သီချင်းများကို . . ဘယ်သူ
ကော်ပီ ကူးထားတာဟု ပြောပြလျှင် ချယ်ရီက . . .



www.burmeseclassic.com

www.burmeseclassic.com



"ကော်ပီက ပိုနားထောင်လို့ကောင်းတယ်သိလား . . မော
သီချင်းဆိုတတ်ရင်ကောင်းမယ် . . မြန်မြန် ချမ်းသာ တာတွေ
ဟု ခပ်ညည်းညည်းဆိုတတ်လေသည်။

ကျွန်တော်က မော်ဒယ်လ်များထဲတွင် ရတနာ
မေထွဋ်ခေါင် နှင့် သန္တာလှိုင် ကို သဘောကျကာ စိတ်ကူးမြ
သူတို့ သုံးယောက်ကို ဒါရိုက်တာလုပ်ကာ ရုပ်ရှင်ရိုက်ပစ်ချင်ကြောင်
ပြောလျှင် . . . .

ချယ်ရီသည် . . . ကျွန်တော့်ကို မကြားဟန်ပြုကာ . .
Fresh up ကြော်ငြာထဲက ထွန်းထွန်းက ချစ်စရာလေး
ချောလိုက်တာ . . . ချောလိုက်တာ ဟိတ်ဟန်မရှိဘူး . . အီမီ
နဲ့ aron carter လိုပဲ . . သူတို့နဲ့ ဗီစီဒီတစ်ပုဒ်လောက် သ
ဆောင်ရရင် သေပျော်ပြီ " ဟုဆိုပြန်လေသည်။

ကျွန်တော်က ဆန်းလွင်၏ ရွှေတောင်တက် ဒသာ
ဖတ်ပြီး ဧဝရက်တောင်အရင်တက်ရင်ကောင်းမလား . . နီ
နားနား ပုပ္ပါးတောင်ပဲတက်ရကောင်းမလား စဉ်းစားမိလျှင် . .

ချယ်ရီက

" ဘယ်တောင်မှ တက်မနေနဲ့ . . မောင့်အကျီကော်လ
ဂျေးတွေကျွတ်အောင် အရင်ဆုံးဖူဂျီတောင်နဲ့လျှော် . . အဲ
ဆပ်ပြာနဲ့လျှော် . ." ဟု ခပ်ရွှဲရွှဲပြောတတ်သည်။





"မောင်က မော်ဒယ်လ်ပုံတွေချည်းမြင်နေရတာ . . အခု
ခေတ်က မော်ဒယ်လ်တွေထက် အပြင်က ကောင်မလေးတွေက
ချစ်စရာကောင်းတာ လက်တွေ့ပြတာလေ "

ဆံပင်တစ်ဝက်ကိုကောက်၊ တစ်ဝက်ကိုဖြောင့်ရင်ကောင်း
လားဟု တိုင်ပင်တုန်းက ကျွန်တော့်မှာ အူတက်အောင်ရယ်ရ
သည်။

" ဟုတ်တယ်မောင်ရဲ့ . . အဖြောင့်ခေတ်ကုန်သွားပြီ
ကောက်ခေတ်ရောက်ပြီ The Bachlor ထဲက ရီးနီးဇဝက်ဂါလို
ကောက်ရင်ကောင်းမလား . . Caleyopatra ထဲကလို ကောက်
ရင်ကောင်းမလား . ."

" ရှပီဂိုးဘတ်လိုသာကောက် ပြီးရင် မင်းကို ရှောက်သီး
ဆားပြားကြော်ငြာခိုင်းမယ်"

" ဟင် တကယ်လား . . ဘယ်သူနဲ့တွဲရမှာလဲ ဟင် . .
စိုင်းစိုင်း နဲ့လား . . ဒါဆိုရင် ရိုက်မယ် "

"စိုင်းစိုင်း နဲ့တော့မဟုတ်ဘူး . . . မမ်မီကားထဲက
ဆ်မီလုပ်တဲ့ မင်းသားနဲ့ . . . . အရိုးခေါင်းရုပ်နဲ့ဆို
အဆင်ပြေမယ်ထင်တယ်"

"မောင်ဟာလေ . . . အသဲနှလုံးကို မရှိဘူး"

" ပြောရက်တယ် . . ချယ်ရီ . . "



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်တယ်.. ချယ်ရီ ကိုရှေ့မှာထားပြီး ရတနာ
လှကြောင်း မေထွန်းခေါင် ချောကြောင်း စုံနေတာပဲ.."

" မင်းကရော.. တစိုင်း ထဲစိုင်းနေတာ.. နောက်
ဦးစိုင်းပုလင်း ယူပြီး လိမ်းပေးမယ်.."

" မောင့်ကို အားလုံးထက် ပိုချစ်တာ သိသားနဲ့ မောင်ရ

" ကဗျာတွေ ကူးမလာခဲ့ဘူးလား.."

" ဘောလ်ပင် မှင်ကုန်သွားလို့.. ဘာလဲ.
မောင်ကဖတ်ချင့်လို့လား.. ခုတော့ မောင်လဲ အနုပညာ
ခံစားတတ်ပြီပေါ့လေ.."

" ကြုံကြုံဖန်ဖန်.. စာရွက်တွေများလာရ
သိမ်းရခက်မှာစိုးလို့.. အခုတောင် ဖျာအောက် ထည့်ထားရ
အငယ်ကောင်က များလာရင် ပဲလှော်နဲ့ လဲစားမယ် ပြောနေတယ်

" အသဲနှလုံး မရှိဘူးပြောတော့ မောင်နာတယ်..
သူများက တကူးတက ကူးပေးရတာ သိလား...

" အလကားစတာပါ.. ကူးပေးလေ မောင်က ညအိပ်
နီးရင် ချယ်ရီ ကဗျာတွေဖတ်ပြီး အိပ်တာ.. အိပ်ဆေး မလိုဘူးဗျ

ချယ်ရီ က သူ့အိမ်ကို အယုံသွင်းကာ အပတ်တိုင်း မွေး
ကိုလာကိုလာကာ ရည်းစားဖြစ်သူ ကျွန်တော်နှင့် ချိန်းတွေ့သည်
တစ်ခါတစ်ရံ နာရီဝက်ခန့် ကြာသည်။ အောင်ဝေ ကလည်



ပတ်တိုင်းလိုက်မစောင့်နိုင်၍ အဆင်ပြေနေသည်။

" မောင်တို့သားသမီးတွေ ကျရင်တော့... ရပ်ကွက် မမွှာရဲ့
ရိုက်ရွှတ်ပွဲဆို ပေးမသွားဘူး.."

" ဘာဖြစ်လို့လဲ မောင်ရဲ့.."

" မောင်တို့လို ရည်းစားနဲ့ ချိန်းတွေ့နေမှာ စိုးလို့ပေါ့"

ချယ်ရီ က တခစ်ခစ် နဲ့ရယ်လေသည်။

" ချယ်ရီ.."

" ဟင်"

" တက္ကသိုလ် တူတူတတ်ရအောင်နော်"

" ချယ်ရီ က ကျမှာမောင်ရဲ့"

" ဘာဖြစ်လို့လဲ.. ဖြေနိုင်တယ်မဟုတ်လား"

" ဘယ်ကလာ.. ချယ်ရီ ဘာစာမှမကျက်ဘူး ဥစ္စာ..
မောင်ပဲတက်ပါဟာ... ချယ်ရီ ကစာလည်း မသင်ချင်ပါဘူး..
တကျက်ရမှာကို မုန်းတာ..."

" ညည်းမတက်ရင် လူရာဘယ်ဝင်မလဲ"

" မောင်ကလဲ ကာလီဒါသ လေသံနဲ့ သင်နေပြန်ပြီ"

" ဟုတ်တယ်လေ.. ညည်းဘွဲ့မရရင် ကလေးတွေမေးတဲ့
ခါ ဘယ်လိုဖြေမတုန်း"

www.burmeseclassic.com

www.burmeseclassic.com



" မောင်ရရင် ပြီးတာပဲ. . မောင့်ကို ကျောင်းဆက်ထား
ချယ်ရီ က ကျောင်းဆက်မတက်တော့ဘူးလို့ ဖြေမှာပေါ့မောင်ရဲ့

" ပေါက်ကရတော့ ဉာဏ်တော်တော် ရွှင်တယ်. . "

" မောင် အစက မသိဘူးလား. . "

"သိသားပဲ၊ ဟာသပြောတဲ့အလုပ်က လွယ်တာမဟုတ်ဘူး
ချယ်ရီက မိန်းခလေးဖြစ်ပြီး တော်တော်ရယ်စရာလုပ်တတ်တာ
. . မောင်က ပိုတောင်ချစ်သေးတယ် . . "

" မောင် "

" ပြော "

" နောက်ရည်းစားထပ်မထားရဘူးနော် "

" အင်း "

" ပြောတာပဲ . . မြို့ထဲမှာ . . ချယ်ရီက သိနိုင်တာ
မဟုတ်ဘူး "

" ဟာ . . ရစ်ပြန်ပြီကွာ "

" တွေ့လား . . အခုကတည်းက သိတယ် . . သိတယ်. .
ဒါနှစ်လခံပဲ . . နှစ်လပြည့်ရင် နောက်တစ်ယောက်ပြောင်းမှာ

ကျွန်တော့်မှာ ချယ်ရီ့ကို ပွေ့ဖက်ချော့မြူရင်း ကျွန်တော်
တို့ထိုင်နေရာ နောက်ဘက်ရှိ ကလီကလာအသံများကြောင့်



လှည့်ကြည့်လိုက်တော့ ပုရွက်ဆိတ်နှင့် ကျောက်ဘီလူး ။

" မင်းတို့ ဘာလုပ်နေတာလဲ "

" ချောင်းတာ . . အဲ . . မဟုတ်ဘူး မြောင်းထဲကို ပစ္စည်း
တစ်ခုပြုတ်ကျသွားလို့ ကြည့်နေတာ . . "

" ဘာပြုတ်ကျသွားလို့လဲ "

" အချိန်ငါးဆယ်သားလောက်ရှိတဲ့ ရွှေတုံးတစ်တုံးနဲ့
အချိန်အစိတ်သားလောက်ရှိတဲ့ . . ရွှံ့တုံးတစ်တုံး "

ချယ်ရီက အဲဒီတော့မှ ပုရွက်ဆိတ်တို့ချောင်းနေမှန်း သိကာ
စိတ်ဆိုးပြီး ဆောင့်ဆောင့်နှင့်ထွက်သွားလေသည်။

" မင်းတို့ကလည်း ဘာချောင်းစရာလိုလဲ . . ချယ်ရီက
အားနာစရာ. . "

" အေးပါ ထားပါတော့ . . မိကျောင်းမသားကလဲ "

" ဟေ့ကောင် ပုရွက်ဆိတ် မင်း ငါ့အဖေကို လူမှန်း
မြင်ရက်သားနဲ့ မိကျောင်းမသားလို့ မပြောနဲ့ "

" အေး . . အေး . . ထားတော့ ဒါနဲ့ မင်းတို့ ပြောနေ
တာလေ . . ဟို . . နှစ်လခံဆိုတာ . . မင်းနဲ့ချယ်ရီ အဲဒီ
အဆင့်ထိရောက်နေပြီလား . . ဒီနှစ်လခံဆိုတော့ နှစ်လပဲခံမဲ့
သဘောပေါ့ . . "

www.burmeseclassic.com

www.burmeseclassic.com



" မင်းဘာတွေပြောနေတာလဲ .. ဘယ်သူက နှစ်လပဲ ခံမှာလဲ "

ကျွန်တော်အစ်မများမှာ အိမ်ထောင်မရှိသူအပျိုများ ဖြစ်၍ ကျွန်တော်သည် အိမ်ထောင်ရှိအစ်မများရှိသော ပုရွက်ဆိတ်နှင့်ကျောက်ဘီလူးတို့ စကားကို ရိုးသားစွာပင် နားမလည်ခဲ့။

" ချယ်ရီလေကွာ "

" ချယ်ရီက ဘာရောဂါဖြစ်လို့လဲ .. နှစ်လပဲခံ တော့အောင် ဘယ်လောက်ဆိုးရွားလို့လဲ.. "

"လောကမှာ ရူးချင်ယောင်ဆောင်တဲ့လူက အဆိုးဆုံး ပဲကွ"

ပုရွက်ဆိတ်က ဒေါသနတစ်ခုရွတ်ပြသည်။ ကျွန်တော် မသိ။ ကျောက်ဘီလူးက ...

" မင်းတို့ ဒါကြောင့် အမြန်ခိုးပြေးဖို့ ကြံစည်တာကိုး " ထိုသို့ပြောမှ ကျွန်တော်သဘောပေါက်သည်။

" မင်းတို့ ထင်တာမှားနေပြီ.. ချယ်ရီပြောတဲ့ နှစ်လခံ ဆိုတာ ငါ့ကို ပြောတာ "

" ဒါဆို မင်းက နှစ်လခံသုံးတယ်ပေါ့ "



" ယောက်ျားသိက္ခာကျတယ် ခိုင်လွင် ဒါကြောင့် ညည်း ဝလာတာကိုး .. ကျုပ်တို့က ရိုးတယ်ထင်နေတာ .. လက်စသတ်တော့ ညည်းက ရိုးတယ်ရိုးတယ်နဲ့ ခုတော့ အကောင် အထည်ပေါ်ပြီ "

" ဟာ .. ဘာတွေပြောနေတာလဲ .. ဒီမှာ နားထောင် .. ချယ်ရီပြောတဲ့ နှစ်လခံဆိုတာ ငါက သူ့ကို သစ္စာမရှိဘဲ နှစ်လ နဲ့နောက်တစ်ယောက် ပြောင်းထားမှာကို ပြောတာ .. မင်းတို့ စာတွေးတွေးကြ .. နှာတွေးမတွေးနဲ့ .. ဆန္ဒကို သိက္ခာနဲ့ ထိန်းကြ... "

ကျွန်တော့်ကို နှစ်ကောင်သား ကလိဝိုင်းထိုးကြလေသည်။

" ဟေ့ကောင်တွေ .. ဟဲ ... ဟဲ... ဟီ... ဟဲ.. ဟီ .... ဟဲ... ဟဲ.... ဟဲ"

ကျွန်တော်က သမိန်ရေပါသွပ်လေသံနှင့်ရယ်သောအခါ သူတို့လည်း လိုက်ရယ်ကြလေသည်။

× × × × × × × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီ့ကို တခါတရံ အိပ်မက်များထဲ၌ ကျွန်တော်တွေ့ရပါသည်။ အိပ်မက်ထဲတွင် ချယ်ရီသည် အဖြူရောင်ပါးပါးလွှာလွှာ ဝတ်စုံကလေးနှင့် ရေကူးကန်ထဲမှာ နှစ်ဆီပန်းတွေကြဲဖြန့်လျက် တခစ်ခစ်ရယ်မောနေတတ်သည်။

ကျွန်တော်က ချယ်ရီ့ကို ဆပ်ပြာကြော်ငြာ သို့မဟုတ် အမျိုးသမီးအောက်ခံသုံးပစ္စည်း ကြော်ငြာနေသည်ဟုပင် အောက်မေ့မိပါသည်။ အဘယ်ကြောင့်ဆိုသော် ဆပ်ပြာနှင့် လစဉ်သုံးပစ္စည်းကြော်ငြာများတွင် မော်ဒယ်လ်များသည် ရေကူးကန် ထဲ အမြဲဆင်းကြသောကြောင့်ဖြစ်သည်။

ကျွန်တော်က ရေကူးကန် ဘောင်ပေါ်ကနေ ...





" ချယ်ရီ့ . အပေါ်တက်ခဲ့ တုပ်ကွေးမိမယ် . . Inza တစ်လုံးကြိုသောက်ထား . . တော်ကြာ တရားခံဘယ်သူလဲဆိုတော့ . . ဆေးမတိုက်မိတဲ့ မောင်ဖြစ်နေဦးမယ် . . "

ဟုအော်လေသည်။

ချယ်ရီကမူ နှစ်ဆီပွင့်လွှာများကို လက်ခုပ်ဖြင့် မယူတာ ကျွန်တော့်ဆီပစ်ပေါက်လေသည်။

" ရော့ . . ရော့ . . ကြိုက်သလောက်သာယူပေတော့ . . "

နှင်းဆီပွင့်ဖတ်များက ကျွန်တော့်ဆီရောက်သောအခါ ဝါယာကြိုးများဖြစ်သွားပြီး ကျွန်တော်ပါတ်လိုက်လေသည်။

" ကေ ဝါယာကြိုးကို သုံးမှ စိတ်ချရမယ် "

" မောင် . . . သေတော့မယ် . . ဆံပင်တွေတောင် ကျွမ်းနေပြီ ချယ်ရီရဲ့ . . "

ကျွန်တော်က တွန့်လိမ်ကောက်ကွေးလျက် ကြောက်လန့်တကြားအော်သည်။

" ဆံပင်တွေကျွမ်းနေလို့ပဲဖြစ်ဖြစ်၊ ကောက်နေလို့ပဲဖြစ် ဖြစ်၊ ဖြောင့်နေလို့ပဲဖြစ်ဖြစ် ဗောက်တွေထလို့ပဲဖြစ်ဖြစ် အားလုံး အတွက် မေလင်းရှိတယ် "

ချယ်ရီဘေးနားသို့ ရွှတ်ဘာရက်လီဟန်နီရောက်လာပေသည်။



www.burmeseclassic.com

www.burmeseclassic.com



" ခရမ်းချဉ်သီးပင်လေးကို ဂုရုစိုက်နော် ခိုင်လွင် .. ဟန်နီက ခရမ်းချဉ်သီးလို အပြင်က စိမ်းပေမဲ့ အတွင်းက အမြဲနီတာကိုပဲ လိုချင်တယ် "

လီဟန်နီထိုသို့ ပြောနေစဉ်အွန်စောက ပေါ်လာပြန် သည်။

အွန်စောက ဘောလုံးတစ်လုံး လက်ထဲမှာကိုင်ထားပြီး ကျွန်တော့်ကိုပစ်ပေးသည်။

ကျွန်တော်က အွန်စောပစ်ပေးသော ဘောလုံးကို ယူထားလိုက်သည်။

"အချစ်ဆိုတာ .. ဘောလုံးလိုပဲ .. ဘယ်ထောင့်က အရှိန်ပြင်းပြင်းနဲ့ ရောက်လာမယ်မှန်းမသိဘူး .. အခု ခိုင်လွင်ဆီ ကျွန်မဘောလုံးပစ်ပေးလိုက်ပြီနော် ပြီးရင်အချစ်ရောက်လာလိမ့်မယ် .. အဲဒီအခါကျရင် ခိုင်လွင် ဘယ်လိုဖမ်းမလဲ "

အွန်စောက အားလုံးထဲတွင်အလှဆုံး ဖြစ်နေရာ ကျွန်တော့်မှာ ဝမ်းသာလုံးဆို့ပြီး လည်ချောင်းထဲတွင် နင်နေလေသည်။

ချယ်ရီကို ဦးနှောက်ထဲမှာတောင်မရှိတော့။

ရုတ်တရက် ... အွန်စောရှေ့တွင် ဦးထုပ်လေး ဆောင်းထားသော ဂါဝန်အဖြူနှင့် ဟိုယွန်းမီက ပေါ်လာပြန်သည်။





" ကျွန်မနဲ့အတူ ကြမ်းကိုးချောင်းပဲရှိတဲ့အိမ်မှာ တစ်သက်တာလုံး နေနိုင်မလား ဟင် ခိုင်လွင် .. ကျွန်မက ရုပ်ရှင်ထဲမှာ အနစ်နာခံရ ဗီလိန်လုပ်ရတာတွေ များနေပြီ .. အပြင်မှာတော့ ခိုင်လွင့်ကို တစ်ယောက်ထဲပဲ ပိုင်ချယ်တယ် ... ဟင် "

ကျွန်တော်ဘာပြောရမှန်းမသိတော့ ။

ဟိုယွန်မီက အစွမ်းကုန်ပီပြင်သော သရုပ်ဆောင်မှုလား (အစစ်လား အတုလားမသိ) မသိသော မျက်ဝန်းများဖြင့် ကျွန်တော့်ကို ဖမ်းစားလေသည်။

" ဂါ့အိုင်နီ ခိုင်လွင် .. ဝါဟန့်ထာ "

မြတ်စွာဘုရား ဟု ကျွန်တော်တလိုက်မိသည်။

လာပြန်ပြီတစ်ယောက်၊ မျက်ရည်မိုးထဲကမင်းသမီး ရှောင်ဆွယ်။ ရှောင်ဆွယ်က ငါ နင့်ကိုချစ်တယ် ခိုင်လွင် သူ့ကိုမုန်းတယ်ဟု ဟိုယွမ်မီကို လက်ညှိုးထိုးပြန်သည်။

မဟုတ်ဘူး .. ဒီလောက်များလာရင်တော့ ကျွန်တော်မိန်းမရွေးရလိမ့်မယ် .. The Bachelor ကားထဲကလိုပေါ့ .. ကျွန်တော်စည်းမျဉ်းတွေက သိပ်မတင်းကျပ်ပါဘူး .. အနဲဆုံး ဆယ်တန်းအောင်ရမယ် "

ချယ်ရီမှ တစ်ပါး အားလုံးအောင်ပြီးပြီ တက္ကသိုလ်သွားရ ဦးပြီဟုဖြေကြသည်။ ချယ်ရီက မိမိလည်းအောင်မှာပါဟု သေချာ



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ပြောသည်။

" အသားဖြူရမယ် "

အကုန်လုံးဖြူသူတွေဖြစ်သည်။

" မျက်နှာမှာ အနာရွတ်မရှိရဘူး "

ဟိုယွမ်မီရဲ့ ညာဘက်မျက်လုံးအောက်ပါးပြင်ပေါ်တွင် တစ်စင်တီမီတာခန့်ရှိသော အနာရွတ်ကလေးရှိသည်။

ဟိုယွမ်မီက ကျွန်တော့်ရဲ့ထိုစည်းကမ်းကြောင့် အလိုလို နုတ်ပယ်ပြီးသား ဖြစ်သွားလေသည်။

" ခါးမတုတ်ရဘူး "

ဒီတခါမျက်နှာပျက်သူမှာ အွန်စောဖြစ်သည်။

အွန်စောက ဝ သည်။

" ကျွန်မ ဒီဘဝမှာ ခိုင်လွင်နဲ့ဝေးရပြီထင်ပါရဲ့ . . . ဒါကြောင့် တိုကိုလက်ဖွေ့သမားနဲ့ပဲ လက်ထပ်တော့မယ် . . " ဟု ငိုရှာပါသည်။

"မြန်မာဟင်းချက်တတ်ရမယ် "

ရှောင်ဆွယ်က " ကျွန်မ တရုတ်မ- တရုတ်ဟင်းပဲချက် တတ်တယ် ခိုင်လွင် ကျွန်မမျက်ရည်တွေ မိုးလိုရွာရပြန်ပြီရှင်"





နောက်ဆုံးကျန်သူက ချယ်ရီနှင့်လီဟန်နီ ။

" သရဲကားမရိုက်ရဘူး "

လီဟန်နီမျက်နှာပျက်သွားသည်။

သူက သရဲကားများတွင် ပီပီပြင်ပြင်သရုပ်ဆောင်သူမို့လား။

" ခိုင်လွင်ရယ် . . အဲဒါ စီးပွားရေးလေ . . ခိုင်လွင် ...ိုချင်တဲ့ကွန်ပျူတာ ဝယ်ပေးမလို့ ဟန်နီက သရဲကားရိုက်ရတာ ...တွယ် . . . "

" ကျွန်တော် သရဲကားမကြည့်ချင်ဘူး ဟန်နီ "

" ဘာလို့လဲ "

" ဟန်နီရိုက်ရင် တစ်ကမ္ဘာလုံး ကြည့်ဖို့အတွက်လေ.. ...န်တော်က. . . ကျွန်တော့်ကစ်ယောက်ထဲ အတွက်ပဲ ...ဆ်စေချင်တာ "

" ဒါဆိုရင် ခိုင်လွင်က ဘယ်လောက်ပေးမှာလဲ "

" ဟင် "

" ဟုတ်တယ်လေ . . စီးပွားရေးက စီးပွားရေးပဲ . . . "

" ဒါကြောင့် နင်လူကြီးမီးယားဖြစ်ပြီး ဆူဘင်နဲ့ မပေါင်း ...ဲ ေ ၊တာ အပြင်မှာလဲ တကယ်ဖြစ်မယ် "



www.burmeseclassic.com

www.burmeseclassic.com



" ဟင် . . ကျွန်မကို ကျိန်တယ်ပေါ့ . . ဒီမှာ လူကီးမီးယား ဟာ ကျွန်မဖြစ်ချင်တိုင်းဖြစ်လို့ရတာမဟုတ်ဘူး . . ရှပ်ရှင် ရိုက်လို့သာဖြစ်ရတာ . . တော်ပြီ ရှင့်ကို မေ့ပစ်လိုက်တော့မယ် ခရမ်းချဉ်သီးနဲ့မတူတဲ့လူ . . ဒူးရင်းသီးလိုအပြင်က ဆူးနဲ့ပြီး အထဲက အဆီမပါတဲ့လူ . . . အာလူး . . "

" ဟော့ . . ဟော့ အာလူးက Potato နော် Tomato မဟုတ်ဘူး "

နောက်ဆုံးကျန်သူက ချယ်ရီ ။

" ကဲ . . ဒီတစ်ယောက်သွားရင် မကျန်တော့ဘူး . . ဒါကြောင့် ချယ်ရီ့ကို ရည်းစားဆိုတဲ့မျက်နှာနဲ့ . . ကန့်ကွက်မဲ မရှိ ရွေးတယ် "

" ဩော်တစ်ယောက်ထဲကျန်တော့မှ . . နင့်ကိုငါရတာ ငါမိန်းမမာနထိခိုက်တယ် . . ဒီမှာ မိန်းမဆိုတာ ယောကျ်ား ခေါင်းခေါက်ရွေးတာခံတဲ့အစားမဟုတ်ဘူး . . ကိုယ်ကသာ ယောကျ်ားကို ဇာတ်ခဲနဲ့ထုမှာ သိရဲ့လား "

" ဗုဒ္ဓေါ "

" လာခဲ့ . . . နွေမိုးဆောင်း သုံးရာသီလုံး ဖီးလ် (Feel) ဖြစ်နေအောင် ဇာတ်ခဲနဲ့ အားကုန်ထုပြမယ် "

" အား "





ကျွန်တော့်အိပ်မက်ထဲ ဤသို့ ကိုရီးယား၊ တရုတ် မင်းသမီး လှကလေးများနှင့်ချယ်ရီပါလေ့ရှိပါသည်။

ဟိုရောက်ဒီရောက်ဖြင့် အိပ်မက်မှာ ရယ်စရာကောင်းလှ သည်။ အိပ်မက်ဆိုသည်မှာ စိတ်ကိုစွဲ၍လည်း မက်သည်။

နတ်တို့ချစ်ခင်၍လည်းမက်သည်။

သွေးလေ ချောက်ချား၍လည်းမက်သည်။

ကျွန်တော်က အိပ်မက်မက်တိုင်း ချယ်ရီ့ကို လွမ်းရသည်။ ပ်မက်ထဲတွင်သာ ပျိုမြစ်နုနယ်သောချယ်ရီနှင့်တွေ့ရပေသည်။

ချယ်ရီသည် အိပ်မက်ထဲမှာသာ ကျွန်တော့်ကို နာကျင်စေ အပြင်တွင် နာကျင်စေသူမဟုတ်ပါ။

ကျွန်တော်ကို ချယ်ရီက နောက်ဘဝများအတွက်ပါ တောင်းပြီးချစ်သူဖြစ်ပါသည်။

ဆုတောင်းမှားမှာတောင်စိုးရသည်။

ကျွန်တော်က နောက်ဘဝ နောက်ခန္ဓာနှင့် . . နောက်ချစ် ဲလိုချင်ပါသည်။ ချယ်ရီတစ်ယောက်ထဲဆိုပျင်းစရာကြီး။

သို့သော်ချယ်ရီ့ကို မပြောရဲခဲ့ ။

ချယ်ရီက ကျွန်တော့်ကို သူ့ကဲ့သို့ပင် မှတ်ထင်ကာ ည်သူဖြစ်ကြောင်း ချယ်ရီကူးပေးသော ကဗျာတွေက တဆင့် င်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီပေးသောကဗျာများသည် ခေတ်စမ်းကဗျာများဖြစ်သည်။ ခံစားနားလည်လွယ်သည်။

" ကြည်အေး" ဟူသော ကဗျာဆရာမ၏ လက်စွမ်းရည်သည် ချယ်ရီကို ကြည့်၍ ရေးထားသလားထင်ရလောက်ပါသည်။

" အို . . . လွမ်းသူရယ်

ပြုံးမှုပျက်၍၊ မျက်ရည်ဝေ့နှင့်

မေ့လျော့သနှင့်၊ စိတ်လုံးလွင့်သည်

ကြွေရင့်မည့်နှယ်၊ တအားငယ်သည်

ဘယ်သခင့်တွက်ဖြစ်သနည်း။

"ပြတင်းဝဝယ်

ငြိမ်လှလွန်းသည်၊ ကျောက်ရုပ်တည်သို့

မျက်ရည်နွမ်းဖောင်၊ စိတ်ယမ်းယောင်နှင့်

ကြောင်၍ ရပ်နေပါတကား ။

" ရင်မှပွင့်သည်

ကြောက်ချင့်စဖွယ် သက်ပြင်းများ။

" လေဝယ် လွင့်သည်

ညိုရင့်ဆံပင် ရွှေမြင်လှိုင်း





" ဗီနှစ်ခုသာ

လွမ်းသူ့ပတ်လည်၊ လှုပ်ရှားသည်တည့်။

" အိုလွမ်းသူရယ်

ပူသည်ကိုဖျောက်၊ ကြောက်သည်ကိုပယ်

စိတ်ဝယ်မလျော့၊ မောင့်ဦးတော့လော့။

" တစ်နေ့နေ့မှာ

တွေ့မည်ရှင်ချို့၊ သခင်ကိုတည့် ။

မေ့ကိုမုန်းထား၊ အဝေးသွားလည်း

လွင့်ပါးမရှည်၊ ပြန်ခဲ့လည်က

စောင့်သူတွေးပူ၊ ချစ်ဂီတ်ဆူနှင့်

လွမ်းသူ့ရှေ့မှောက်၊ သူ ဒူးထောက်လိမ့်။

" သည်အခါမှာ

ကြာနုတ်အပြုံး၊ ဖြူနုလုံးနှင့်

မရွန်းမပယ်၊ ငိုတရယ်လျှင်

စင်ကြယ်ခွင့်လွှတ်၊ ချစ်သက်မှတ်ကို

ကြည်ညွှတ်ချဝန်၊ သခင်ပန်က

ပြန်လည်လိုလိုက်၊ ချစ်သူမိုက်ကို

ထွေးပိုက်ယူပါ၊ အိုလွမ်းသူရယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ချယ်ရီ့အတွက် လူမိုက်တစ်ယော
ဖြစ်ခဲ့သည်။ ချယ်ရီက မိုင်သည်ဟုထင်သော ကျွန်တော်သ
ကိုယ့်ကိုကိုယ်တော့လိမ္မာလှပြီထင်သည်။

" ချယ်ရီ့တို့ ခိုးပြေးကြရအောင် မောင် "

" အန် . . ဘာ . . ဘယ်လို "

"ဘာလို့အထိတ်တလန့်ဖြစ်နေတာလဲ ခိုးပြေးရအောင်

" အိမ်မှာ ဘာဖြစ်နေလို့လဲ "

" အောင်ဝေပေါ့ . . ချယ်ရီတို့ မစန္ဒီက တစ်ဆင့် စာ
တာသိသွားပြီး ဒက်ဒီ့ကိုတိုင်တယ် . . ဒက်ဒီက အောင်
မင်္ဂလာဆောင်ပေးလိုက်ရင် . . ကောင်းမယ်လို့ပြောနေတယ်

ကျွန်တော် ရင်ထဲမှာ ဟာသွားသည်။

အလုပ်သင်ဘဝဖြစ်သော ကျွန်တော်သည် ချယ်ရီ့ကို
မည်ကဲ့သို့ ရှာကျွေးရပါမည်နည်း။

အိမ်မှာလူကျပ်ရသည့်အထဲ ချယ်ရီ့ကို ခိုးလာ
မသင့်တော်။

ကျွန်တော်က ဆင်းရဲ၍ ချယ်ရီ့မိဘတွေက သဘော
ချင်ဘူး သူဌေးသားနှင့် ပေးစားမည်ဆိုလျှင် ခံနိုင်ပါသေးသ

ခုတော့ တောက ခေါ်လာသည့်သူတို့အိမ်က ငယ်
ပေါက်အလုပ်သမားနှင့်ပေးစားမည်ဆိုတော့ ကျွန်တော်

အသားလွတ်ကြီး ခေတ်စကားနှင့်ဆိုလျှင် . .

ကျွေးခံလိုက်ရသည်နှင့်တူသည်။

" အောင်ဝေနဲ့ဘာလို့ပေးစားချင်ကြတာလဲ "

" အောင်ဝေက အိမ်တလုပ်ငန်းတွေ အကုန်နားလည်
တယ်လေ "

" ချယ်ရီတို့က ဘာတွေလုပ်လို့လဲ . . "

" ရွှေပန်းထိမ်နဲ့ ရွှေဆိုင်ပဲ လူတွေကသိကြတာ . . ချယ်ရီ
တို့မှာ ပလပ်စတစ်အိတ်လုပ်ငန်းလဲ ရှိတယ် . . ပြီးတော့
ခေါင်းအမြီးတွေ . . အတုလုပ်ပြီး နိုင်ငံခြားကိုသွင်းတဲ့လုပ်ငန်း
လဲရှိတယ် . . ပုဇွန်မှိုင်တစ်ခုလည်းပိုင်တယ် . . အများကြီးပဲ
မောင်ရဲ့ . . အောင်ဝေက အကုန်လုံး သူ့ခြေသူ့လက်ပဲ . . သူက
ရှစ်တန်းထိပဲ ကျောင်းနေရပေမဲ့ . . စာရင်းအင်းသိပ်နိုင်တယ်
သူ့ကြောင့် လုပ်ငန်းတွေတိုးတက်လာတာ အများကြီးပဲ . .
မာမီတို့က သူ့ကို အရမ်းယုံကြည်ကြတယ် "

" ဒါနဲ့တင်တော့ မပေးစားလောက်ပါဘူး "

" အမှန်အတိုင်းပြောရင် မောင်စိတ်မဆိုးရဘူးနော် "

" အင်း . . ပြော "

" မောင်က ချယ်ရီ ချမ်းသာတာမက်လို့ . . "

" ဘာကွ "

" မောင်ပဲ စိတ်မဆိုးဘူးဆို "





www.burmeseclassic.com

www.burmeseclassic.com



“ မင်းပြောတာ ငါပြုံးပြီးနားထောင်ရမဲ့စကားလား ”

“ အဲဒါ ချယ်ရီပြောတာမဟုတ်ဘူးလေ . . မာမီတို့ ပြောတာ

“ တော်တော် စော်ကားတဲ့သူတွေပဲ . . ပိုက်ဆံများ . .
ဒီမှာ မိချယ်ရီ မောင်သာပိုက်ဆံရှိလို့ကတော့ ညည်းကို စိန်
အပြည့်ထည့်ထားတဲ့ အခေါင်းနဲ့ တင်တောင်းမယ် ”

ဒီတခါဝေါသပြန်ထွက်သူမှာ ချယ်ရီဖြစ်သည်။

“ မောင်ဟာလေ . . စကားပြောတာသိပ်ရင့်တာပဲ . . ”

“ ဘုရားရှင်လက်ထက်က ပုံပြင်တစ်ပုဒ် မကြားဖူးဘူး
လားချယ်ရီ . . အလှမာန်သိပ်တက်တဲ့မင်းသမီးကို ပညာရှိမင်း
သားက ချတ်တာ . . အကျိုးပြောတာမဟုတ်ဘူး . . မင်းသမီးထို
ပထမနေ့မှာ ရွှေအပြည့်ထည့်ထားတဲ့ ရွှေခွက်နဲ့ မင်းသားထ
ချဉ်းကပ်တယ် . . ဒုတိယနေ့မှာ ငွေအပြည့်ထည့်ထားတဲ့ငွေ ခွက်
. . တတိယနေ့မှာ ကြေးအပြည့်ထည့်ထားတဲ့ ကြေးခွက်
ဒီလိုလုပ်ရတာဟာ အလှဆိုတာ တစ်နေ့ထက်တစ်နေ့ ယုတ်လျော့
လာတာချည်းပဲ . . အမြဲမလှဘူး . . ဒါကို မာန်တက်တဲ့မင်းသမီး
သိစေချင်လို့ . . မင်းသားက တမင် ရွှေ၊ ငွေ၊ ကြေးခွက်
ချဉ်းကပ်တာ . . ဒါကြောင့် မောင်လဲ စိန်အပြည့်တော့ ထည့်ထား
မယ် . . . မိချယ်ရီဟာ အသက်ရှိလို့လှနေတာ . . အခေါင်းထဲ
ရောက်သွားရင် မောင်က ကြောက်လို့ လှည့်တောင်ကြည့်ရဲမှာ
မဟုတ်ဘူး . . ”



ချယ်ရီက ခေါင်းတဆတ်ဆတ်ညိမ့်ကာ . . .

“စိတ်ခါတ်လေးတွေသိရတာပေါ့ ”

ဟု ခပ်ငေါ့ငေါ့ ပြောသည်။

“ ဒါ ဖြစ်နိုင်တာပြောတာလေ . . မောင်သေသွားပြီး
ချယ်ရီကရော မောင့်ကို ချစ်ပါဦးမလား ”

“ ဒါကြောင့် စာအုပ်ထဲမှာ ရေးထားတာ . . မောင်တို့
ယောကျ်ားတွေဟာ ပါးစပ်လေးနဲ့တင်ချစ်ကြတာတဲ့ . . . ”

“ ချစ်တာကတော့ ပါးစပ်လေးနဲ့တင်ချစ်လို့ရတာကိုး
ပါးစပ်နဲ့မချစ်ဘဲ . . လူနဲ့ချစ်ပြရမလား . . တဲ့ ချယ်ရီစဉ်းစား”

“ တော်ပြီ . . တော်ပြီ မောင့်ကို နိုင်အောင်မပြောနိုင်
ဘူး . . အောင်ဝေဆို ဒီလိုလုံးဝမပြောရဲဘူး . . ချယ်ရီကို
သိပ်ကြောက်တာ ”

“ ဟုတ်လို့လား ”

“ ဘာကိုလဲ မောင်ရဲ့ ”

“ အဲဒီတောင် ချယ်ရီ့ကို တကယ်ကြောက်တာ ”

“ တကယ်ကြောက်တာ ”

www.burmeseclassic.com

www.burmeseclassic.com



" မှတ်ထားချယ်ရီ . . ဘယ်ယောက်ျားမှ မိန်းမမကြောက်ဘူး . . ကြောက်တဲ့လူဆိုတာ ဟန်ဆောင်နေတာ . . ချယ်ရီကို သူမကြောက်ပြလို့ရမလား သူက လူရောပစ္စည်းပါရမှာ . . ဒီလောက်တော့ ဟန်ဆောင်ကောင်းရမှာပေါ့ "

" မောင် . . . သူ့ကို ချယ်ရီလုံးဝမယူဘူး "

" ချယ်ရီက ပြောနေတာပဲ မယူလို့ မရအောင် ချယ်ရီ့ မိဘတွေက အတင်းပေးစားနေတာ ဥစ္စာ "

"မောင် . . ချယ်ရီ့ကို မယုံဘူးလား "

" ချယ်ရီ . . . ငါ နီကိုရဲ ရဲ့ မကြည်ဖြူ ဝတ္ထုထဲက ရဲဝင်း ဖြစ်မှာကြောက်တယ် "

"ဖြစ်မှ ဖြစ်ရလေ မောင်ရယ် . . ငါ့မှာ မျက်နှာနှစ်မျိုးရှိတာ နင်ခုချိန်ထိမသိတာ သေချာမကြည့်သေးလို့လား . . နင့်ကိုပဲချစ်တယ်လေ မောင်ရယ် . . အချစ်က ပဓာနအရေးကြီးဆုံးပါ . . "

" မဟုတ်ဘူး အချစ်က အရေးမကြီးပါဘူး ကောင်မလေးရယ် . . ငါ့မှာ လောလောဆယ် မိန်းတစ်ယောက်မှိုခိုအားကိုး လောက်စရာ . . ဘာအလုပ်မှမရှိဘူး . . ငါကွန်ပျူတာတစ်လုံး ဝယ်နိုင်အောင် အများကြီးငွေစုရဦးမယ် . . . . "

ကျွန်တော်တို့နှစ်ယောက်သည် ခေတ်သစ်ရိုမီယိုနှင့် ဂျူးလီယက်ဇာတ်လမ်းလို တစ်ယောက်ကိုတစ်ယောက်



အသဲပေါက်မတတ်ချစ်ပြီး သတ်မသေခဲ့ကြပါ။ ကျွန်တော့်ဘဝ တွင် အကြောက်ဆုံးက အသားနာမည့်အလုပ်ဖြစ်ပြီး ချယ်ရီ့ အကြောက်ဆုံးမှာ ခွဲကြိုးချသေသည့် မြင်ကွင်းဖြစ်သည်။

ကျွန်တော်တို့ ချစ်ခြင်းကို ခွဲခံရမည့်အတူတူ တစ်နေရာသို့ (မတတ်သာသည့်အဆုံး) ထွက်ပြေးကြရန် စိတ်ကူးတော့ ရှိခဲ့ကြသည်။

" ချယ်ရီလေ . . နင့်နဲ့မခွဲနိုင်ဘူး . . မောင်ရဲ့ . . နင်နဲ့ခွဲရရင်ငါ့ဘဝတစ်လျှောက်လုံး စိတ်ဆင်းရဲနေတော့မှာသိလား . . "

"မဖြစ်သေးတာတွေ လျှောက်မပြောနဲ့ . . . နိမိတ်မရှိနမာမရှိ "

"တစ်နေရာရာကိုထွက်သွားပြီး နှစ်ယောက်အတူတူ ဒိုးတူဘောင်ဖက် လုပ်ကိုင်စားရရင်ကောင်းမလားလို့တွေးမိတယ်"

" အဲဒီလို လုပ်ကိုင်စားဖို့ ချယ်ရီက ဘာလုပ်တတ်လဲ "

" ဟင့် အင်း ဘာမှမလုပ်တတ်ဘူး "

" တခြားမြို့ကို ရောက်သွားပြီး . . မောင်က ကြုံရာကျပန်းလုပ်တယ်ပဲထားပါတော့ . . ချယ်ရီက သူများအိမ်မှာ အငှားလျှော်၊ ထမင်းချက်လုပ်နိုင်ပါ့မလား "

" အဲ့သလိုကြီးတော့ မစဉ်းစားမိဘူး "

www.burmeseclassic.com

www.burmeseclassic.com



" ချယ်ရီဖတ်ဖူးတဲ့ ဝတ္ထုတွေထဲမှာ အဲသလို မပါဘူးလား . . မောင်နဲ့ တူတူနေချင်ရုံနဲ့ ချယ်ရီ့ဗိုက်က အလိုလိုမပြည့်ဘူး ပြီးတော့ ချယ်ရီက ခြေသဲလက်သဲတွေဆို ဈေးကြီးတဲ့ဆိုးဆေးတွေပဲသုံးတာ. . တစ်အုပ်တစ်ရာနဲ့ ထွက်သမျှဝတ္ထုတွေလည်း ငှါးဖတ်သေးတယ်. . အဲဒီလို နေဖို့ မောင်ကရှာရမယ် "

ချယ်ရီမျက်နှာလေး တော်တော်ညိုးသွားသည်။

မိုးပြို့မှာကြောက်သော တစ်တီတူးငှက်ဟု ကျွန်တော့်ကို သူငယ်ချင်းများက စွပ်စွဲခဲ့ကြပါသည်။

သို့သော် လူဆိုသည်မှာ ကိုယ့်တစ်ကိုယ်တည်းသာသိ၍ သူငယ်ချင်းများကိုပင် ပြောမပြအပ်သော အတွင်းကိစ္စရှိသည်။

ကျွန်တော်တို့အိမ်တွင်းရေးမှာ အပူမီးတစ်ခု တောက်လောင်နေ၍ အစ်မများခေါင်းကိုက် နေရပြီး မကြာခဏ ငိုနေကြသော အဖြစ်တစ်ခုကို ကြုံတွေ့နေရခြင်းဖြစ်သည်။

× × × × × × × × × × × × ×





"အဖေ ဒီလောက်တော့ မရက်စက်သင့်ဘူးလို့ထင် တယ်. . အဖေက မွေးလို့ကျွန်တော်တို့လူဖြစ်လာတာပါ . . . ကဲ အခု ဒီအိမ်ရောင်းလိုက်ပါပြီတဲ့. . သိန်းငါးဆယ်အပြင် ပိုရမှာ လည်းမဟုတ်ဘူး. . အစ်မနှစ်ယောက်၊ ကျွန်တော်၊ ညီလေးနဲ့ အဖေခွဲလိုက်ရင် တစ်ယောက်ဆယ်သိန်းပဲရမှာ . . ဆယ်သိန်းနဲ့ ကျွန်တော်တို့ ဘယ်လိုရပ်တည်မလဲ . . ကျွန်တော်က အခု အလုပ်သင် ပြီးတော့မယ် . . အလုပ်စဝင်မှ လစာတစ်သောင်းခွဲ ရမှာ . . ကျွန်တော်က ရပ်တည်လို့ရတယ်ထားပါဦး . . ညီလေးက ဘယ်လိုလုပ်မလဲ . . စည်းလုံးနေတဲ့ မိသားစု တစ်ခုကို အဖေ ဒီလို မလုပ်သင့်ဘူး . . . "

" ငါမသေခင် အမွေခွဲမှ ငါရမှာပေါ့ . . ငါသေရင် မင်းတို့ပဲယူကြမှာ. . ပြီးတော့ အချိန်တန်ရင် မင်းတို့က ငါ့ဆီ တထွက်သွားကြမှာ . . ငါက ငွေမရှိ အားကိုးရာမဲ့နဲ့ ဒီတိုင်း ထိုင်နေရမလား . . "

" အဖေက တစ်ယောက်တည်း ဖြစ်မှာကြိုးသိလို့ နောက် မိန်းမ ယူတာလား "

ကျွန်တော်တို့ မသိခင် အဖေက သူ့လက်အောက်က စာရေးမတစ်ယောက်နှင့် တရားဝင်လက်ထပ်ထားလေသည်။

သိစက ကျွန်တော်တို့မောင်နှမတွေ ခေါင်းခဲကြ ရသည်။

အိမ်ပေါ်တော့ခေါ်မတင်လာနဲ့ ဟူသော ကြိမ်းသံကို



www.burmeseclassic.com

www.burmeseclassic.com



အဖေကြောက်သည်။ ဒီအိမ်က အမေ့ဘက်က အမွေရသောအိမ်။ ထို့ကြောင့် အဖေ နောက်မိန်းမယူတာ အဖေနဲ့သာဆိုင်သည်။

အဖေရှာကျွေးနိုင်တယ်ထင်လို့ ယူတာပဲ . . အမွေအတင်း ခွဲခိုင်းဖို့တော့မကောင်းပါဘူး . . အိမ်မရှိရင် တခြားဟာတွေ အဆင်မပြေဘူး ဒီအိမ်ရှိနေလို့ မုန့်ဟင်းခါးဆိုင်နဲ့ အဆင်ပြေနေတာ . . ။

" လူကြားလို့မှ မကောင်းပါဘူးအဖေရယ် . . ဒီသတင်း ရပ်ကွက်ထဲ ပြန့်သွားရင် သမီးရှက်လှချည့်ရဲ့ . . . "

အစ်မတွေက ထိုသို့ဖျောင်းဖြသည်။

အဖေကတော့ ခေါင်းမာနေဆဲ။

အဖေ့နောက်မိန်းမပါ အိမ်ကို လိုက်လာသောနေ့က ကျွန်တော် အလုပ်သွားနေသည်မို့ မတွေ့လိုက်။

တစ်လမ်းလုံး သိသိသာသာ တစ်မျိုး၊ မသိမသာတစ်မျိုး အိမ်ကို အကဲခတ်ကြသည်ဟုဆိုသည်။

ရယ်စရာလည်းကောင်းသည်။

စိတ်ညစ်စရာလည်းကောင်းသည်။

ကျွန်တော်အိမ်ပြန်ရောက်လာတော့ အစ်မတွေက ဆီးတိုင်သည်။

" အဖေလုပ်ပုံကောင်းသေးရဲ့လား ခိုင်လွင် "





အဖေ့ကို ကျွန်တော်လှမ်းကြည့်တော့ ဘုရားစင်ရှေ့မှာ တရားထိုင်နေသည်။ အင်္ကျီအဖြူ ယောဂီလုံချည်နှင့် သားဘက်ပါ ဝှခုံးပေါ်တင်ထားလိုက်သေးသည်။ ကျွန်တော်မျက်စိလည်သွားသည်။

" ဘာလဲ အစ်မရဲ့ . . အဖေအကောင်းကြီးပဲ ဥစ္စာ"

" မကောင်းတော့ဘူး . . နင့်အဖေရူးနေပြီ "

" တရားထိုင်နေတဲ့လူကိုတောင် ရူးတယ်လို့ပြောနေရင် အစ်မတော့ အပယ်လားတော့မယ် . . မကြောက်ဘူးလား "

" ငါ စိတ်ညစ်တော့တာပဲ ခိုင်လွင် . . အဖေက ငါတို့ သောင်းကျန်းနေလို့ . . တရားထိုင်ချင်ယောင်ဆောင်နေတာဟဲ့ . . . ဒီနေ့မနက်က သူ့မိန်းမကို အိမ်ခေါ်ပြတယ် "

" မိန်းမ . . . အမေသေသွားပြီပဲ ဥစ္စာ "

" နောက်မိန်းမ ဟဲ့ "

" အစ်မကလည်း ရှင်းရှင်း ပြောပါလား "

" အေး အဲဒါ ဒီနေ့ညပဲ အဖေက ရှင်းလိမ့်မယ် "

" ဗျာ "

" အိမ်ကိုရောင်းမလား . . သူ့မိန်းမ အိမ်ပေါ်ခေါ် ခဲ့ရလားတဲ့ . . ငါတို့ကို အရေးဆိုနေကယ် . . "



www.burmeseclassic.com

www.burmeseclassic.com



" ပြီးသနားပဲ . . အဖေကလည်း ဗွတ်ကြီးပဲ "

အဖေတရားထိုင်နေတာ ဟုတ်ရဲ့လားဟု ကျွန်တော် အနားကပ်သေချာ ကြည့်သောအခါ အဖေထိုင်လျက်အိပ်နေသည်ကို တွေ့ရသည်။

ဟောက်တောင်ဟောက်နေသေးသည်။

ထို့ကြောင့် ထူးဆန်းတယ်ထင်ခဲ့သည်။ အဖေ ဓိဝတ်စုံနဲ့ တစ်ခါမှ မမြင်ဘူးခဲ့။

အပြစ်ကို ရှောင်ကောင်းအောင် အဖေရှုံးထထတ်သည်။

ထိုင်နေရင်းအိပ်ပျော်နေသော အဖေ့ကို ကျွန်တော်နှိုးသည်။

" အဖေ "

" အ ဖေ. . . "

" အ ဖေ. . . . "

" အ ဖေ. . . . . "

" ဟာ ငါ့အသဲလေး . . ငါ့အသဲလေး ဘာဖြစ်လို့လဲ "

အဖေလန့်ပြီး နိုးလာပုံက အသဲယားစရာကောင်းပါသည်။

" ဘယ်ကအသဲလေးလဲ အဖေ. . ကျွန်တော်နှိုးနေတာ ဗျ"

" မင်းကလဲ . . နှိုးတာများ . . တိုးတိုးသက်သာနှိုးလို့ ရပါတယ်"





" တိုးတိုးနှိုးနေတာပဲ . အဖေမှ မနိုးတာ "

" မင်း လုပ်တာနဲ့ ငါအိပ်မက်မက်နေတာ ပျက်သွားပြီ"

" အဖေဝတ်တထားတဲ့ အဝတ်အစားကို အားနာပါဦး ဦးဗျာ"

" မင်း ပါးစပ်ပိတ်တော့ခိုင်လွင် ငါသွားအိပ်တော့မယ်"

" အဖေ ရှင်းမလို့ ဆို "

" နောက်မှပဲ . . "

ထိုသို့နောက်မှပဲဟူသော စကား၏အဆက်အဖြစ် ကျွန်တော်နဲ့အဖေ နောင်ဂျိန်ပလေးရခြင်းဖြစ်သည်။

"ငါ့ကို မင်းတို့ ကိုယ်ချင်းစာကြပါကွာ. . ငါ့မိန်းမက ငါ့ ဆက် အသက်နှစ်ဆယ်လောက်ငယ်တာ . . သူ့ကို စိတ်ချမ်းသာ စေချယ်တယ် "

" အမယ်လေးအဖေ. . အရင်တုန်းကတော့ သစ္စာရှင်ကြီး ဆို. . အမေကလွဲပြီး တစ်ကမ္ဘာလုံးက မိန်းမ ဖွဲ့နဲ့ဆန်ကွဲပဲဆို အမေရေ . . ထကြည့်ပါလား. . အဖေ ဟောဒီမှာ ဗလောင်း လဲ တွေပြောနေတယ်တော့ "

ဆိုကာ အစ်မကြီးက ထိုင်ငိုလေတော့သည်။

အစ်မလတ်ကလည်း နှုတ်ခမ်းဆူကာ အဖေ့ကို မျက် စောင်းတခဲခဲ။



www.burmeseclassic.com

www.burmeseclassic.com



" ခိုင်လွင် . . မင်းလဲရည်းစားရှိပြီပဲ . . အဖေ့ကို နားလည်ပေးပါကွာ"

"ဟာဗျာ . . ဒအဖေကလဲ ကျွန်တော်က အခုမှဆယ့်ခွန်ဗျ ရည်းစားရှိတာဆန်းလား . . အဖေ့ဟာက အသက်ခြောက်ဆယ် နားနီးမှ မိန်းမယူထားတာ အဖေနဲ့ ကျွန်တော်မတူပါဘူး . . "

ညီလေးကလည်း အငြိမ်မနေ။ ခါတိုင်းဆိုအဖေ့ကို ကြောက်ပြီး ငြိမ်ကုပ်နေတဲ့သူ။

" သား အဖေ့ထမင်းဘူး . . ထည့်မပေးချင်တော့ဘူး "

"သားငယ်"

" ဟုတ်တယ် အဖေက သားတို့ကိုမသနားဘူး . . မကြီးက ထမင်းချက် . . မလတ်က ဟင်းချက် သားက ထမင်းဘူးထည့် ပေးတာ အဖေ့နောက်မိန်းမကို ရုံးမှာ ကျွေးတယ်မို့လား "

အဖေဘာစကားမှဆက်မပြောဘဲ မျက်နှာပျက်နေသည်။

အဖေ့ကို ကျွန်တော်တို့ အရက်က လေးစားခဲ့သလို အခု လည်းလေးစားပါသည်။ သို့သော် အခုက စိတ်နာတာရောပါသည်။

" မင်းတို့ ဘာဘဲပြောပြော . . ငါကတော့ အိမ်ရောင်း ဖြစ်မယ် "

" မရောင်းရင် ဘာဖြစ်မလဲအဖေ "

" ငါ့ကို သူခွဲသွားလိမ့်မယ် "





ထိုအဖြစ်အပျက်ကို အချစ်ဟု ကျွန်တော်တို့ ခေါင်းစဉ် တပ်ရမည်လား။ ဒါမှမဟုတ် ရူးသွပ်မိုက်မဲမှုဟု နာမည်ပေးရမည် လား ။

ကျွန်တော်အသက်ရလာသောအခါ ဆရာသိန်းဖေမြင့်၏ ကြာတိုတစ်ပုဒ်ကို ဖတ်မိမှ အသက် ငါးဆယ်ကျော်အဘိုးအို တစ်ယောက်၏ နုနယ်သစ်လွင်လိုမှုဆန္ဒကို နားလည်လာခဲ့သည်။

အသက်ဆယ့်ခွန်မှာ ကျွန်တော်နားမလည်ခဲ့ကြပါ။

မိဘတို့သည် မိဘနေရာဖြစ်လာလျှင် သားသမီးကို ချစ်မ်းကုန်ပြုစုစောင့်ရှောက်အနစ်နာခံကြရမည်။

သားသမီးတို့မှ တစ်ဖန် ထိုမိဘတို့အား ပြန်လည်ကျွေးမွေး ရမည်။ အကြောင်းကြောင်းကြောင့် မိနှင့်ဘနှစ်ဦးမှ တစ်ဦး ပါးသွားခဲ့လျှင် ကျန်ရစ်သူ၏စိတ်ဆန္ဒ၊ လွတ်လပ်ခွင့်ကို သစ္စာ စားဟူသောတန်ဖိုးကြီးကြီး စကားတစ်ခွန်းဖြင့် သော့ခတ် ပိန်းဆည်းလိုက်ကြသည်။ သစ္စာ-အမှန်တရားကို သိမြင်ခြင်းဟု ရှားရှင်ဟောခဲ့သည်။ အဖော်နှင့်ဆိုးတူကောင်းဖက် နှစ်ပေါင်း မျှစွာပေါင်းဖက်ပြီးနောက် အဖော်မရှိသောအခါ လူတစ် ယောက်သည် အလားတူ အဖော်တစ်ယောက်ကိုရှာသင့်သည်၊ သင့်သည် ရှာလျှင်သူ့ကို ကျွန်တော်တို့အပြစ်တင်ထိုက် ရှိမရှိစတာတွေကို လူမှုပတ်ဝန်းကျင်က နှစ်ပေါင်းများစွာ

www.burmeseclassic.com



တဖက်သတ်ဆုံးဖြတ်ခဲ့ကြသည်။

အဖေ့အဖြစ်လည်း ထိုနည်းနှင်စွာပင်။

အဖေသည်လည်း အဖော်လိုချင့်ရှာလိမ့်မည်။

ကျွန်တော်တို့ ရည်းစားထားသလို သူလားထားချင်လိ
မည်။ သို့ရာတွင် ကျွန်တော်တို့ကဲ့သို့ ရည်းစားထားမကောင်းသေ
ကြောင့် သူကိုက်ညီမည်ထင်သော မိန်းမကို လက်ထပ်ခြင်းဖြ
လိမ့်မည်။

အဖေသည် သားသမီးများဆန့်ကျင်သည့်ဒဏ်ကို အလ
အလဲခံစားရသည်။

ဒိုင်လူကြီးကတော့ ပတ်ဝန်းကျင်ပေါ့ ။

ပတ်ဝန်းကျင်သို့ သတင်းပျံ့သွားသောအခါ အစ်မ မ
ဟင်းခါးဆိုင်မှာ လူပိုစည်လာသည်။ မုန့်ဟင်းခါးလာဝယ်စားန
တာမဟုတ်ဘဲ အဖေ့သတင်းသိချင်၍ မုန့်ဟင်းခါး တစ်ပွဲဝယ် 
ဆိုင်မှာထိုင်ကြသည်။

အရင်တုန်းကဆိုလျှင် မုန့်ဟင်းခါး အလွတ် အိုး
ငှက်ပျောအူဖတ် မထည့်နဲ့ . များများထည့်. ကြော်ပါပဲ.
ဘူးတစ်ပွဲ . ကြက်သွန်တစ်ပွဲ. . နံနံပင်မထည့်နဲ့ ငရုတ်သီး
စသဖြင့် အသံပလံတွေ စုံစီစွာ ဝယ်သောဆိုင်။ အဖေ့သ
ကိုနားထောင်ချင်ဇောများပြီး မုန့်ဟင်းခါးတစ်ပွဲဆိုတာပဲပြော





" တို့ သတင်းကြားတယ် .. ကိုလှသောင်ကြီး ဘယ်လို
င်တာလဲအေ မကြီးမယ်နဲ့ . . . "

" ပြောချင်ပါဘူး . . အဒေါ်ရယ် "

ဆိုကာ ကျွန်တော့်အစ်မတွေက စကားဖြတ်သည်။

" ကျုပ်တို့က . . သိချင်လွန်းလို့တော့ မဟုတ်ပါဘူး . .
ပါးပါးပြောစရာရှိ ဝိုင်းပြောရအောင်ပေါ့ . . ရပ်ဆွေရပ်မျိုး
တ်လားအေ . . "

"ဒါဆိုကျွန်မတို့ မုန့်ဟင်းခါးဆိုင်ဖွင့်ဖို့နေရာ တစ်နေရာ
ာက်ရှာပေးပါလား . . ဝိုင်းပြောတာထက် ဝိုင်းရှာတာ
ာင်းတာပေါ့ . . . "

" ညည်းတို့အခြေအနေက အဲဒီလောက်မဆိုးပါဘူး . .
ယ်အိမ်ရှေ့ကိုယ်ရောင်းတော့ သူများ အငြိုးစူဘယ်ခံရလဲအေ"

ရပ်ဆွေရပ်မျိုးဆိုသည်မှာ အတင်းပြောစရာရှိလျှင် ဝိုင်း
သည်။ အသုဘတွင် တစ်ယောက်က လာကူပေးပြီး တစ်အိမ်
လုံးလာစားကာ အိမ်အပြန် ချိုင့်နှင့်သယ်သည်။

မင်္ဂလာဆောင်မှာ ပိုက်ဆံငါးရာလက်ဖွဲ့ပြီး တစ်အိမ်သား
လာစားသည်။ သနားစရာရှိလျှင် အလွန်သနားတတ်ပြီး
င်ကပ်လျှင် လွန်လွန်ကဲကဲ အပုပ်ချတတ်သည်။

ဤကား ရပ်ဆွေရပ်မျိုး၏ အဘိဓမ္မာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



" ကိုလှသောင်ကြီးပေါ့အေ . . ကိုယ့်အသက်မှ အားမ
နောက်မိန်းမယူပြီး ကလေးတွေနဲ့ပြိုင်အမွေခွဲနေတယ် . . "

" မိန်းမသေတုန်းက ဒီလူမေ့တောင်သွားတာ . . ကျွ
ဖြင့် တုန်းကြီးဝတ်သွားမယ်တောင်မှတ်တာ . . နောက်
တည်ငြိမ်ငြိမ်နေနိုင်တော့ ဒီလူသစ္စာရှိသားပဲလို့ ချီးကျူးနေကြ
ခုတော့ ကိုယ့်သားသမီး မျက်နှာကလေးတွေမှမထောက် .
ဒီအိမ်ရောင်းပြီး ကလေးတွေ ဘယ်မှာသွားနေကြမလဲ . .
မစဉ်းစားဘူး . . "

" ဒါကြောင့် . . ယောကျာ်းတွေကို ကြီးမှမိုက်တယ်
ကြတာပေါ့ . . မိန်းမညော်များ . . မမိရင်အကောင်းဆုံးပဲ .

" အဲဒီညော်မိရင် ငန်းဆေးလဲမနိုင်၊ မန်းဆေးလဲမ

" အိမ်က ယောကျာ်းလည်း ခုတလော ခေါင်းလိမ်းဆီ
လိမ်း မှန်ခဏခဏကြည့်နဲ့ . . ဘယ်အချက်သတင်း ကြား
မသိဘူး "

" ကိုလှသောင်လို အသက်ကြီးမှ ဒီသတင်းမျိုးထွက်
တော့ သူ့မိန်းမအသေစောတာ မှန်တယ်အေ့ . . ရှိမျာ
ဘယ်လောက် စိတ်ဆင်းရဲလိုက်မလဲ . . "

ဤသို့ . . ရပ်ကွက်ထဲတွင် သတင်းဆိုးဖြင့် ကျော်ကြာ
အဖေသည် အိမ်တွင်လည်းမျက်နှာသာမရချေ။



ကျွန်တော်တို့က အဖေ့ကို လုံးဝစကားမပြောကြ ။

ရပ်ကွက်လူကြီးများကလည်း အိမ်ဂရန်ကို ကိုင်ထားပြီး
ကျွန်တော်တို့ဘက်က ရပ်တည်သည်။

" မောင်တို့ သတင်းက တော်တော်ပျံ့နေတာပဲ . . "

" ချယ်ရီသိသွားပြီလား "

" မာမီပြောနေတာပဲ "

" ဟုတ်လား . . . ဒါဆို ငါ့ကိုလည်း ပြောမယ်ထင်တယ်"

" အင်း ဘမျိုးဘိုးတူ ဘာညာဘာညာပေါ့မောင်ရာ . .
ချယ်ရီကတော့ မောင်တို့ကို သနားလဲသနား ရယ်လဲရယ်ချင်
တယ် . . မောင့်အဖေလဲ စိတ်ဆင်းရဲမှာပဲ . . "

" အဖေက လွတ်မြောက်ဖို့ တိုက်ပွဲဝင်နေသလိုပဲ . . အချစ်
သူရဲကောင်းနဲ့တူလာတယ် . . "

" ဟိုမိန်းမက တော်တော်လှလားဟင် "

" မပြောတတ်ဘူး . . အသက်တော့နှစ်ဆယ်ငယ်ဟယ်
တာနဲ့တော့ အဖေမကြိုက်လောက်ဘူး . . အပေးအယူတည့်
နေမှာပေါ့ . . . "

" တော်ပါသေးရဲ့ "

" ဘာကိုတော်တာယဲ "

www.burmeseclassic.com

" လှလို့ယူတယ်ဆို . . မောင်လည်း ချယ်ရီ့ထက် လှတာတွေ့ရင် သိပ်စိတ်မချရဘူးပေါ့. . . "

"လှတိုင်းမကြိုက်ပါဘူး "

" မလှလည်း ကြိုက်မှာပေါ့ "

" ဟာ. . ချယ်ရီကလည်း . . ဘာတွေမေးနေမှန်း မသိဘူး"

" တကယ်လို့မောင်တို့အိမ်ရောင်းလိုက်ရင် . . မောင်ပိုက်ဆံဘယ်လောက်ရမလဲ . . "

" ဘာလုပ်ဖို့မေးတာလဲ ချယ်ရီ "

" စိတ်မဆိုးပါနဲ့ မောင် . . ချယ်ရီသိချင်လို့ပါ. . "

" ငါမသိဘူး အဲဒီပိုက်ဆံနဲ့ ဘာမှလုပ်လို့မရဘူး . . ကွန်ပျူတာတစ်လုံးတောင် ဝယ်လို့မရဘူး . . မောင်လိုချင် အင်တာနက်ရော . . အီးမေးလ်ရော. . ဒစ်ဂျစ်တယ်ဖုန်းလိုင်း ပါတဲ့ကွန်ပျူတာ ဆက်တင်တစ်စုံမရဘူး . . "

" မောင်က ကွန်ပျူတာ ဝယ်ဖို့ပဲ စိတ်ဝင်စားနေတယ်"





" အဲဒါ ရင်းနှီးမြှုပ်နှံမှုပဲ . . ကွန်ပျူတာမှာ အင်တာနက်၊ နက်ခ်ဝါ့ခ် ဝါတော့ ဝက်ဘ်ဆိုက်ခ် တင်ထားလိုက်ရင် တမ္ဘာမှာ ဘာဖြစ်နေလဲ အကုန်သိနိုင်တယ် . . အီးမေးလ်ဆိုင် ဖွင့်ချင်ရင်ဖွင့်လို့ရတယ်. . ကွန်ပျူတာနဲ့ အလုပ်လုပ်လို့ရတယ်. . တစ်ကမ္ဘာလုံးကိုပတ်ပြီး ငွေရှာလို့ရတယ် . . နိုင်ငံခြားမှာ ဒီလိုပဲ . . ကိုယ်ပိုင် Web Site နဲ့ . . စီးပွားရေး အသေးစားတွေ လုပ်နေလို့ရတယ်. . ဦးနှောက်နဲ့ လက်ပဲလိုတယ် . . လမ်းတောင် လျှောက်စရာမလိုဘူး"

" မောင့်ကို ဝယ်ပေးချင်လိုက်တာ "

" မလုပ်လိုက်ပါနဲ့ . . တော်ကြာ သူခိုးလို့ အစွပ်စွဲခံနေရပြီး ထောင်ထဲရောက်နေဦးမယ် . . "

" ဘယ်သူက စွပ်စွဲမှာလဲ "

" ချယ်ရီ့ အမေတွေပေါ့ "

" မောင်. . တော်တော်စိတ်ဆိုးနေပုံပဲ "

" တူသလား တန်သလား အပြောခံထားရတာတောင် စိတ်မဆိုးဘဲ ခံနိုင်ရင် မောင်လူမလုပ်တော့ဘူး. . "

" အဲဒီလောက်ကြီး စိတ်ထဲစွဲမထားပါနဲ့ မောင်ရယ် "

" နာတတ်ရတယ်လေကွာ . . စိတ်ဆိုတာ မနာတတ်ရင် တရားပေါက်နေပြီလို့ပဲ ပြောလို့ရမယ် "

× × × × × × × × × × × × ×

www.burmeseclassic.com



" မင်းအဖေက အရှယ်လွန်အချစ်ပဲကွ. . ."

" သူတစ်ယောက်ထဲနဲ့ အကုန်လုံး အပြိုင်ကြဲနေတာ. . နဲ့တဲ့ သတ္တိတော့မဟုတ်ဘူး . . ရပ်ကွက်ထဲမှာ မင်းအဖေကို နာမည်ပေးထားကြတယ် . . ချစ်လူမိုက်တဲ့ ငယ်ငယ်တုန်းက ထက် ပိုချစ်မယ်တဲ့ "

" တော်တော့ကွာ . . ငါသီးမခံနိုင်တော့ဘူး "

ကျွန်တော့်မှာ ကိုယ့်အပူကြီးရသည့်အထဲ ပတ်ဝန်းကျင် ကိုဖိအားပေးမှုကြောင့် မုန်းလာလေသည်။

" မင်းရမဲ့ ပိုက်ဆံယူပြီး ချယ်ရီ့ကို ခိုးပြေးပါလား. . "

" လာပြန်ပြီ "





" အောင်ဝေနဲ့ ပေးစားဖို့ ဖိတ်စာတောင်အပ်နေပြီ. . မင်းသိတယ်မို့လား . . "

" ဘယ်လို "

" အောင်ဝေနဲ့ မင်းချယ်ရီကို ပေးစားဖို့ ဖိတ်စာ မနေ့ကပဲ သွားအပ်ကြတယ် . . "

"ချယ်ရီနဲ့ငါ ညကတွေ့သေးတယ် . . ဘာမှ မပြောဘူး"

" ပြောမှာပါ မင်းပြန်စဉ်းစားပါဦး . . မင်းက အခုပူထူ နေတဲ့ဉစ္စာ "

" အင်း. . အိမ်ရောင်လိုက်ရင် ပိုက်ဆံဘယ်လောက်ရ မှာလဲလို့တော့ မေးတာပဲ. . . ငါက ဘာလုပ်ဖို့မေးတာလဲဆိုတော့ သိချင်လို့တဲ့. . . "

" မင်းက ပူစီတွေ သိမ်ကိုက်နေတော့ ကောင်းမလေး လန့်သွားမှာပေါ့ "

" ငါရင်တွေသိပ်ပူနေတယ်ကွာ "

" မင်းဘာဆက်လုပ်မှာလဲ ခိုင်လွင် "

" ငါသူ့ကို အောင်ဝေ့လက်ထဲ မထည့်နိုင်ဘူး . . "

" မထည့်နိုင်တာ မင်းပြောမှလားကွ . . ကိုယ့်ရည်းစား ကို သူစိမ်းနဲ့ ဘယ်သူမှ မင်္ဂလာမဆောင်စေချင်ပါဘူး . . "



www.burmeseclassic.com

www.burmeseclassic.com



" အမေ့ကိစ္စကလည်း ရှုပ်နေ . . ငါကပါ နောက်တစ်ခု ထပ်လုပ်ရင် ဖယားတွေ ရှုပ်ကုန်မှာပေါ့ "

" မင်းအဖေက ယူပြီးသွားပြီ . . မင်းက မင်းကြိုက်တဲ့သူကို သူများနဲ့ပေးစားတာ ထိုင်ကြည့်နေရမဲ့ ဘဝ "

" ငါ ချယ်ရီနဲ့တွေ့ချင်တယ်ကွာ . . ငါ့ကိုကူညီပါဦး "

" သစ္စာမဒ္ဒီကို အကူအညီတောင်းကြည့်မယ် "

ကျွန်တော်တို့ သူငယ်ချင်းသုံးယောက်က သစ္စာမဒ္ဒီကို အကျိုးအကြောင်းပြောပြသည်။

" ဟုတ်တယ် . . သစ္စာနားလည်တယ် . . ဒါပေမဲ့ ချယ်ရီကပါ သဘောတူလို့ ဖိတ်စာကိစ္စထိဖြစ်သွားတာဆို . . "

" ဒါဆိုလည်း . . ချယ်ရီ့ကိုသာ အပြင်ရအောင် ခေါ်ထုတ်ခဲ့ပါ သစ္စာရယ် . . ကျွန်တော်ကျေးဇူးမမေ့ပါဘူး . . . "

" ဒီမှာ ကျော်စွာ့ကို သက်သေထားပါမယ် . . ဒီကောင်ဝက်ခြံတွေလည်းပျောက်ကုန်ပါပြီ . . "

" ဒီအချိန်ရောက်တာတောင် နောက်နေတုန်းပဲကိုး . . ခိုင်လွင်ရဲ့ . . နောက်မှ အသဲကွဲတာကြားရဦးမယ် . . "

" ကဲပါဗျာ . . အခု သစ္စာ ချယ်ရီ့ဆီသွားပေးမယ် မဟုတ်လား . ဟင် . . ကျွန်တော် သူနဲ့ တွေ့ရမှာဖြစ်မယ် . . "





" သွားတာက ဖြစ်ပါတယ် . . မင်္ဂလာဆောင်မှာ သစ္စာက သတို့သမီးအရန်လုပ်ရမှာ . . အဲဒါချယ်ရီ့ဝတ်မဲ့အရောက်ထက်နဲ့နဲ့ဖျော့တာဝတ်ရမယ်လေ . . သွားတိုင်ပင်စရာရှိတယ် . . "

ကျွန်တော့်မှာ အရှူးမီးဝိုင်းသလို ပူလောင်လာလေသည်။ ထိုည်က ကောင်းကောင်းအိပ်မပျော်။

ဖျာအောက်က ရှစိထိုးသဖြင့် ဖျာလှန်ကြည့်ရာ ဂျပိုးသုံးကောင်။ ကျွန်တော်လက်ဖြင့် ဖိသတ်လိုက်တော့ ဂျပိုးနံ့က ထောင်းကနဲပျံ့သွားသည်။ ပြီးတော့ ဖျာပေါ်ပြန်လှဲတော့ . . တစ်ခါ ဖကျောဘက်က ယားပြန်သည်။ ဖျာမှာ ဂျပိုးရှိနေဦးမှယ်ထင်သည်။

ဖျာနဲ့ ဆက်အိပ်နေသရွေ့ အဆင်ပြေမယ်မဟုတ်သောကြောင့် . . ဖျာကို ထလိပ်လိုက်သည်။

ဖျာကို လိပ်ပြီးနောက် တံမြက်စည်းဖြင့် ကြမ်းကိုလှဲလိုက်ကာ ပုဆိုးတစ်ထည်ဖြန့်ခင်းသည်။

ပြီးမှ ပြန်အိပ်သည်။

ပုဆိုးကအေးသဖြင့် . . ခဏအိပ်ပျော်သွားလေသည်။

ချယ်ရီသည် . . ပန်းနုရောင်သူတို့သမီးဝတ်စုံဖြင့် ငိုရှိုက်ကာနေသည်။ ချယ်ရီ့ဘေးမှာ ခေါင်းပေါင်းတစ်လွှင့်လွှင့်ဖြင့် အောင်ဝေက ရယ်မောနေသည်။



www.burmeseclassic.com

ပြီးတော့ ချယ်ရီ့ကို သူ့ရင်ခွင်ထဲ ဆွဲသွင်းသည်။

" ဟော့ကောင် ချယ်ရီက ငါ့ရည်းစားကွ "

" ဘာဖြစ်လဲ အခု ငါ့မိန်းမဖြစ်ပြီ မင်းကသတ္တိမှမရှိတာကိုး"

" မင်းနော် . . မင်း "

" ဘာလဲ မင်းသတ္တိကြောင်တာမဟုတ်လို့လား . . မင်းမှာ မိန်းမတစ်ယောက် ရှာကျွေးနိုင်တဲ့ ပညာမှမတတ်တာ . . မင်းရွှေအကြောင်း နားလည်လို့လား . . ပလပ်စတစ်အကြောင်းသိလား ပုဇွန်ကို ဘယ်လောက်အအေးနဲ့ လှောင်သလဲ သိလား . . ပိုက်ဆံရှာတဲ့ပညာ မင်းမတတ်ပါဘူး ခိုင်လွင် . . . မှတ်ထားကွ . . ပိုက်ဆံမရှာတတ်ရင် . . မင်း မိန်းမယူလို့ မရဘူး . . . "

" ချယ်ရီက မင်းကို လုံးဝမချစ်ဘူး "

" ချယ်ရီ ချစ်စရာမလိုဘူး . . ငါက ချစ်ဖို့ပဲလိုတာပါကွာ . . ချယ်ရီနဲ့ငါယူပြီးရင် . . ချယ်ရီ ကားထည်လဲစီးနိုင်အောင် ငါလုပ်ပြနိုင်တယ် . . တစ်ကိုယ်လုံးကို ငါစိန်စီပေးမယ်ကွ . . "

ကျွန်တော်မှာ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း . . . ချယ်ရီနဲ့ အောင်ဝေကိုကြည့်နေသည်။

ပြီးတော့ ကျွန်တော့်နားထဲမှာ စကားတစ်ခွန်းကို ထပ်ကြားပြန်သည်။





" ငါ့သမီးနဲ့ တူသလား တန်သလား ခိုင်လွင် "

အောင်ဝေ့ဆီကျွန်တော်ပြေးသွားကာ အားကုန်ထိုးချလိုက်သည်။

" အား "

လက်ထိပ်မှ ပူတနဲ နာသွား၍ ကျွန်တော်မျက်လုံးစုံမှိတ်ထားရာမှ ဖွင့်လိုက်သည်။

" ဒါအိပ်မက်ပဲ တော်ပါသေးရဲ့ " ဟု

သက်ပြင်းရှည်တစ်ချက်ချပြီး ကျွန်တော်လက်ထိပ်ကိုကြည့်လိုက်သောအခါ . . ပေါက်ပြနေသည်ကိုတွေ့ရသည်။

ကျွန်တော့်ကို "မောင် "ဟု နာထောင်ကောင်းအောင်ခေါ်တတ်သောမိန်းခလေးနှင့် ကျွန်တော် ဒီလိုလမ်းမခွဲနိုင်ဟုကိုယ့်ကိုကိုယ် သတိထားမိလာသည်။

" ငါလည်း နင်နဲ့ မခွဲနိုင်ပါဘူး မိချယ်ရီရယ် "

ရည်းစားလူလု အူနုကျွဲခတ်ဟု ကြားဖူးပါသည်။

အူနုကို ကျွဲခတ်လျှင် ဗိုက်က အူတွေအပြုံလိုက်ထွက်ကျပြီးကိုယ့်ဗိုက်ကို ငုံ့မကြည့်ရဲ၊ ကြည့်လည်းကြည့်ချင်၊ နာလည်းနာ၊ရွံလည်းရွံ၊ ကြောက်လည်းကြောက်၊ သတိလစ်ချင်သလို မလွန်ချင်စိတ်ကလည်းပေါက်။

www.burmeseclassic.com



ဤသို့ခံစားရမှာဖြစ်သည်။

ရည်းစားလူလုခံရလျှင်လည်း ထိုနည်းတူစွာပင်။

အောင်ဝေ့ကို ကျွန်တော် သတ်ချင်စိတ်ပေါက်လိုက်၊ ဒီကောင်သေသွားလျှင် နောက်တစ်ကောင်ပေါ်လာမှာစိုးလိုက်၊ သူတို့မင်္ဂလာ တကယ်ဆောင်လျှင် အဲဒီညမှာ ကျွန်တော် ဘယ်လိုများနေရပါ့မလဲဟု တွေးလိုက်ဖြင့် စိတ်ဒုက္ခကြီးစွာ ရောက်ရလေသည်။

ကျွန်တော်အရက်လည်း မသောက်တတ်ပါ။

ကျွန်တော်အဲဒီညမှာ ဘယ်လိုအင်အားနှင့် အိပ်ရပါ့မလဲ။ တွေးလေ . . ရှူးလေ . . တွေးလေ . . နာကျည်းလေ . .

ကျွန်တော့်မှာ အူတင်မက ဦးနှောက်ပါ ဆူလာသလို ခံစားရသည်။

× × × × × × × × × × × × ×





ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ ။

Misfortunes are never came along. စသဖြင့် တချို့ သုံးကြသော စကားပုံများရှိပါသည်။

ကျွန်တော်ကတော့ ဘယ်စကားပုံသုံးရမှန်းတောင် သိတော့။

အိပ်မက်ဆိုးတွေနှင့် တစ်ညလုံး လုံးထွေးရစ်ပတ်ပြီး ...မောခဲ့ရပြီးနောက်တစ်နေ့ နေ့လည်တွင် ကျွန်တော့်ဆီ ချယ်ရီ ...ဝင်းလာပေးမည့် သစ္စာမဲ့ဗွီကို ယိုင်စောင့်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့မှာ လူတွေ ရုတ်ရုတ်နှင့်မို့ ရင်တွေဒုတ်ဒုတ် ဒုတ်ဒုတ်ခုန်လာပြီး ထိုင်ရာမှအထ အိမ်ထဲသို့ ရဲများနှင့် တာဝန်ရှိသူများ .. ဝင်လာတာမို့ ကျွန်တော့်မှာ နှလုံးသွေးများ ရပ်တန့်သွားပြီဟုတောင် ထင်မိသည်။

“ ဦးလှသောင်အိမ် ဟုတ်ပါတယ်နော် ”

“ ဟုတ်ပါတယ် ”

“ တာဝန်အရ ရှာဖွေစရာရှိလို့ပါ .. ဒါ ရှာဖွေခွင့် ဝရမ်း ပါ ”

“ ခင်ဗျာ ”

“ ဦးလှသောင် ရုံးက ပြည်သူပိုင်ငွေတွေကို အလွဲသုံးစား လုပ်မှုနဲ့ . . . အချုပ်ထဲရောက်နေပါပြီ အိမ်မှာ ငွေတွေသိမ်းထား တယ်လို့ဖြောင့်ချက်ပေးတဲ့အတွက် တာဝန်အရ ရှာတာပါ ”

ရပ်ကွက်ဆိုသည်က ကျွန်တော်ပြောခဲ့ဖူးသလိုပဲ ရပ်ဆွေ ရပ်မျိုးများစုဝေးရာနေရာ။ ထို့ကြောင့် လူတွေက ကျွန်တော်တို့ အိမ်ရှေ့မှာ မျောက်ပွဲကြည့်သလို ခဏချင်း ပိုင်းအုံလာကြသည်။

ကျွန်တော့်မှာ များပြားလှသော လူများကိုကြည့်ကာ မျက်လုံးများပြာလာသည်။

နားထဲမှာလည်း အသံဗလံတွေစုံနေသည်။





သိန်းဂဏန်း အနဲငယ်မျှသော ငွေကို အဖေယူခဲ့တာ ကျွန်တော်တို့ အပြစ်မှုကင်းရဲ့လား။

ကျွန်တော်တို့နှင့် သဘောတူညီမှုရသည်အထိ အဖေ မစောင့်နိုင်သောကြောင့် .. ဖြတ်လမ်းကိုသုံးခဲ့သည်ထင်၏။ အမေတွေက ရှက်လှချည်ရဲ့ဆိုကာ အိမ်ခန်းထဲမှကို ထွက်မလာ။ မျက်လုံးတွေပြာကာ နားတွေအူနေသော ကျွန်တော်သည် .. အနားသို့ လူတစ်ယောက်ရောက်လာတာသိသည်။

ကျွန်တော့်လက်ထဲစာပေးခဲ့တာသိသည်။

သို့သော် သတိကင်းလျက်ရှိကာ လူတွေကိုသာကြောင် ကြောင်ကြည့်မိနေခဲ့သည်။

× × × × × × × × × × × × ×



www.burmeseclassic.com

www.burmeseclassic.com



ညဆယ်နာရီထိုးသည်အထိ အိမ်မှာ လူမပြတ်သေး။

သတင်းစကားမေးသူများဖြင့် ရှုပ်ယှက်ခတ်နေလေသည်။ အိမ်မှငွေဆယ်သိန်းတွေ့သည်ဆိုတာကို လာသမျှလူတိုင်းသိပြီးသားဖြစ်သော်လည်း စပ်စုသော လူတို့၏ထုံးစံအတိုင်း ထပ်တလဲလဲ ဒါကိုပဲမေးကြသည်။

" ခိုင်လွင် မင်းမသွားသေးဘူးလား "

ပုရွက်ဆိတ်နှင့်ကျောက်ဘီလူးက ကျွန်တော့်ကို ထိုသို့ ပြောသောအခါ ကျွန်တော်နားမလည်။

" ဒါ ဘယ်သွားရမှာလဲ "

" ချယ်ရီ့ဆီ "

" ချယ်ရီ့ဆီ. . . "

" မင်းကို နေ့လည်က စာပေးခဲ့တယ်လေ "





" ဟုတ်လား . . နေဦး . . အဲဒီစာ . . . ငါဘယ်နားမှာ ထားမှန်းတောင်မသိဘူး . . ဘာစာမို့လဲ. . "

" သစ္စာက တဆင့် ချယ်ရီပေးခိုင်းလိုက်တဲ့စာ သစ္စာက အိမ်ထဲမဝင်ရဲလို့ ငါယူပြီး မင်းလက်ထဲထည့်ခဲ့တာ "

" စာထဲမှာ ဘာပါလဲ "

" စာထဲမှာ ပါတာတော့ ငါတို့လည်း မသိဘူး . . မင်းကို ဒီည ဆယ်နာရီ ရုပ်ကွက်မွှာရုံရှေ့မှာ ချိန်းတာတော့သိတယ်"

ကျွန်တော် နာရီကြည့်လိုက်တော့ ဆယ်နာရီငါးမိနစ်။

" ငါသွားလိုက်ဦးမယ် "

" ငါတို့လည်း လိုက်ခဲ့မယ် "

မွှာရုံရှေ့ရောက်တော့ စန္ဒီလွင်နှင့်ချယ်ရီ။ စန္ဒီလွင်က သူ့တပ်ပလစ်ကာ အဖြူရောင်လေးယူလာသည်။

ချယ်ရီက ကျွန်တော့်ကိုမြင်တော့ . . ပြေးဖက်ကာငိုသည်။

" လာမှ လာပါ့မလားလို့ "

" ဘာတွေဖြစ်ကုန်ပြီလဲ ချယ်ရီ "

" မောင်တို့အိမ်ဖြစ်တာ ချယ်ရီသိတယ်. . ဒါပေမယ့် ချယ်ရီလဲ ဒီနေ့ အကျိုသွားအပ်ပြီးပြီ "

" ဘာအကျိုလဲ "



www.burmeseclassic.com

www.burmeseclassic.com



" သတို့သမီး အကျီပေါ့ လကုန်ရင် ယူဇနမှာ ဧည့်ခံ
လုပ်မှာ နောက်နှစ်ရက်ဆို လက်မှတ်ထိုးရတော့မယ်.."

" နောက်နှစ်ရက် "

" ဟုတ်တယ် မောင် .. ချယ်ရီ့ကို မောင်ကြိုက်တဲ့နေ
သာ ခေါ်သွားတော့.. ချယ်ရီလိုက်မယ်. မောင်နဲ့တော့ 
နိုင်ဘူး .."

" ဟုတ်တယ်ခိုင်လွင် မင်းဒီညပဲ ခိုးပြေးတော့..."

" ငါ့ အိမ်မှာ ..."

" တော်စမ်းပါကွာ .. မင်းအဖေ မလည်ရှုပ်လုပ်တာ
ဒီကိစ္စက ထောင်ကျမှာ သေချာတဲ့ကိစ္စ.. မင်းတို့အတွက် ငွေ
ရင်း ပင်းအဖေ မှားတာလည်းမဟုတ်ဘူး .. နောက်မိန်းမအတွ
မှားတာ.. မင်းအဖေဟောင် ကိုယ့်အတွက်ကိုယ်စဉ်းစား
မင်းလည်း ကိုယ့်အတွက်ပဲ စဉ်းစားသင့်တယ် "

" မောင် ချယ်ရီ့ကို ထားခဲ့မှာလား .. မထားခဲ့ဘူးလား

" နင်ကလဲ .. ခိုးမှာလား.. မခိုးဘူးလား မေးစမ်းပါ..

" မစန္ဒီ မသိပါဘူး .. သူက သူ့အိမ်အတွက်ပဲ စဉ်းစားတာ
ချယ်ရီ့အတွက် စဉ်းစားတာမဟုတ်ဘူး.."

" ဘာတွေပြောနေတာလဲ ချယ်ရီ .. ဒီမှာ ပိုက်
တပြားမှပါမလာခဲ့လို့ စဉ်းစားနေတာ "



" ပိုက်ဆံများ ငါ့ဆီမှာ တစ်ထောင်ပါတယ် ရော့ "

ပုရွက်ဆိတ်က ပိုက်ဆံထုတ်ပေးသည်။

ကျောက်ဘီလူးက တစ်ထောင်တန်သုံးရွက် ထုတ်ပေး သည်။

" စန္ဒီကတော့ ပိုက်ဆံမပါဘူး .. ဒီကျောက်တန်းလက်
စွပ်လေးပဲယူသွားနော် .."

" မလုပ်ပါနဲ့ စန္ဒီရယ် "

" မဟုတ်တာ ချယ်ရီ မချစ်တဲ့လူနဲ့တော့ တူတူမနေနဲ့ .. ကဲ
ခိုင်လွင်ချယ်ရီ့ကို ခေါ်သွားတော့ "

" အန် ဘယ်ကိုခေါ်ရမှာလဲ "

" ဒီမှာ စန္ဒီကား ပါတယ် "

" ငါ ကားမမောင်းတတ်ဘူး "

ပုရွက်ဆိတ်က " ငါမောင်းတတ်တယ် .. ကဲတက်ကြ"
ဟုဆိုကာ နိုင်းသည်။

ဘုမသ ဘမသိ ဖြုန်းစားကြီး ကျွန်တော်မိန်းမခိုးရပေ
တော့မည်။ ချယ်ရီ့ကိုကြည့်တော့လည်း အိမ်နေရင်း ဂါဝန်အနွမ်း
လေးနှင့်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဘီလူးက " ငါပါလိုက်မယ် စိတ်မချဘူး.. ဒီကောင့်ကို.. "

" စန္ဒီမလိုက်တော့ဘူးနော် .. ပိုက်ဆံလိုရင် .. ဖုန်းဆ လိုက်.. မနက်ကျရင်လာပို့ပေးမယ်.. ချယ်ရီ ကံကောင်း စေကွယ် .. "

" ကျေးဇူးတင်ပါတယ် မစန္ဒီ "

ဤသို့ဖြင့် ပိုက်ဆံလေးထောင်၊ လူလေးယောက်၊ ကားတ စီးဖြင့် ကျွန်တော်မိန်းမခိုးခဲ့ရသည်။

ပုရွက်ဆိတ်က လမ်းမှာစနေသေးသည်။

" ချယ်ရီ နင်ပထမဆုံးကလေးမွေးရင် ငါ့နာမည်ပါအော ပေးနော် .. ဥပမာ ခိုင်လှိုင်ကြိုင်မေ့ါဟာ.. . "

" ဆက်မပြောနဲ့ ချယ်ရီအမုန်းဆုံးနာမည်တွေ ပါလာဦး မယ် "

"ချယ်ရီက ဘာနာမည်တွေ မုန်းလို့လဲ "

" နိုင် ပါတဲ့နာမည်တွေ သိပ်မုန်းတယ် "

" ဘာဖြစ်လို့လဲ "

" မသိဘူး.. နိုင်ပါတဲ့ နာမည်တွေဆို မုန်းကိုမုန်းတ .. နာမည်မှာ အေး ပါရင်လည်း မုန်းတယ် .. "





" ထားပါတော့ ခိုင်လွင့်ကိုတော့ မမုန်းဘူးမို့လား .. ယှဲ့ဒါနဲ့ နင်တို့နှစ်ယောက် မှတ်ပုံတင်ပါရဲ့လား.. "

" ပါပါတယ် "

နှစ်ယောက်ပြိုင်တူပြောမိပြီး ချယ်ရီနှင့် ကျွန်တော်တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ရယ်လိုက်ကြသည်။

" မောင် "

" ဟင် "

" တရမ်းစိတ်ညစ်နေလား "

" ဘာလို့လဲ "

" ချယ်ရီ့ကို ခိုးလာရလို့လေ "

" ဒီလိုပါပဲ .. ခုချိန်မှတော့ သတ္တိရှိရတော့မှာပေါ့.. "

" မောင့်ကို အားနာပါတယ် "

" ဘာဖြစ်လို့ အားနာတာလဲ "

" မခိုးချင်ပဲ ခိုးလာရလို့လေ "

" အဲသလို မဟုတ်ပါဘူး ချယ်ရီရယ်.. ငါ့ခေါင်းတွေ အရမ်းနောက်နေလို့ပါ.. အိမ်မှာလည်း ရှုပ်ယှက်ခတ်နေအော ဆိုတော့ .. အခု ငါ ချယ်ရီ့ကို ခိုးမှန်းသိရင် အစ်မတွေတော့ ပိုစိတ်ညစ်မှာပဲ .. "



www.burmeseclassic.com

www.burmeseclassic.com



" ဒါဆို ကားရပ်ခိုင်းလိုက်တော့ "

" ဘာလုပ်မလို့လဲ "

" ချယ်ရီ အိမ်လည်း မပြန်ချင်ဘူး . . မောင်လည်း မခိုးချင်ဘူးဆိုတော့ တွေ့ရာလျှောက်သွားပစ်မယ် . . "

" အဲသလိုတော့ မသွားရပါဘူး "

"မောင့်မျက်နှာက ဝမ်းနတ်ဆေးဆယ်ထုတ်စားမိတဲ့ရုပ်နဲ့"

" ကဲ ချယ်ရီ့ကို မောင်ခုမှ တကယ်ခိုးချင်စိတ်ပေါက်လာပြီ အိမ်မပြန်နဲ့တော့နော် "

" အိမ်ပြန်ချင်မှဖြင့် လိုက်လာမလား "

ပုရွက်ဆိတ်က ပဲခူးရှိ ဦးလေး၏အိမ်တွင် အိမ်ကလေး တစ်လုံးအပိုရှိသည်ဆိုပြီး ပဲခူးကိုသွားရန်ဆုံးဖြတ်သည်။

ထောက်ကြန့်ရောက်တော့ ချယ်ရီနှင့်ကျွန်တော်ဗိုက်ဆာ၍ ဆိုင်တစ်ဆိုင်ထဲဝင်ကာ ထမင်းဝင်စားကြသည်။

"မောင် တစ်နေကုန် ဘာမှမစားရသေးဘူး "

" ချယ်ရီလည်း အတူတူပဲ . . စိတ်ဆင်းရဲလွန်းလို့ ဘာစားစား စားလို့မဝင်ဘူး "

" ကဲ . . စားစရာရှိတာစားကြ နောက်မှအလွမ်းသယ် နောက်က ချယ်ရီ့မိတွေလိုက်လာရင် ရှင်းပြစရာမလိုပဲ ခိုင်လွင် ထောင်ထဲရောက်နေမယ် . . . "



ကျောက်ဘီလူးက စေတနာဖြင့်သတိပေးပါသည်။

ကျွန်တော်နဲ့ချယ်ရီက ထမင်းထဲ ဟင်းကိုယ်စီခပ်ထည့် ပေးရင်း စားဖို့ ဟန်ပြင်လိုက်သည်။

" မိချယ်ရီ လက်စသတ်တော့ နင်က ဒီကောင့်နောက် တကယ်လိုက်လာတာကိုး " ဟူသော အသံနှင့်အတူ ချယ်ရီ့ကို သူ့အမေက ဆွဲခေါ်သည်။

ကျွန်တော့်ကို အောင်ဝေနဲ့ ချယ်ရီ့အဖေက ဂုတ်ကိုဆွဲမ လိုက်သည်။

"မင်း တော်တော် သတ္တိကောင်းပါလား ခိုင်လွင် . . မင်း ကိုယ့်အခြေအနေကိုယ်မသိဘူးလား . . ဒုက္ခတွင်းထဲ ချယ်ရီ့ကို ဆွဲခေါ်မလို့ပေါ့လေ . . . "

ကျွန်တော်မျက်နှာကို နှစ်ယောက်သား လက်သီးနှင့်ထိုး ကြသည်။

" မောင့်ကို မလုပ်ပါနဲ့ . . . သမီး အတင်းလိုက်လာလို့ သူခေါ်လာတာပါ . . တောင်းပန်ပါတယ် . . ဖေဖေ မောင့်ကို မထိုးပါနဲ့ . . . "

ချယ်ရီ့ရဲ့ ငိုကြီးချက်မ အသံကိုကြားရသည်။

အောင်ဝေကတော့ ကျွန်တော့်ကို အညိုးကြီးကြီး ဆက်ထိုး သည်။

www.burmeseclassic.com

www.burmeseclassic.com



" အောင်ဝေ . . နင်ရပ်လိုက် . . နင့်ကိုရပ်လို့ ငါပြော နေတယ် . . "

ချယ်ရီ့အမေက ချယ်ရီ့ကို ကားပေါ်အတင်းပြန်ဆွဲခေါ်သွားသည်။ ကျွန်တော့်ကိုရော သူငယ်ချင်းနှစ်ယောက်ကိုပါ သူတို့က အင်အားနှင့်ဝိုင်းအနိုင်ကျင့်ကြပြီးနောက် ထွက်ခွာသွား သည်။

ဒဏ်ရာကိုယ်စီနှင့်ကျန်ခဲ့သော ကျွန်တော်တို့သုံးယောက်သည် ကားဖြင့် အိမ်ပြန်လာခဲ့ကြသည်။

" ငါ စိတ်မကောင်းပါဘူး ခိုင်လွင်ရာ "

" ငါကပဲ မင်းတို့ကိုတောင်းပန်ရမှာပါ . . ငါ့ကြောင့် မင်းတို့ အစော်ကားခံရတယ် . . ငါမကျေဘူးကွာ . . "

" ချယ်ရီ ငိုပြီးပါသွားတယ် "

" ငါဘာလုပ်သင့်သလဲ ပုရွက်ဆိတ် ဟင် ကျောက်ဘီလူး မင်းပြောပါဦး . . ငါဘာလုပ်ရမလဲ . . "

" စိတ်ကို အေးအေးထား ခိုင်လွင် . . မင်းအတွက် ချယ်ရီ့ကို ငါတို့ရအောင် ပြန်ခိုးပေးမယ် . . ခိုးပြီးမှ တရားရုံးရောက် ပစေကွာ . . "

" ငါ့ အတွက် ဒုက္ခမရှာပါနဲ့ကွာ "

" ဒါဒုက္ခ မဟုတ်ဘူးကွ . . ဒါ စွန့်စားတာ ငါတို့ သူငယ်ချင်းကိုယ်ချစ်တဲ့သူနဲ့ ပေါင်းရအောင် ကူညီတာ . . "





အမြန်လမ်းမှာ သွေးထွက်၊ အက်ကွဲသော ဒဏ်ရာကိုယ်စီဖြင့် ကျွန်တော်တို့ ငြိမ်သက် နေခဲ့ကြသည်။

ရုပ်ရှင်ထဲကအတိုင်း ကျွန်တော့်မှာ ဒုက္ခမျိုးစုံနှင့်ကြုံရလေပြီ ။ သူငယ်ချင်းတွေကိုလည်း သနားသည်။ ချယ်ရီ့ကိုလည်း သနားသည်။ ရိုမီယိုနဲ့ဂျူးလီယက်ကိုမှ လက်ထပ်ပေးမည့် အာသာရှိသေးသည်။ ကျွန်တော်တို့နှစ်ယောက်မှာ ရပ်တည်ပေးမဲ့သူမရှိပါ။

အိမ်ရောက်တော့ အစ်မများက ကျွန်တော့်ကိုထုရိုက်ကာ ငိုကြသည်။

" အဖေ ဒီလိုဖြစ်တုန်း နင်မိန်းမခိုးစရာလား ခိုင်လွင် . . ကြီးကြီးမားမား ယောကျာ်းလေးဆို နင်ပဲရှိတာ . . "

" နင်မို့ အဲဒီဟာတွေနဲ့ပတ်သက်တယ် . . လူကိုလူလို့ ထင်တာမဟုတ်ဘူး . . သူတို့ကိုယ်သူတို့လူထင်နေတာ . . အခု ကြည့်ပါဦး . . သားသမီးချင်းမစာနာ . . ထိုးကြိတ်သွားလိုက်တာ ဒါလုပ်စရာလား . . "

" နင်ထပ်ခိုးဖို့ မကြိုးစားနဲ့နော် ခိုင်လွင် အဖေ့ကိစ္စက တရားရုံးလိုက်ရဦးမယ် နင်ပါ တရားရုံးရောက်နေဦးမယ် . . "

ငရဲဆိုသည်မှာ ဘယ်လောက်ပူမှန်း ငရဲရောက်မှသာမှ သိလိမ့်မည်။ ကျွန်တော့်အတွက် ချယ်ရီ့ကိုပြန်ခေါ်သွားသော ညက



www.burmeseclassic.com

www.burmeseclassic.com



လောကရေကြီးစွာ ခံစားရလေသည်။ သတို့သမီးအကျႌ တောင်အပ်ပြီးနေပြီဆိုတော့ အခြေအနေအခွင့်အရေးက ကျွန်တော့်ဘက်မှာမရှိတော့ပြီ။

" အိမ်က ယောက်ျားတွေသုံးယောက်ရှိတာ ဖအေကလဲ နောက်မိန်းမကိစ္စနဲ့ . . သားကလည်း ရည်းစားကိစ္စနဲ့ ရှုပ်ယှက်ခတ်နေတာပဲ. . ငါလည်းယူမဲ့ယောက်ျားမရှိလို့ ရှိရင် လိုက်ပြေးတယ်. . "

အစ်မလတ်၏ရွဲ့ပဲ့ပြောသံကို ကြားသော်လည်း ကျွန်တော်ဘာမှ ပြန်မပြောဖြစ်။ ကျွန်တော့် ကောင်မလေးကိုမှ ယူမဲ့အောင်ဝေကို စိတ်ကူးထဲတွင် ခါးပြင့်နုတ်နုတ်စင်းကာ ရေတ်သီး၊ ဆားတို့ဖြင့်နယ်နေမိသည်။

" မိန်းမတွေအများကြီးပါကွာ . . မင်းသာမရှိရင် ငါဒီလိုစိတ်ညစ်ရမှာမဟုတ်ဘူး . . မိန်းမလည်းခိုးစရာမလိုဘူး . . ငါ့ရည်းစားနဲ့ ငါအေးဆေးပဲ . . "

ကျွန်တော်ထိုသို့စဉ်းစားမိပါသည်။

ဂျူး၏ဝတ္ထုတစ်ပုဒ်ထဲတွင် ကိုယ့်ရည်းစား၏ မင်္ဂလာဦးညကို ယောက်ျားလေးဖြစ်သူသည် ရှူးမတာတ် အရှုံးဖြင့် ကြံ့ကြံ့ခံရင်ဆိုင်ရသည်ဟု ဖတ်ဖူးခဲ့သည်။ ကျွန်တော်လည်း စိတ်ထဲတွင် တွေးကာ ရှူးမတာတ်ပုလောင်လှပါသည်။ ဒီအချိန်ကျမှ အဖေကလည်း တိုက်တိုက်ဆိုင်ဆိုင် ပြဿနာတွေဖန်တီးသည်။





ကျွန်တော့်ထံကိုလည်း ပြဿနာတွေ ပြုံဝင်လာသည်။

ကျွန်တော့်စိတ်ထဲတွင် ချယ်ရီ့ကိုဆုံးရှုံးရတော့မည်ဟု ကြိုတင်သိကာ ထိုအသိသည် ကျွန်တော့်ကို ပြောမပြတတ်အောင် နှိပ်စက်နိုင်ပါသည်။ ရပ်ကွက်ထဲတွင် အဖေ့ကို စာရိတ္တမကောင်းသောသူ၊ ရက်စက်ကြမ်းကြုတ်သူ၊ ဖခင်မပီသသူအဖြစ် သတ်မှတ်လိုက်ကြပြီး ကျွန်တော့်ကိုကား မမှီတဲ့ပန်း တုံးခုလှမ်း ဘယ်တစ်လှမ်းညာတစ်လှမ်း ထောင်နခမ်းဟု မြင်နေကြသည်။

ထို့ကြောင့် ကံဆိုးမှုများသည် သူ့တစ်ဦးတည်း ဘယ်တော့မှမလာတတ်ဟု ကျွန်တော်က ဆိုချင်ပါသည်။

× × × × × × × × × × × × ×



www.burmeseclassic.com

www.burmeseclassic.com



" ငါ ကားနံပါတ်ကိုသူတို့ သိတော့ ဒီလိုတွေဖြစ်ကုန် တာပဲ ခိုင်လွင် . . စန္ဒီလဲ ရစရာမရှိအောင် အပြောခံလိုက်ရတယ်. . စန္ဒီ အပြောခံရပါစေ. . ပြဿနာမရှိပါဘူး. . ဒါပေမဲ့ ငါ နင့်တို့ အတွက် အရမ်းစိတ်မကောင်းဖြစ်ရတယ်. . "

စန္ဒီက မျက်ရည်လေးဝဲကာ လေသံဖြင့်ရှင်းပြရှာပါသည်။

" ရပါတယ်ဟာ "

ကျွန်တော်လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ထားလျက် ခေါင်းငိုက်စိုက်ချထားသည်။

" ချယ်ရီ ညက လက်ကျိုးသွားတယ် "

" ဘယ်လို "

" ဟုတ်တယ်. . သူတို့အိမ်ရောက်တော့ . . . . . . "

စန္ဒီက စကားဖြင့်ပြောပြသော်လည်း ကျွန်တော့်မျက်ဝန်းထဲတွင် ချယ်ရီဘာတွေဖြစ်နေသလဲဆိုတာ မြင်လာသည်။





အိမ်ပြန်ရောက်တာနဲ့ ချယ်ရီက အောင်ဝေ့ကို ပါးရိုက်သည်။ ကျွန်တော့်ကို ထိုးတဲ့အတွက်။ ပြီးတော့ အခန်းထဲဝင်ကာ အတွင်းမှ သော့ပိတ်လိုက်သည်။

ချယ်ရီ ဘယ်လိုခံစားနေရမလဲဆိုတာ ကိုယ်ချင်းစာပါသည်။ စိတ်လိုက်မာန်ပါလုပ်တတ်သော ချယ်ရီသည် သူများအသားကိုနာအောင် မလုပ်ရသောအခါ ဒေါသဖြင့် သူ့ကိုယ်သူ တစ်ခုခု လုပ်ဖို့ စဉ်းစားပါလိမ့်မည်။ တိုက်ပေါ်က ခုန်ချဖို့ ချယ်ရီ့မှာ သတ္တိရှိလောက်၍သာ. . . . ။

" နင့်ကြောင့်ပဲ ခိုင်လွင် . . စန္ဒီ အစက ချယ်ရီ့ကို ဒီလောက် မထင်ဘူး . . "

အခု တဖြည်းဖြည်း ချယ်ရီ့ကို ကြောက်လာပြီ . . သူ နင့်ကို ကြောက်စရာကောင်းလောက်အောင် ချစ်တယ်ခိုင်လွင်"

ကျွန်တော့်ဘဝမှာ ကျွန်တော့်ကို တော်တော်ရူးရူးမိုက်မိုက်ချစ်သော မိန်းမဆို၍ ချယ်ရီသာရှိမည်ထင်ပါသည်။

ချယ်ရီသည် ကျွန်တော့်အတွက် ဆင်ကန်းတောတိုးဖြစ်၍နေချေပြီ။

" ငါ ဒီည ချယ်ရီ့အိမ်ရှေ့သွားမယ် "

" နင် ဘာသွားလုပ်မလို့လဲ "

" သီးချင်းဆိုမလို့ "



www.burmeseclassic.com

www.burmeseclassic.com



" အာမိပ္ပါယ်မရှိတာ . . နင်အဲသလိုရွဲ့တော့ ချယ်ရီ ပိုဆိုးမှာပေါ့ . . "

" ငါ မကျေနပ်ဘူး "

" မိဘတွေလည်း သူတို့ဘက်က စဉ်းစားတာပေါ့ဟာ"

" ငါနားလည်ပါတယ် "

" နားလည်ရင် အခြေအနေမှန်ကို လက်ခံရမှာပေါ့ ခိုင်လွင်"

ကျွန်တော်ပထဆုံးကြိုက်ခဲ့သော မိန်းခလေးက ကျွန်တော့် ဘဝတွင် အမှားအမှန် ပြောပြနိုင်သော သူငယ်ချင်းဖြစ်လိမ့်မည် ဟု ကျွန်တော်မထင်ခဲ့ပါ။

" ရုပ်ရှင်တွေ ဗွီဒီယိုတွေထဲမှာတော့ ဒီလိုဇာတ်လမ်းမျိုး ဆို မရမက ပေးညားမှာပဲ . အပြင်မှာ . . နင်တို့ဇာတ်လမ်းက ဆက်ရန်မရှိဖြစ်နေတာ . . ငါ့အမြင်ကိုပြောတာနော်. . နင့်မှာ ရှင်းရမဲ့ပြဿနာတွေ တစ်ပုံကြီးရှိသေးတယ်. . ချယ်ရီ မိဘတွေ ဘက်ကလည်း မျက်နှာပျက်ရမဲ့ ကိစ္စကို ဒီတိုင်းလွှတ်ထားမှာ မဟုတ်ဘူး "

ကျွန်တော့်ကို စန္ဒီလွင်က လေသံအေးအေးဖြင့် ရှင်းပြသည်။

သို့သော် ကျွန်တော် နားမဝင်တော့ ။

" ငါ ချယ်ရီ့ကို ထပ်ခိုးမယ် "

"နင်တို့နှစ်ယောက်ယူပြီးလဲ လိုက်ခွဲမှာပဲခိုင်လွင်. . "





" နင့်က ဘာလို့ ဒီလောက်သေချာနေတာလဲ "

" ဘာလို့လဲဆို အောင်ဝေက ချယ်ရီ့ကိုသာရပါစေ. . လေးဘယ်နှစ်ယောက်ပါပါစေ လက်တပ်မယ်တဲ့ . . "

ကျွန်တော် စိတ်မလျှော့သေး ။

သို့သော် ချယ်ရီတို့ လက်မှတ်မထိုးခင် တစ်ရက် . . န်တော့ လေးဖြူရဲ့လိပ်ပြာအခွေကို ဖွင့်၍နားထောင်နေခိုက် ယ်ရီ ရောက်လာသည်။

" နင် . . ဘယ်လို ရောက်လာတာလဲ "

" လာနှုတ်ဆက်တာ "

" နှုတ်ဆက်တာ "

" ဟုတ်တယ် ချယ်ရီ မနက်ဖြန် မနက်ဆို လက်မှတ် တော့မှာ "

ကျွန်တော့်ရင်ထဲကိုဝမ်းနည်းမှုကအာလုံးအရင်းဝင်လာ သည်။ ်ရီ ကျွန်တော့်ကိုထားခဲ့ပြီ။ ချယ်ရီနဲ့ကျွန်တော် အချစ် စစ်ပွဲမှာ လှ ရှုံးနိမ့်သွားကြပြီတည်း။

" နင် တစ်ခုခုပြောချင်သေးလား . . . မောင် "

" ငါ. . . ငါ ဘာပြောရမလဲချယ်ရီ "



www.burmeseclassic.com

www.burmeseclassic.com



" ပြောရမှာပေါ့ . . ဥပမာ . . ငါစိတ်ချမ်းသာပါ
ဆိုတာမျိုးပေါ့ . . ဒါမှမဟုတ် . . ငါတကယ်ကြိုက်ခဲ့တ
မင်းမဟုတ်ဘူး . . ဆိုရင် ချယ်ရီ နေသာလိမ့်မယ်ထင်တယ် "

" မပြောနိုင်ဘူးချယ်ရီ . . ငါမင်းကိုချစ်တယ် "

" အခုမှ နင်ဒီစကားကို ပြောရဲတယ်မောင် . . နင့်ဆီ
ဒီစကားတစ်ခွန်းကြားရဖို့ ငါမှာ စောင့်လိုက်ရတာ . . "

" အခု တစ်ယောက်တည်းလား "

" မဟုတ်ဘူး . . အိမ်ရှေ့မှာ အောင်ဝေရှိတယ် . . နင့်
နှုတ်ဆက်ဖို့ ငါခွင့်တောင်းထားတာ . . "

" ငါက ရှုံးနေပြီးသားပါချယ်ရီ "

" မောင် မရှုံးဘူး . . ငါပဲ ရှုံးတာ . . ငါမောင့်ကို အ
မျှော်လင့်ခဲ့ဖူးတယ် . . ငါ့ကို မောင်က တစ်ခြားမြို့တစ်မြို့
ခေါ်သွားနိုင်မှာပါလို့ ယုံကြည်ခဲ့ဖူးတယ် . . "

" ခွင့်လွှတ်ပါချယ်ရီ . . ငါသတ္တိမရှိခဲ့ဘူး . . ငါသတ္တိ မ
ကောင်ပါ . . "

" မဟုတ်ဘူး ချယ်ရီ မိုက်မဲတာပါ . . အောင်
စာမပေးခိုင်းရင် ဒီလိုဖြစ်မှာမဟုတ်ဘူး . . "

" ပြီးခဲ့တာတွေ မပြောပါနဲ့တော့ကွာ "





" အခုမောင့်ဆီလာတာ ချယ်ရီတောင်းစရာတစ်ခုရှိလို့"

" တောင်းစရာ . . . "

ကျွန်တော်နှင့်ရည်းစား ဖြစ်သော ကာလတစ်လျှောက်
ကျွန်တော်ကသာ နမ်းဖို့ ဖြားယောင်းခဲ့ရသော၊ ကျွန်တော်နမ်းဖို့
ခေါင်းကွက်ထူထူလေး တမင်ကွက်ထားတတ်သော၊ ကျွန်တော်ကသာ
တောင်းဆိုလျှင် ဘာကိုမဆို ပေးမှာဖြစ်သော ချစ်သူသည် သူစိမ်း
တစ်ယောက်နှင့် လက်ထပ်ခါနီးချိန်တွင် ကျွန်တော့်ကို နမ်းခွင့်
ပြုရန် တောင်းဆိုလေသည်။

"တခြားတစ်ယောက်နဲ့ လက်ထပ်ရတော့မဲ့ မိန်းမက
မောင့်ကို ချစ်ကြောင်းပြောနေတာ . . ရယ်စရာတောင်ကောင်းနေ
လားပဲ"

မျက်ရည်လူးနေသော ချယ်ရီ့ပါးပြင်တစ်ဖက်သည်
ကျွန်တော့်ပါးပြင်ကိုညင်သာစွာ လာထိသည်။

ပြီးတော့ နှာခေါင်းနှင့် ကျွန်တော့်နဖူးကို နမ်းသည်။

" မောင့်ကို ချယ်ရီ သိပ်ချစ်ပါတယ် "

ကျွန်တော် ချယ်ရီ့လက်တစ်ဖက်ကို သွေးရူးသွေးတန်း
ဆွဲထားမိသည်။ ဒါက အဆုံးသတ်လား ။

သေချာတဲ့အဆုံးသတ်လား။

လူက ဂယောင်ကတန်းဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



" မင်း ငါ့ကို မေ့လိုက်တော့ . . . . "

ကက်ဆက်မှ လေးဖြူအသံက ဆွဲဆွဲငင်ငင်ထွက်လာသည်

" အချစ်က ဘာမှ အရေးမကြီးဘူး "

ကျွန်တော် ကက်ဆက်ကို ပိတ်ပစ်လိုက်သည်။

ချယ်ရီက ကျွန်တော့်ကိုလှည့်တောင်မကြည့်တော့ဘဲ ပြေးဆင်းသွားသည်။ ချယ်ရီ့နောက် ကျွန်တော်လိုက်သည်။ အမှန်တော့ မသိစိတ်ဖြင့်လိုက်မိခြင်းဖြစ်သည်။

သို့သော် လမ်းခုလတ်မှာ အောင်ဝေက ကျွန်တော့်ရှေ့ ကာထားသည်။

" ချယ်ရီ လာချင်လွန်းလို့ လိုက်ပို့တာ . . မင်းကို ငါတစ်ခု တောင်းပန်ချင်တာ . . ငါတို့လက်ထပ်ပြီးရင် မင်းဒီရပ်ကွက်မှာ မနေပါနဲ့တော့ ခိုင်လွင် . . မင်းကို မြင်နေရင် သူစိတ်ဒုက္ခ ရောက်ရလိမ့်မယ် "

" ငါ မပြောင်းပေးနိုင်ဘူးဆိုရင်ကော "



" မင်းမပြောင်းပေးရင် ငါပြောင်းမှာပေါ့ ခိုင်လွင် . . ငါတစ်ခုပြောချင်တာက မင်း၊ ငါ့နေရာကနေ ကိုယ်ချင်းစာပေး ပါ . . ငါ့ကို မတရားဘူးလို့ မင်းထင်လိမ့်မယ် . . တကယ်တော့ ငယ်ငယ်ကလေးထဲက ချယ်ရီ့ကို ငါချစ်ခဲ့ရတာပါ . . ငါ့အတွက် ချယ်ရီမရှိလို့ မဖြစ်ဘူး . . ငါ့မှာ ချယ်ရီ့ကိုပိုင်ဆိုင်ဖို့ထက် အရေးကြီးတာ ဘာမှမရှိဘူး . . သူ့ကိုရဖို့သာဆို . . သူနဲ့ပါလာမဲ့ စည်းစိမ်တွေမပါလည်း ငါယူမှာ . . သူ့အတွက် ငါ ဒုက္ခ ဘယ်လောက်ရောက်ပါစေ . . ငါခံမယ် . . မင်းချစ်သူကို ငါလု သွားတယ်လို့ မင်းထင်မှာ . . မုန်းမှာငါသိတယ် . . အဲဒီ မင်းချစ် တဲ့သူကို မင်းနဲ့ မချစ်ခင်ကတည်းက ငါက ချစ်တယ်ဆိုတာလေး မင်း ကိုယ်ချင်းစာပေးရင် ကျေနပ်ပါတယ် ခိုင်လွင် . . "

ကျွန်တော်အောင်ဝေမျက်လုံးများထဲ တည့်တည့်စိုက်ကြည့် လိုက်သည်။

ယောကျ်ားချင်းမို့ ကျွန်တော်သိပါသည်။

အောင်ဝေသည် ကျွန်တော့်ထက် ချယ်ရီ့ဒုက္ခကို ပိုခံနိုင် သူဖြစ်သည်။ ချယ်ရီ့အတွက် လင်ယောကျ်ားကောင်းတစ်ယောက် ဖြစ်မယ်ဆိုတာ သေချာသောတိကျမှုမျိုး အောင်ဝေဆီမှာရှိသည်။

အဲဒါတွေထက်ပိုသေချာတာက အောင်ဝေနှင့်ကျွန်တော် အခြေအနေချင်းလုံးဝ မတူညီချင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ ချယ်ရီ့အနာဂတ်အတွက် ပုံအောပြီး စွန့်စားရလောက်အောင် အရည်အချင်းမရှိပါ။

မိန်းမဆိုတာ ယူချင်တိုင်းမရပါချေ။

မိန်းမတစ်ယောက်ကို လုပ်ကိုင်ကျွေးမွေးဖို့ ဝင်ငွေမရှိပါဘဲလျက် -- ထားစရာနေစရာမရှိပါဘဲလျက် ယူဖို့ မဖြစ်နိုင်ချေ။

ယူမဲ့မိန်းမက လမ်းဘေးပလက်ဖောင်းဘေးမှာ အိပ်နိုင်သော အငတ်ငတ်အပြတ်ပြတ်နေနိုင်သော မိန်းမဆိုလျှင်တော့ အကြောင်းမဟုတ်။

သို့ရာတွင် လူဟူသည် စား၊ ဝတ်၊ နေ ဤသုံးပါးတွင် နေရေးနှင့် စားရေးမပြည့်စုံလျှင် မဖြစ်။

မရှိမဖြစ်နေဖို့နေရာ။

မရှိမဖြစ် စားဖို့ အစာရှိရပေမည်။

ဝတ်တာက အစုတ်နဲ့နေလျှင်ရသေးသည်။

အစုတ်အပြဲဝတ်၍ ရောဂါမဖြစ်။

နေဖို့ နေရာမရှိလျှင် လမ်းဘေးတဲထိုးရမည်။ လမ်းဘေးတဲထိုးရာတွင် အခန့်မသင့်လျှင် စည်ပင်ရဲနှင့်တိုးမည်။

အစားချို့တဲ့လျှင် နောက်ဆက်တွဲ ရောဂါဖြစ်မည်။ ဆေးရုံပေါ်တွင် သကြီုလ်စားရိုတ်မရှိသော အလောင်းဖြစ်သွားလိမ့်မည်။





ပါးစပ်ပေါက်တစ်ပေါက်တည်း လူတွင်ပါ၍ တော်တော့သည်။ နှစ်ပေါက်သာပါလာလျှင် ရှုပ်လိုက်မည့်ပြဿနာ။

ရှုပ်ယှက်ခတ်နေမှာ သေချာသည်။

ဒီသဘောကို လုပ်ငန်းခွင်ထဲမှာ နေတာကြာလာမှ၊ အသက်ပိုကြီးလာမှ၊ အချစ်ဆိုသော ရင်ခုန်မှုတွေ ခုအာခဏာကြုံလာမှ ပိုနားလည် လာခဲ့တာတော့အမှန် ။

အချစ်ဦးနှင့် ကွေးကွင်းရသော ခံစားချက်များအနက် သူ့မဝ်လာဦးညသည် ကျွန်တော့်အတွက် အဆိုးဆုံး ခံစားချက်ကို ပေါက်ကွဲစေခဲ့သည်။

သူ ဟိုကောင့်ရင်ခွင်မှာ . . .။

သူ့ နှုတ်ခမ်း၊ သူ့ ပါးပြင် ၊

ကျွန်တော်မထိရက်ခဲ့သော အရာအားလုံးကို ပိုင်ဆိုင်သူရှိသွားပြီ။ ကျွန်တော့်မှာ ကိုယ့်နဖူးကိုယ် ပြန့်စမ်းပြီး ငိုချင်သလိုလို ဝမ်းနဲလာသည်။ ထိုညဦးပိုင်း (သူ့မင်္ဂလာဦးည) မှာ ကျွန်တော်ရင်တွေပူကာ ဘာလုပ်ရမှန်းမသိ ။

" အရက်သောက်မလား ခိုင်လွင် "

" မသောက်ချင်ဘူး "

" မင်းဘာလုပ်ချင်လဲ သူငယ်ချင်း "



www.burmeseclassic.com

www.burmeseclassic.com



" အင်း. . . . ငါ . . . ရေကူးချင်တယ် "

" ရေကူးချင်တယ်"

" ဟုတ်တယ် ငါ့တစ်ကိုယ်လုံးပူနေတယ်ကွာ. . ငါ ရေထဲစိမ်နေရရင် ကောင်းမယ် "

ပုရွက်ဆိတ်က သူ့အိမ်ခေါ်သွားသည်။

သူတို့အိမ်က ရေကန်ကိုဘုတ်နှင့် လေးဘက်လေးတန်ကာထားသည်။ ရွှံ့ရတွင်းမှ ရေကို မော်တာဖြင့်တင်ပြီး ရေကန်ထဲထည့်ခြင်းဖြစ်သည်။

" ငါ့အမေနဲ့အဖေ . . အသုဘ တစ်ခုသွားတယ်. . ကဲ နိုင်လွင် သူဝယ်ချင်း . . ဗီကန်ထဲ မင်းခုန်ဆင်းတော့ "

" ဘာတွ မင်းက ငါ့ကို ရေမရှိထဲချောင်း နှာခေါင်း ဖော်ပြီး သေခိုင်းတာပေါ့ . . "

" မင်းပဲ ပူတယ်ဆို . . မင်းကိုသေခိုင်းတာ မဟုတ်ဘူး. . ရေစိမ်ခိုင်းတာ. . သေချင်သပဆို. . လဲသေ. . ကဲ. . လှဲသေ. . သေ. . "

ကျွန်တော်အတွင်းခံဘောင်းဘီသာချန်ထားပြီး။

ကျန်တာအားလုံးချွတ်ကာ အုတ်ကန်အသေးထဲ ဝင်စိမ်လိုက်သည်။ စိမ့်အေးသောတွင်းရေနှင့်ကိုယ်လုံးအတွေ့မှာ . . လူက တဒင်္ဂ ငြိမ်းချမ်းသွားသလိုရှိသည်။



သို့သော် ရုတ်တရက် ကျွန်တော့်ဖိုက်ကို ခဲစွးစွး ကိုက်လိုက်သလိုခံစားလိုက်ရသဖြင့် . . .

" ဟာ. . ကိုက်တယ်ဟ "

ထို့နောက် ဆက်တိုက်ကိုက်လိုက်သလိုဖြစ်လာရာ ကျွန်တော်လန့်သွားသည်။

" ပုရွက်ဆိတ် . . ကိုက်တယ် . . ကိုက်တယ် . . "

" ရေထဲမှာ ပုရွက်ဆိတ် ရှိတယ်ထင်တယ် "

" မဟုတ်ဘူး . . ကိုက်တာကွ . . ပုရွက်ဆိတ် "

" အေးလေ . . ပုရွက်ဆိတ်က မကိုက်လို့ မင်းကိုစမလား"
" ဟာ လှိုင်ငြိမ်းချမ်းရေ . . ငါ့ကို တစ်ခုခုကိုက်တယ်ကွ. . ထဲမှပဲ"

" ဟာ. . ငါသတိရပြီး ဟို. . . မြွေ"

" အန် . . မြွေ . . အား "

ကျွန်တော့်မှာ ခံစားရသမျှ ကြေကွဲမှုတွေ ဘယ်ရောက်သွားမှန်းမသိတော့။ ချယ်ရီလဲ မသိ။ စိတ်ထဲတွင် မြွေ ငါ့ကိုကိုက်ပြီထင်ကာ. . .

ကျွန်တော် အုတ်ကန်ထဲမှ ခုန်ထွက်သည်. . .

အရေးထဲ . . ရေပိုက်ခေါင်းတစ်ထားသောကြောင့် ပိုက်နှင့် ဘောင်းဘီညိကာ အုတ်ကန်ဘောင်ပေါ်တွင် တန်းလန်းဖြစ်ကာ လူသူ့လေးပါး မြင်မကောင်းရှိနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



" ဟော့ကောင် . . သရဲလားမသိဘူး ငါ့ကိုဆွဲထားတယ်"

" မဟုတ်ပါဘူးကွာ "

" ဟုတ်တယ်ကွ "

ထိုစဉ် ကျွန်တော့်ကို စိတ်မချ၍ ပုရွက်ဆိတ်အိမ် လိုက်လာသော ကျောက်ဘီလူးလား ကျွန်တော်တို့ဆီ အိမ်ဘေးမှ ပတ်၍ လာနေတာတွေ့လိုက်သည်။ ကျွန်တော့်မှာ သူငယ်ချင်း ကိုမြင်ရစဉ် အားတက်ကာ. .

" ဟိုမှာ ဘီလူး လာနေပြီ "

ဟု နာမည်ပြောင် အစအဆုံးမခေါ်နိုင်ဘဲ ထိုသို့သာ ထွက်သည်။ ကျွန်တော့်ဘောင်းဘီကို ပိုက်ခေါင်းမှဖြုတ်နေဆဲ ပုရွက်ဆိတ်မှာ ဘီလူးဆိုသောအသံကို ကြားသည့်အခါ ကြောက်လန့်တကြားဖြင့် --

" ဘယ်မှာလဲ ဘီလူး. . အစွယ်နဲ့လား "

ဟု ကြောင်တောင်တောင် ခပ်ကျယ်ကျယ် ပြန်မေးလေ သည်။

ထိုမေးသံကို မီးခပ်မှိန်မှိန်အားပြု၍ လာနေသော ကျောက်ဘီလူးက ကြားပုံရသည်။ ဘီလူး(တကယ့်)ဟုထင်ကာ ဖဲဒီကောင်ကြောက်ပြီး အိမ်ရှေ့ဘက် ပြန်ပတ်ပြေးထွက်သွား သည်။





အဲဒီကောင်ခြေသံကိုပဲ ကြားရတော့သည်။ ထိုအချိန်တွင် တောင်ကြည့် မြောက်ကြည့်(ကျောက်ဘီလူးဘက် စေ့စေ့တ လှည့်မကြည့်ခဲ့သော)ကာ ခြေသံကြားရာ ခေါင်းပြူကြည့်သော ပုရွက်ဆိတ်သည် လူဟုရိပ်မတွေ့ရဘဲ ခြေသံသာကြားရသော အခါ . .

တကယ့်ဘီလူးထင်ပြီး ကျွန်တော့်ကို ထားခဲ့၍ အိမ်ရှေ့ကို ထွက်ပြေးလေတော့သည်။

ကျွန်တော့်မှာ ,အုတ်ကန်ပေါ်တွင် တန်းလန်းဖြစ်လျက်

" ဟာ. . ဟော့ကောင့်တွေ . . ငါကြောက်တယ်ကွ "

ကြောက်စိတ်သည် တော်တော်ဆိုးပါသည်။

ကျွန်တော်မှာအော်ရင်း ချွေးပြန်ကာ အောက်က ရှူးတွေ ထွက်လာတော့သည်။ ချယ်ရီကို ဘုရားစူး တစ်ချက်သတိမရခဲ့။

မျက်လုံးက စကောလောက်။

အစွယ်က ငှက်ပျောဖူးလောက် ။ အရပ်က ထန်းတများ လောက်။ အသားက မီးသွေးလောက် ရယ်သံက မိုးချိန်းသံ လောက်. . .

ဤသို့ အလက်ာမြောက် ဘီလူးတစ်ကောင်းပေါ်လာခဲ့ ပါမူ ရှူးတင်မက မစင်ပါထွက်ပြီး ကျွန်တော်သေသွားလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



" ဟော့ကောင်တွေ . . ငါကြောက်တယ်ကွ . . ဟီး. ဟီး ခွေးမသားတွေ ငါ့ကို တစ်ယောက်ထဲထားခဲ့တယ် . . "

ကြောက်ပြီး ဆဲမိဆဲရာဆဲကာ အော်ငိုနေသော ကျွန်တော်သည် ထိုခဏမှာပင် . .

" ဟဲ့ ခိုင်လွင် နင်ဘယ်သူ့ကို ခွေးမသားလို့ ဆဲနေတာလဲ"

ဆိုသောမေးသံနှင့်အတူ ပုရွက်ဆိတ် အမေရောက်လာလေသည်။

" အန်တီ . . အန်တီ သားသားကို လာဖြုတ်ပေးပါဦး "

" ဘာတွေ အော်နေတာလဲ ငါလာပြီ ဘယ်မလဲဘီလူး. . ပေါက်ကရ . . ဒီကန်ထဲမှာ ဘာမြွေမှမရှိဘူး . . မနက်က ဈေးသွားရင်းငါးဝယ်တာ ငါးမွေးထိုးတစ်ကောင်အရှင်ပါလာလို့ ခဏထည့်ထားတာ. . ငါစိတ်မချလို့ ပြန်လာတာ. . တော်သေးတာပေါ့ နို့မို့ ဘာတွေ ဂဂျိုးဂဂျောင် ဖြစ်ကြဦးမလဲ မသိဘူး. . "

ဤကား ကျွန်တော်အသဲကွဲခန်းဖြစ်သည်။

× × × × × × × × × × × × ×





တစ္ဆေနှင့်စ၍ ဘီလူးနှင့်ဆုံးသော အချစ်ဦးဇာတ်လမ်းကို တစ်နေ့နေ့တွင် ကျွန်တော့်သားသမီးများအား ပြောပြချင်ပါသေးသည်။

အဲ. . .

ချယ်ရီနဲ့ အောင်ဝေ လက်ထပ်ပြီးနောက်ပိုင်း . . ဘာဖြစ်သေးလဲဆိုတော့ ကျွန်တော့်အဖေ ထောင်ကျသည်။ အလွဲသုံးစားမှုဖြစ်သည်။ အမှုအတွက် ငွေကုန်ရန် အိမ်ရောင်းလိုက်ရသည်။ ရွှေ့နေလည်း ငါးသည်ကိုး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စာမေးပွဲအောင်၍ ချယ်ရီကျသည်။

ကျွန်တော်က လှည်းတန်းရှိ ယောကျ်ားလေးဘော်ဒါတစ်ခုတွင် ငှါးနေပြီး ညီလေးနှင့် အစ်မနှစ်ယောက်က အိမ်ငှါးကာ အတူနေသည်။ အဆောင်နေယောကျ်ားများ၏ ဟာသများကို မပြောလိုတော့ပြီ။ နောင်ဘဝ ဘာဖြစ်ချင်လဲ မေးလျှင်..

" မိန်းခလေးအဆောင်မှာ ရေချိုးခန်းစောင့်ရတဲ့ နတ်ဖြစ်ချင်တယ် " ဆိုသောကောင်တွေနှင့်ပေါင်းရာမှာ ကျွန်တော် အသဲကွဲတာ ပြန်ကျက်သွားသည်။ ဆေးတွေက အကောင်းစားတွေချည်းကိုး။

ကျက်ဖို့ ဆေးကတော့ နောက်ထပ် ရည်းစားတစ်ယောက်ထပ်ရခြင်းဖြစ်သည်။

ထိုအကြောင်းကို အလျဉ်းသင့်လျှင် ကျွန်တော် ပြောပြပါဦးမည်။ ကျွန်တော်အဓိက ပြောချင်တာက...

အချစ်သည် အဆင်သင့်ဖြစ်မှ ကောင်းပါသည်။

အရာရာပြည့်စုံ၍ အဆင်သင့်ဖြစ်လျှင်တော့ သူ့ထက်ကောင်းတာတောင် သူ့လောက်မကောင်းဆိုတာမျိုးပင်ဖြစ်သည်။

ကျွန်တော်က လမ်းသွားရင် ခိုးခိုးခစ်ခစ်ရယ်သော ခပ်သွက်သွက် ကလေးမလေးများတွေ့လျှင် မှိန်းမောစွာငေးကြည့်တတ်ပါသည်။





ကြည့်ခံရသူကတော့ " ဒီဘူးကြီး အတိုးကြီးဖြစ်မှ အရှုံခံချင်သေးတယ်" ဟု တွေးမှာ သေချာပါသည်။

ကျွန်တော်ကတော့၊ " ဩော်.. ချယ်ရီနဲ့ တူလိုက်တာ ဟု" တွေးမိသည်။

တဆက်တည်း " အိမ်က ဟာကြီးနဲ့များကွာပါ့ " ဟုလည်း တွေးမိသည်။ ပြီးတော့ ကျွန်တော်ငုံ့ကြည့်သည်။

အသက်ကြီးလျှင် ယောကျ်ားများသည် ကိုယ်ယူထားသော မိန်းမများကို စိတ်ပျက်တတ်ကြပါသည်။

ခလေးခဏခဏမွေး၍ ဗိုက်ခေါက်ထူ၊ ညအိပ်လျှင် အီရတ်တိုအမေရိကန်ဗုံးကြဲသလို ဟောက်သံပေးတတ်သော မိန်းမကို စိတ်ပျက်တိုင်း ကျွန်တော်ကတော့ ကိုယ့်ဗိုက်ကို ငုံ့ကြည့်လိုက်တာပဲ။

" ငါလည်း ပူတာပဲ .. ဗိုက် "

ပြီးမှ ..." ဩော် .. ဇရာ.. ဇရာ အသက်က စကားပြောလာပြီ.. နွားပျိုသန်လှ နွားအိုပေါင်ကျိုးသလောက် ဆိုတာရှိပေမဲ့ စိတ်အလိုလူမလိုက်နိုင်တော့ဘူးပဲ.. ဒါတရားတွေပဲ.. သင်္ခါရတွေပဲ.. ခိုင်လွင် ..ရှူ..ရှူ " ဟုကိုယ့်ဖာသာကိုယ် အားပေးရသည်။

အဲသလို အားပေးမှ။



www.burmeseclassic.com

www.burmeseclassic.com



နို့မို့ ကာရာအိုကေ ဆိုင်သွားချင်စိတ်ကို ဖျောက်လို့မရ။

ယောက်ျားများသည် အငွေ့ဖြင့် နေ့ပျော်လေသည်။ မိန်းမမေးလျှင် အလုပ်က သူငယ်ချင်းတစ်ယောက် ဒုက္ခခံလို့ ပါဟု ခပ်မြမြ ။

မိန်းမကလဲသိသည်။

" အဖေကြီးရေ .. Gym မှာ သွားကစားရအောင်"

" ဘာလုပ်ဖို့တုန်း "

" အဆီလေးဘာလေးကျတာပေါ့တော် "

" အပို အလုပ်တွေ မင်း Statin (အဆီကျဆေး)သောက်နေတာပဲ "

" Exercise (လေ့ကျင့်ခန်း)ပေါ့ "

" လုပ်မနေပါနဲ့ကွာ .. ဒါသခ်ီရတွေပါ .. မြင်တာ ခဏတွေဘဝတွေရုတက်ပွေ့စေတဲ့ .. တကျာတွေပါ.. "

" ဟုတ်တာပေါ့ .. သခ်ီရမြင်တာခဏ.. ဘဝရတတ်ခွေတာကတော့မှန်တာပေါ့.. ရှင့်တို့က မြင်အောင်ကြည့်..ကြားအောင်ရှု ခဏခဏသွားနေတော့ ကျုပ်ကပဲ ရုတက်ပွေ့ရတာ.. နောက် ကာရာအိုကေဆိုင်မသွားပါနဲ့ ..ကျုပ် Gym မှာ ကစားပြီး ရှင့်ကို Cat Walk လျှောက်ပြမယ် "

" လောလောဆယ်တော့ Pig Walk ပေါ့ကွာ "





ကျွန်တော်နှင့်ချယ်ရီ တစ်ခါထပ်ဆုံပါသည်။

ဆုံပုံက ..ဝက်သားဆိုင်မှာ ...။

မိန်းမနေမကောင်း၍ ကျွန်တော် အလုပ်ကပြန် ဈေးဝင်ဝယ်ရသည်။

" ဝက်သား ..အသားချည်း.. ငါးဆယ်သား "

" ဝက်သား ..အသားချည်း.. ငါးဆယ်သား "

ကျွန်တော်ပြောတဲ့အတိုင်း လိုက်ပြောသည်ဆိုကာ နဲနဲထင်းပြီး ထိုအသံရှင်ကို လှည့်အကြည့် ..။

ဟား...။

နဲတဲ့ဟာကြီးမဟုတ်။

မေးကနှစ်ထပ်၊ ဗိုက်ကသုံးထပ်၊ ဟစ်တိုယ်လုံးကြည့်ရတာ ဘ်တာနှင့်ဘူးသီး ရောမွှေထားသလိုပဲ။

" နင် ..ခိုင်လွင် "

" အန် "

" ခိုင်လွင် ..ဝါချယ်ရီလေ "

" ချယ်ရီ ??... "

" အေးလေ ကြည့်စမ်း နင့်ကြည့်ရတာ ရုပ်ပျက်ဆင်းပျက်သလိုက်တာ"

" ငါက "



www.burmeseclassic.com

www.burmeseclassic.com



" အေးလေ အဆီလျှော့စားဟ . . ငါဆိုဝက်သားကို စားကိုမစားဘူး ဒါ အိမ်က တခြားလူတွေစားဖို့အတွက်လေ . . နင်ကရော . . "

" ငါကလား . . ငါက မိန်းမနေမကောင်းလို့ ဈေးဝင်ဝယ်ပေးတာ "

ကျွန်တော်သည် အချစ်ဦးတစ်ဖြစ်လဲ လူ့ဗြိတ္တာပုံပြောင်းနေသော မိန်းမဝဝကြီးကို ကြည့်ပြီး အိပ်မက်မက်နေသူလိုဖြစ်နေသည်။

ချယ်ရီသည် အရင်အတိုင်း သွက်သွက်လက်လက် စကားများမြဲ။

ကျွန်တော့်ထက် ပိုဝသော သူ့ခန္ဓာကိုယ်နှင့်မလိုက်အောင် လျင်မြန်စွာ ဝက်သားသည်ရှေ့မှာ ထိုင်ချလိုက်ပြီး ဝက်သားအသားချည်းထိုင်ရွေးကာ ပါးစပ်ကလည်း ကျွန်တော့်ကို ထိုင်ခိုင်းလိုက်သေးသည်။

" ထိုင်လေဟယ် . . ငါတို့ မတွေ့ရတာ တော်တော်ကြာသွားပြီပဲ နင်မိန်းမရတာကြာပြီလား . . နင့်မှာ ကလေးတွေရော ရှိရဲ့လား . . ငါကတော့ ကလေးသုံးကောင်မွေးထားတာထပ်ကို မမွေးချင်တော့ဘူးဟာ . . မျောက်တွေကိုထိန်းရတာမလွယ်ဘူးဟဲ့ . . တစ်နေ့ကို သူတို့ကြိုက်တဲ့ဟင်းတွေဝယ်ချက်ရတာကိုက ဒုက္ခတစ်မျိုး . . . "





ကျွန်တော်မှာ ဝက်သားတွေကို လက်နဲ့ထိသာထိနေသည်။ ချယ်ရီရဲ့ဇယ်ဆက်သလို ဆတ်ဆတ်နှင့် ဝက်သားရွေးလိုက် ကျွန်တော့်ဘက် လှည့်စကားပြောလိုက် လုပ်နေပုံအား ကြည့်နေတာနဲ့တင် ခေါင်းမူးလာသည်။ ချယ်ရီက ဈေးသယ်ဘက်လှည့်တာ . .

" ကဲ . . ရော့ ပြည့်ပြည့်ချိန်နော် . . ငါးဆယ်သား . . ဒီလဲနောက်ငါးဆယ်သားချိန်ပေးဦး . . "

ဝက်သားသယ်ဆီက ထွက်လာပြီးသောအခါ။

" နင် ဘာဝယ်ဦးမှာလဲ ခိုင်လွင် "

" ဟင် "

" နင့်မိန်းမက ဟင်းတစ်မျိုးထဲ ဝယ်လာရင် နင့်ကို ဆူမှာပေါ့ . . အသားတစ်မျိုးလောက် ထပ်ဝယ်လေ . . နင့်မလဲကြည့်ရတာခုချိန်ထိ . . ဘာလုပ်ချင်လဲဆိုတာ ကြိုစဉ်းစားပုံမရပါဘူး . . "

" ငါစဉ်းစားနေတာ ကန်စွန်းရွက်ဝယ်မလို့ "

" အေး . . အေး လာ ငါဝယ်နေကျအသယ်ရှိတယ် "

"ချယ်ရီ့နောက်မှာ အိမ်ဖော်ဖြစ်ပုံရသော ကလေးမလေးက ဈေးဆွဲခြင်းကူကိုင်ပေးသည်။

" ဒီ ဦးလေးဟာလဲ ကိုင်ပေးလိုက်ဦး "

www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်ကဲ့မမ "

" တစ်နေ့ တစ်နေ့ ဈေးဝယ်မဲ့အစား စစ်ပဲတိုက်ချင် တယ်

" ဘာဖြစ်လို့လဲ "

" ဈေးသယ်တွေက သိပ်အလေးခိုးတာဟဲ့. , ဝယ်နေ တောင်နှံ့လိုက်ရမှ. . နင့်လို အွလည်လည်နဲ့ မဝယ်တတ်တဲ့ပုံ ထက်ဝက်အလေးခိုးပါလိမ့်မယ်. . "

" ငါကတော့ ဈေးဖိုးရှာနေရတာ စိတ်ညစ်တယ်"

ချယ်ရီကျွန်တော့်ကို တစ်ချက်ကြည့်သည်။

" နင်ဘာလုပ်နေလဲ ခိုင်လွင် "

" ငါ. . ကွန်ပျူတာ ဒီဇိုင်နာပေါ့ "

" မြို့ထဲမှာလား "

" အင်း "

" ငါ့ကို လိပ်စာပြောခဲ့လေ . . ငါနဲ့ပတ်သက်တဲ့သူ ဒီဇိုင်းလုပ်ရင် နင့်ဆီလွှတ်လိုက်မယ်"

ကျွန်တော်က လိပ်စာကတ်ထုတ်ပေးသောအခါ ချယ် ကျွန်တော့်ရုံးခန်းနာမည်ကိုကြည့်ကာ ရေရွတ်သည်။

" Ghost. . . . တစ္ဆေ. . နင့်ဆိုင်နာမည်က တစ္ဆေ

" အေး "



"ကြဲကြဲဖန်ဖန်ဟယ် ဆိုင်နာမည်ကို တစ္ဆေလို့ပေးရတယ်လို့"

ချယ်ရီသည် ကျွန်တော့်ကို တစ်ချိန်က "တစ္ဆေ" ကဗျာ ပေးခဲ့ဖူးတာမေ့သွားလေပြီ။ ကျွန်တော့်မှာ ဝမ်းနဲသလိုလို ရှိလာသည်။

ဩော် . . . အချိန်တွေဟာ လူတွေကို ကောင်းကောင်း ပြောင်းလဲစေနိုင်တာပဲ။

" ဟဲ့ . . နင်ငါမေးတာ မဖြေသေးဘူး "

" ဘာလဲ "

" နင့်မိန်းမက ဘယ်ကလဲ မိန်းမရတာ ကြာပြီလားလို့. . ကလေးတွေရော ရှိလား "

" ငါ့မိန်းမက ဗဟန်း ထ(၁)မှာ S.A.T အထက်တန်းပြ ဆရာမလေ . . ငါ့မှာ ကလေးနှစ်ယောက်ရှိတယ် "

" ငါက အရင်အိမ်ထောင်ကျတာကိုး . . ငါ့သမီးက အခု ကိုးတန်းရောက်ပြီဟ . . ထိန်းရတာမလွယ်ပါဘူး. . ခေတ်ကာလ သားသမီးများ သိတ်လွှတ်လပ်ချင်တာ. . စတိတ်ရှိုးသွားပြီး ခုန်ပေါက်ချင်တာ ဘယ်လိုထိန်းရမှန်းမသိဘူး. . ကောင်လေး တစ်ယောက်ကိုလည်း အမြင်ကတ်လို့ အသဲခွဲသတဲ့. . စာကို မသင်ချင်ဘူး. . အေးပေါ့ ငါကလဲ စာမှမသင်ချင်တာ . . ငါ့သမီးက ငါ့အတိုင်းပဲသိလား ခိုင်လွင်. . ငါ့ထက်တောင် ဆိုးသေးတယ် . "



www.burmeseclassic.com

www.burmeseclassic.com



" ငါ့သားတွေက လိမ္မာတယ် "

" နင့်လိုပဲနေမှာပေါ့ "

ကန်စွန်းရွက်သည်ဆီက ကန်စွန်းရွက်နှစ်စည်း တစ်ရာဖိုး ဝယ်ပြီးသောအခါ ကျွန်တော့်တွင် ဝယ်စရာမရှိတော့။

" နင့်အိမ်က ဘယ်နားမှာလဲ "

" တာမွေမှာ "

" ငါကားနဲ့လိုက်ခဲ့လေ "

" ရပါတယ်ဟာ ငါဝင်စရာရှိသေးတယ်. . . . . "

တကယ်တော့ ညာပြောချင်းဖြစ်သည်။ ကျွန်တော် ချယ်ရီ ကားနဲ့ မလိုက်ချင်ပါ။ ကိုယ့်ကိုကိုယ် လိပ်ပြာမသန့်ချေ။

ဘာကြောင့်မှန်းမသိ ။

" အေးလေ ပြီးတာပဲ. . ဟဲ့ရော့. . ငါတို့ကုမ္ပဏီလိပ်စာ ကတ်ယူသွားဦး . . လမ်းမတော်မှာ ရုံးထိုင်တယ် . . အခု ပုဇွန် အိတ်စပို့စ်ပဲ ဖောက်ချလုပ်နေတာဟ . . မောင်က ငွေတော့ ရှာနေတာပဲ . . ကျန်းမာရေးထိခိုက်မှာစိုးလို့တောင် သတိပေး နေရတယ်. . ဟိုတလောကတောင် လေနဲနဲဖြန်းချင်သလိုရှိလို့ လေ . . ဘီယာလျှော့သောက်ပါဆိုတာ ပြောမရဘူးဟယ်. . နင်ရော . . လိမ်လိမ်မာမာနေသိလား . . နင့်တို့ ယောက်ျားတွေ မလိမ်မာရင် ငါတို့ မိန်းမတွေ စိတ်ညစ်ရတယ်ဟ. . ငါလည်း ဝိတ်လျှော့မယ်လျှော့မယ်နဲ့ ခုမြင်တဲ့အတိုင်းပဲ. . "





" အောင်ဝေရော အရင်လိုပိန်တုန်းပဲပေါ့ "

" ဘယ်ကလာ မောင်က အရမ်းဝလာတာ. . နင့်ထက် တောင်ဝဦးမယ်. . ငွေရှာပြီး သူ့ကျန်းမာရေးမကောင်းရင် ငါတ လုပ်မပေးနိုင်ဘူးဟဲ့. . သူ့စမော်လ်တွေလည်း သူ့ပစ်ပြေးမှာ ပဲ. . အဲဒါကြောင့် အာပေါက်အောင်ပြောနေရတာ . . "

ချယ်ရီပြောနေတာက စာတပိုဒ်ကို နှုတ်တိုက်ချွတ်နေတဲ့ ဝင်ဖြစ်သည်။ ဘာနာကျည်းမှုမှမပေါ်သော အသံဖြင့်ပြောနေ ခြင်းဖြစ်သည်။

" သားသမီးဆိုတာကတော့ ဟယ်. . မိဘရှိရင်ကပ်ခွာ စားမှာဟ. . မရှိရင် ယောက်ကျားယူ မိန်းမယူပြီးပစ်ပြေးမှာ . . ငါ့သားသမီးတွေက ဒီတိုင်းပဲ. . "

" နင့်မိဘတွေရော "

" ရှေ့ဆင့်နောက်ဆင့်ပဲဆုံးကုန်ကြပြီ. . သိပ်မကြာခင် ငါတို့အလှည့်ပဲနော်. . ခိုင်လွင် . . မှဝ်တရားစခန်းလေးဘာလေး ဝင်လေ. . ပြင်ဆင်ထားဟ . . အချိန်သိပ်မရှိတော့ဘူး. . နင့်ကို ငါခိုးတုန်းက အချိန်မရှိပေမဲ့. . ခုသေဖို့နင့်မှာ အချိန်ရှိတုန်း ပြင်ဆင်ထား တော်ကြာ ဘီယာဆိုင်မှာ သရဲဖြစ်နေဦးမယ် "



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို "မောင်" ဟုခေါ်သောမိန်းခလေး သေတာ ကြာပြီ။ ဟောင် အောင်ဝေ့ကို မချစ်ဘူးဟု ပြောခဲ့သော မိန်းခလေးသည် ခုတော့ ကျွန်တော့်ကို ခေါ်သလို အောင်ဝေ့ကို "မောင်" ဟု ခေါ်နေခြင်းသည် ကျွန်တော့်စိတ်ကို ကသိကအောက်ဖြစ်စေ ပါသည်။

" ငါသွားတော့မယ်ခိုင်လွင် . . ဟိုဂ္ဂါကားအဖြူလေး . . မောင်းတဲ့နေရာမှာထိုင်နေတာ ငါ့သမီးလေ "

ကျွန်တော်ကို ချယ်ရီပြသောနေရာသို့ ကြည့်လိုက်သော အခါ ချယ်ရီငယ်စဉ်တလိုမျက်နှာနှင့် ချယ်ရီအသေးစားလေး တစ်ယောက်ကို အီးယားဖုန်းနားမှာကပ်လျက်တွေ့ရသည်။

" သွားမယ် ခိုင်လွင် "

" အေး . . အေး "

" အိမ်ရောက်ရင် ဝင်လည်ဦးနော် "

× × × × × × × × × × × × ×





အိမ်ပြန်ပြီး မိန်းမကိုဈေးဝယ်လာသောဝက်သားနှင့် ကန်စွန်းရွက်ပေးပြီးနောက် ကျွန်တော့်မိတ်ဆွေတစ်ယောက်နှင့် ဆိုင်တစ်ဆိုင်တွင်ချိန်ထား၍ ပြန်ထွက်ခဲ့သည်။

" တော် . . ဘယ်လဲ . . ကိုခိုင်လွင် "

" အလုပ်ကိစ္စ အရေးကြီးလို့ပါ မိန်းမရာ "

ကျွန်တော် ဆိုင်သို့ရောက်သောအခါ မိတ်ဆွေက ရောက်နှင့်ပြီ။ သူက ကျွန်တော့် Custon.er ထီဆိုင်သူဌေးတစ်ယောက် ဖြစ်သည်။

တစ်လတစ်ခါ ထီအုပ်ဒီဇိုင်းများ အပ်လေ့ရှိပြီး ခင်မင်နေသူ။



www.burmeseclassic.com

www.burmeseclassic.com



" လာမျို့. . ကျွန်တော်ခုပဲရောက်နှင့်နေတာဗျ ကိုခိုင်လွင်ထိုင်. . ခင်ဗျားဘာမှာမလဲ. . ကျွန်တော့်မှာထားနှင့်ပြီ"

ကျွန်တော်တို့နှစ်ယောက် တွေ့ရာလေးပါးပြော၍ စား/သောက် နေစဉ် ချဉ်းကပ်လျက်စားပွဲကို စုံတွဲတစ်တွဲရောက်လာသည်။

ကောင်မလေးက. . ညနေက ချယ်ရီပြသော သူ့သမီး။

တွဲလာသည့် ကောင်လေးက ခပ်လည်လည် ပုံစံမျိုး။

ဝိုင်းချင်းကပ်လျက်မို့. . သူတို့စကားသံတွေ ကြားနေရသည်။

" မောင်တို့အိမ်က အယ်လ်ဇေးရှင်းကြီး ရောင်းလိုက်ပြီလား . . ."

" သဒ္ဒါ ဝယ်မလို့လား "

" မေမေ လေ . . ဝယ်ချင်တယ်လို့ ပြောတာပဲ "

"ဘာလုပ်ဖို့လဲ . . သဒ္ဒါတို့အိမ်မှာ ခွေးတွေရှိတာပဲ "

"အဲဒီခွေးတွေက မကိုက်တတ်ဘူးမောင်ရဲ့. . မေမေက ကိုက်တာမှလိုချင်တာ. . ဖေဖေ့ဆီ ကုမ္ပဏီက Secretary လာလွန်းလို့ အမြင်ကတ်ပြီး ခွေးနဲ့ရှူးတိုက်မလို့တဲ့"



" သဒ္ဒါ မေမေကလဲ . . ခွေးနဲ့များကိုက်ခိုင်းရသေးတယ် . . မသိချင်ဟန်ဆောင်နေလည်းရတာပဲ. . "

" ရှူး. . ဟိုမှာ. . ဟိုမှာ. . ဖေဖေ"

ကျွန်တော်ပါ အဝင်ဝသို့လှမ်းကြည့်လိုက်သောအခါ တစ်ခါက ကျွန်တော့်ရည်းစားလုဘက်အောင်ဝေသည် သူ့ထက် အသက်နှစ်ဆယ်အစိတ်ခန့်ငယ်သော ကောင်မလေးတစ်ယောက် နှင့်တွဲလျက်ဝင်လာသည်။

" သဒ္ဒါတို့ ပြန်ကြရအောင် "

" ဘာဖြစ်လို့လဲ "

" ဖေဖေဝင်လာတာ မတွေ့ဘူးလား "

" ဘာဖြစ်လဲ . . အဖေတောင် တွဲလာတာ သဒ္ဒါက မတွဲရဲစရာဘာရှိလဲ. . "

" ဟုတ်သားပဲ ဒါပေမဲ့. . လိပ်ပြာမသန့်ဘူး "

" ဒါဆို ဆိုင်ပြောင်းကြစို့ "



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ ချယ်ရီတစ်ယောက် အိမ်မှာနေပြီး. . ဘာကြောင့်သေဖို့ချည်း ပြင်ဆင်နေရသလဲဆိုတာ သဘောပေါက်သာသည်။

ချယ်ရီသည် ပြောမပြနိုင်သော အိမ်ထောင်ရေး အရှုပ်အရှင်းတွေကို ဥပေက္ခာပြုလျက် နေဖို့ ကြိုးစားနေတာဖြစ်လိမ့်မည်။

" ကိုခိုင်လွင် . . ခင်ဗျား ဘယ်သူ့ကိုကြည့်နေတာလဲ "

" ကျွန်တော့်မိတ်ဆွေတစ်ယောက်ရဲ့အမျိုးသားပါ "

" ဩော် . အဲဒါမဆန်းပါဘူးဗျာ. . ယောက်ျားဆိုတာ ကိုယ်ချစ်တဲ့မိန်းမနဲ့ ကိုယ်ပေါင်းသင်းတဲ့ မိန်းမတူချင်မှတူတာမျိုးဗျ. . ကဗျာဆန်ဆန်ပြောရရင် အချစ်နဲ့ လက်ထပ်ခြင်းကို အလှည့်ကျစားသုံးတဲ့သူပေါ့ဗျာ. . . "





ကျွန်တော် အောင်ဝေ့ကို အပြစ်မတင်ပါ။

ကျွန်တော်ကိုယ်တိုင်ပင် အောင်ဝေနှင့်အတူတူပင်မဟုတ်ပါလား။

အချစ်နဲ့ လက်ထပ်ခြင်းကို အလှည့်ကျစားသုံးသူများထဲတွင် ကျွန်တော်လည်းပါဝင်သူဖြစ်လေသည်။

သို့သော် အချစ်က ကိန်းသေမဟုတ်။

အမြဲ ပုံသဏ္ဍာန်ပြောင်းလဲနိုင်သော . . . ပြောင်းလဲလျက်ရှိသော တစ္ဆေဖြစ်ပါသည်။

× × × × × × × × × × × ×

မြလွန်းချို (ဆေးတက္ကသိုလ်)

22/7/2004

ten after six p.m



www.burmeseclassic.com